စစ်ကိုင်းရွှေဟင်္သာ ဆရာတော်ကြီး အန္တိမဈာပနပူဇာပွဲ
စစ်ကိုင်းတောင်ရိုး၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်
သဲကုန်းဆရာတော်, သပိတ်အိုင်ဆရာတော်, သီတဂူဆရာတော်

# သီတဂူအရှင်ဉာဏိဿရ

၏

# ဝေဒနာကို သည်းခံခြင်း



၄

အရှင်အာစာရာလင်္ကာရ (စစ်ကိုင်းရွှေဟင်္သာ)
စီစဉ် တည်းဖြတ် ပူဇော်သည်။

အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု,
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက,
ရွှေကျင်နိကာယသာသနာပိုင်
စစ်ကိုင်းရွှေဟင်္သာဆရာတော်ဘုရားကြီး၏
အန္တိမဈာပန သာဓုကီဠန ပူဇာပွဲသဘင်၌

**စစ်ကိုင်းတောင်ရိုး သဒ္ဓမ္မသီတဂူချောင်**

**သံကုန်း သပိတ်အိုင်ဆရာတော်**

# သီတဂူအရှင်ဉာဏိဿရ

ဟောကြားတော်မူသော

# ဝေဒနာကို သည်းခံခြင်း

**(မဟာပရိနိဗ္ဗာနသုတ္တန် တရားတော်)**

သီတဂူဆရာတော်ဘုရား၏ ခွင့်ပြုချက်ဖြင့်
အရှင်အာဆာရလင်္ကာရ (စစ်ကိုင်း ရွှေဟင်္သာ) မှ စီစဉ် တည်းဖြတ် ပူဇော်သည်။

၂၉၁၆

# ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | - ၁၁၄/၂၀၀၁(၂) |
| အဖုံးခွင့်ပြုချက်အမှတ် | - ၁၂၇/၂၀၀၁(၂) |
| ထုတ်ဝေကာလ | - ၂၀၀၁၊ ဧပြီလ |
| အကြိမ် | - ပထမအကြိမ် |
| အုပ်ရေ | - ၁၀၀၀ |
| ကွန်ပျူတာစာစီ | - မင်းမင်းကျော် ကွန်ပျူတာ၊ စစ်ကိုင်းမြို့။ |
| အတွင်းဖလင် | - မှူးဂျိကို၊ အော့ဖ်ဆက်ဖလင် ပုံနှိပ်အကျိုးဆောင်၊ ၁၃၅၊ ၄၈လမ်းအထက်၊ ဖုံး-၂၀၂၈၂၈ |
| စာအုပ်ချုပ် | - မှူးဂျိကို၊ ဖုံး-၂၀၂၈၂၈ |
| မျက်နှာဖုံးဒီဇိုင်း | - သန်းမြင့်အောင် |
| ထုတ်ဝေသူ | - ဒေါ်ရွှေအိမ်၊ တိုင်းလင်း စာပေ။ စော်ဘွားကြီးကုန်း၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - ဦးသန်းဝင်း၊ လမင်း ပုံနှိပ်တိုက်၊ (၃၂)လမ်း (လယ်)၊ ရန်ကုန်မြို့။ |
| ဖြန့်ချိရေး | - မနီလာညွန့်၊ သစ္စာမဏ္ဍိုင်စာပေ၊ အမှတ် (၂-၃-၆၂-၆၃)၊ ရွှေတိဂုံ တောင်ဘက်မုခ်၊ ရန်ကုန်မြို့။ ဖုန်း-၂၈၁၄၃၁၊ ၅၄၈၄၅၈ |


**တန်ဖိုး - ၃၀၀ ကျပ်**

အများအကျိုး ၊ ရွက်သည်ပိုးက
ကိုယ့်ကျိုးကိုယ့်တာ ၊ အမြဲပါ၏။

ဇာတိ၌ဖြစ်ရ ၊ ဤလောကဝယ်
ဘဝသမိုင်း ၊ မရှိုင်းစေရန်
စိတ်ဓာတ်မှ ၊ ဓာနမယ်
တို့ဖွံ့ရာမြင့် ၊ တို့သာသနာ
တို့မြေရွာကို ၊ သာယာစေမှု
လို့လမြဲအံ့…။

# ( သဲကုန်း သစ်တိတ်အိုင် ) သီတဂူဆရာတော်ဘုရားက ကျေးဇူးတော်ရှင် သက်တော်ရှည် အဂ္ဂါသီဝေ ရွှေကျင်သာသနာပိုင် ခမ်ကိုင်းရွှေဟသာ ဆရာတော်ဘုရားကြီးအား ဝုတ်ပြုချီးကျူး ပူဇော်သော တရားတော်များ

၁။ **ကာယပဝုတ်ရည် တရားတော်**

(ရွှေဟသာဆရာတော်ဘုရားကြီး၏ သက်တော်–၁၀၀–နှစ်ပြည့် မွေးနေ့ပူဇော်ပွဲတွင် ဟောကြားအပ်သော တရားတော်)

၂။ **တရားဆောင့်သူကို အကြောင်း တရားတော်**

(ရွှေဟသာဆရာတော်ဘုရားကြီး၏ သက်တော်–၁၀၁–နှစ်ပြည့် မွေးနေ့ပူဇော်ပွဲတွင် ဟောကြားအပ်သော တရားတော်)

၃။ **စေဒနာကို သည်းခံခြင်း တရားတော်**

(ရွှေဟသာဆရာတော်ဘုရားကြီး၏ လွန်တော်မူသည့် အန္တိမဈာပန သာဓုကီဠနပူဇာပွဲတွင် ဟောကြားအပ်သော တရားတော်)

၄။ **မမေ့အပ်သော လေးနေရာ တရားတော်**

(ရွှေဟသာဆရာတော်ဘုရားကြီး၏ သက်တော်–၁၀၃–နှစ် မွေးနေ့ အထိမ်းအမှတ် ပူဇော်ပွဲတွင် ဟောကြားအပ်သော တရားတော်)

၅။ **ပညာမြတ်ချက်ကို ပူဇော်ခြင်း တရားတော်**

(ရွှေဟသာဆရာတော်ဘုရားကြီး၏ သက်တော်–၁၀၄–နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်ပူဇော်ပွဲတွင် ဟောကြားအပ်သော တရားတော်)

၆။ **သံဃာ့ဝုတ်ရည် တရားတော်**

(ရွှေဟသာဆရာတော်ဘုရားကြီး၏ အမေရိကန်နိုင်ငံသို့ ဓမ္မဒူတခရီး ကြွတော်မူခိုက် အမေရိကန်နိုင်ငံတွင် ရွှေဟသာဆရာတော်ဘုရားကြီး အား ပူဇော်ပွဲ၌ ဟောကြားအပ်သော တရားတော်)

# မာတိကာ

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ✿ အရှင်အာစာရာလင်္ကာရ (စစ်ကိုင်း၊ ရွှေဟင်္သာ)၏ နိဒါန်းစကား | ၈ |
| ✿ တရားဖွင့်ပြီ မေတ္တာစည် | ၁၈ |
| ✿ ဓမ္မသဘင် စတင်ပါပြီ | ၂၀ |
| ✿ သာဓုကီဠန ဆိုသည်မှာ | ၂၀ |
| ✿ နောက်ဆုံးအချိန် ဟောသုံးကြိမ် | ၂၃ |
| ✿ အာနန်ထေရ်ရှင် ငိုပွဲဆင် | ၂၅ |
| ✿ ချစ်သားအာနန္ဒာ လာခဲ့ပါ | ၂၇ |
| ✿ စောစောကတည်းက ပြောခဲ့လှုပြီ | ၂၉ |
| ✿ မြတ်ဗုဒ္ဓလည်း ပျက်မှာပဲ | ၃၃ |
| ✿ ဝေဒနာဖြစ်လာ ဒီလိုခွါ | ၃၅ |
| ✿ ရှင်လန်းစိတ်နဲ့ သည်းခံခဲ့ | ၃၈ |
| ✿ ပဓာနအလုပ် ရှာဖွေလုပ် | ၄၁ |
| ✿ ဆန္ဒထေရ်နှင့် ဘယ်သို့ကျင့် | ၄၅ |
| ✿ အမျိုးသမီးများနှင့် ဘယ်သို့ကျင့် | ၄၇ |
| ✿ နောက်ဆုံးညွှန်ကြား လမ်းညွှန်များ | ၄၈ |

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ❁ ပူဇော်ပွဲကို မျက်နှာလွှဲ အနှစ်သာရပဲလုပ် | ၅၁ |
| ❁ ပညာရှိတွေ ဆောင်ရွက်နေ | ၅၄ |
| ❁ သာရတ္ထမှာတမ်း လမ်းညွှန်ကျမ်း | ၅၆ |
| ❁ ပြောပြခဲ့ပါ ပူဇော်မှာ | ၅၈ |
| ❁ စေတီတည်ခြင်း ရည်ရွယ်ရင်း | ၆၀ |
| ❁ ဇကြဲ့ဝဋ္ဌာအနှံ့ ဓာတ်တော်ပျံ့ | ၆၁ |
| ❁ အရိုးပြာရေမျှော သူတို့သဘော | ၆၃ |
| ❁ တိမ်နှယ်လွင့်ပျံ ဆုံးမသံ | ၆၅ |
| ❁ လောကဆရာ မြတ်ကျမ်းစာ | ၆၉ |
| ❁ ဟောသံမစဲ ရှိနေမြဲ | ၇၂ |
| ❁ ပုဂ္ဂိုလ်ထူးက ခွင့်ပြုရ | ၇၅ |
| ❁ နောက်ဆုံးစကား သတိထား | ၇၉ |
| ❁ ဈာန်စဉ့်ကိုးဆက် ဝင်စားလျက် | ၇၉ |
| ❁ နိဗ္ဗာနသမာပတ်ဆိုတာ ဒီလိုပါ | ၈၁ |
| ❁ မိတ်ဆွေချစ်ရယ် ခွဲတော့မယ် | ၈၅ |
| ❁ နိဗ္ဗူစံပြီ ရှုမအီ | ၈၆ |
| ❁ နတ်ပြဟ္မာတွေ ကြွပ်သိပ်နေ | ၈၉ |
| ❁ သိကြားမင်း၏ သံဝေဂဥဒါန်း | ၉၁ |
| ❁ သဟမ္ပတိ ရွတ်သည့်ပူဇာ မြတ်ဂါထာ | ၉၂ |
| ❁ ငါသွားတော့မည် စိတ်ကာရည်လျက် | ၉၅ |

## မာတိကာ



အကြောင်းအရာ စာမျက်နှာ


- ဆီခန်းသည့်မီး ငြိမ်းသည့်နည်း ……… ၉၇
- အစွန်းနှစ်ဖက် လွတ်မြောက်လျက် ……… ၁၀၀
- ဝမ်းနည်းစိတ်ပို မြေကြီးငို ……… ၁၀၂
- အရှက်မဲ့ကင်း ရှင်သေမင်း ……… ၁၀၃
- သေရမယ့်ဘေး ကြိုတင်တွေး ……… ၁၀၅
- ကိုယ်စားလှယ်အလား ပူဇော်သွား ……… ၁၀၈
- မလ္လိကာရဲ့ ပူဇော်ခြင်း ……… ၁၁၀
- လျှံတက်ကော်ရော် မီးပူဇော်သည် ……… ၁၁၁
- မွေတော်ရှစ်စိတ် ကြွင်းတယ်ကို ……… ၁၁၂
- တပ်တော်ကြီးချီ လုကြမည် ……… ၁၁၃
- ဒေါဏဆရာ ပြောတာနှစ်ခွန်း ……… ၁၁၆
- ဓာတ်တော်ဝေပွဲ ငြိမ့်ငြိမ့်သဲ ……… ၁၁၈
- ပွဲတော်နောက်မှ ဓာတ်လမ်းများ ……… ၁၁၉
- စွယ်တော်သမိုင်း ကျမ်းညှိနှိုင်း ……… ၁၂၀
- ရွှေရောင်လွှမ်းတဲ့မြေ ……… ၁၂၄
- မြတ်စွယ်တော်စေတီ ……… ၁၂၇
- လောကတစ်ခွင် အလှဆင် ……… ၁၂၈
- ဗုဒ္ဓလေးမျိုး မြဲရှိခိုးကြ ……… ၁၂၉
- မင်းမင်းပူဇော် မြတ်ရှင်တော် ……… ၁၃၀
- မေတ္တာနိဂုံးနဲ့ ပြီးဆုံးပါပြီ ……… ၁၃၂
- အန္တိမဈာပနကျင်းပပူဇော်သည့်နေ့လည်ပိုင်းဟောပြောချက် ၁၃၄

## အရှင်အာစာရလင်္ကာရ (ခစ်ကိုင်း၊ ရွှေဟင်္သာ) ၏ နိဒါန်းစကား

### ဝပ်တွား ကန်တော့ ကျွန်မာန်လျှော့

မှတ်မှတ်ရရ…

၁၉၉၉ခုနှစ်၊ ဒီဇင်ဘာလ (၁၈)ရက်နေ့ မနက်(၉)နာရီအချိန်တွင် သီတဂူဆရာတော်ဘုရားထံ စာရေးသူ အကန်တော့ ရောက်ခဲ့ပါသည်၊ ကန်တော့အပြီး ဆရာတော်ဘုရားက ဩဝါဒစကား မိန့်ကြားတော်မူပြီးနောက် ဆရာတော့်ထံ ခွင့်နှစ်ရပ် ပန်ကြားခဲ့ပါသည်၊

### ခွင့်ပန်စကား ပန်လျှောက်ထား

တစ်ခုမှာ…မိမိရေးသား ရိုက်နှိပ်တိုင်းသော စာအုပ်များ၏ ရှေ့စာမျက်နှာတိုင်းတွင် သီတဂူဆရာတော့် သီတဂူအဓိဋ္ဌာန် ကဗျာကို ပုံနှိပ်ဖော်ပြခွင့်ပြုရန်ဖြစ်ပြီး နောက်တစ်ခုမှာ… ရွှေဟင်္သာ ဆရာတော်ဘုရားကြီးအား "ဂုဏ်ပြုတရားတော်"များကို အမှတ်တရ စာအုပ်အဖြစ် ပုံနှိပ်ခွင့်ပြုရန် ဖြစ်ပါသည်၊

## ကြည်ဖြူနှစ်သက် ခွင့်ပြုလျက်

သီတဂူဆရာတော်ဘုရားသည် ခွင့်တောင်းချက် နှစ်ရပ်စလုံးကိုပင် လိုလိုလားလား, နှစ်နှစ်သက်သက်, ကျေကျေနပ်နပ်, ကြည်ကြည်ဖြူဖြူ (သဘောထား ကြီးမြတ်သူပီပီ) ခွင့်ပြုတော်မူခဲ့ပါသည်၊

## ဩဝါဒစကား မိန့်မြွက်ကြား

ထို့ပြင် သီတဂူအဓိဋ္ဌာန် ကဗျာ၏ အပေါ်မှာ ''ရွှေဟင်္သာ ဆရာတော်ဘုရားကြီး ဩဝါဒလက်ဘာ''ကို ထည့်သွင်းဖော်ပြစေလိုကြောင်း, တရားတော်၏ မူရင်းပါဠိတော် နာမည်များအစား မြန်မာ အမည်ခေါင်းစဉ် များ တပ်ပေးဖို့လိုကြောင်း, လူတိုင်း ပရဟိတစိတ်ဓါတ် ရှိကြဖို့လို ကြောင်း, မြတ်ဗုဒ္ဓသည် စံပြပရဟိတ ဆောင်ရွက်သူဖြစ်ကြောင်း, မြတ်ဗုဒ္ဓ ၏ ''ဂေါတမီ...သံဃာအားသာ လှူပါ'' ဆိုသော စကားနှင့် သက္ကတ နီတိလာ နွားမ, မြစ်, ချောင်း, သစ်ပင်လို ကျင့်ပါ'' ဟူသော စကား, ''ရွှေဟင်္သာဆရာတော်၏ အများအကျိုး, ရွက်သည် ပိုးက'' စသော ဩဝါဒစကား, သီတဂူအဓိဋ္ဌာန်ကဗျာတို့မှာ ရည်ရွယ်ချက်တစ်ထပ်တည်း ဖြစ်ကြကြောင်း။

မြတ်ဗုဒ္ဓသာသနာတော်ကို တကယ် ဖြန့်ဝေဖို့ဆိုလျှင် အားလုံး ဒီ့ထက် ပိုမို ကြိုးစားကြရဦးမှာ ဖြစ်ကြောင်း, ဘာသန္တရစာပေကို ရဟန်း တော်များ မဖြစ်မနေ သင်ကြားကြဖို့ လိုအပ်ကြောင်း, တရားဓမ္မကို ဟောကြားရာဝယ် နားထောင်ကောင်းရုံထက် နားလည်သဘောပေါက် အောင် စေတနာထား ဟောပြဖို့လိုအပ်ကြောင်း,

ဘုန်းကျက်သရေ ဆိုသည်မှာ အသိပညာကို အရင်းခံပြီး လုံ့လကြီးစွာဖြင့် ကောင်းကျိုး ရအောင် ဆောင်ရွက်နေသူ၏ နောက်သို့ အရိပ်ပမာ ထပ်ချပ်မကွာ လိုက်ပါနေတတ်သည်မှာ ဓမ္မတာပင် ဖြစ်ကြောင်း, သူတော်ကောင်း စိတ်ဓါတ် ဆိုသည်မှာ အလိုလိုနေရင်း ရလာမှာ မဟုတ်ဘဲ တမင် လေ့ကျင့်ယူမှသာ ရမှာဖြစ်ကြောင်း, စသည့် ''ဘဝလမ်းညွှန် ဩဝါဒကထာ'' များစွာကိုလည်း မိန့်မြွက်တော် မူခဲ့ပါသေးသည်၊

သီတဂူဆရာတော်ဘုရားသည် ''ယထာဝါဒီ, တထာကာရီ'' ''ယထာကာရီ, တထာဝါဒီ'' ''ပြောသလို လုပ်၍'' ''လုပ်သလို ပြော'' တတ်သည့် အာဇာနည် မထေရ်မြတ်တစ်ပါး ဖြစ်ပါလေသည်။

## ဂုဏ်ပြုတရား ဤကြောက်ပါး

သီတဂူဆရာတော်ဘုရားသည် ကျေးဇူးတော်ရှင် (သက်တော်ရှည် အဂ္ဂါဘိဓဇ ရွှေကျင်သာသနာပိုင်) စစ်ကိုင်း ရွှေဟင်္သာဆရာတော် ဘုရားကြီးနှင့် စပ်လျဉ်း၍ ''ဂုဏ်ပြုတရားတော်'' များကို အခွင့်အခါ သင့်တိုင်း ချီးကျူးပူဇော် ဟောကြားခဲ့ရာ ရှာဖွေတွေ့ရှိရသမျှ အောက်ပါ အတိုင်း တရားတော်(၆)ပုဒ် ရှိပါသည်၊

၁၊ **ကာသပဂုဏ်ရည် တရားတော်**

(ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ သက်တော်-၁၀၀-နှစ်ပြည့် မွေးနေ့ပူဇော်ပွဲတွင် ဟောကြားအပ်သော တရားတော်)

ရွှေဟင်္သာ အမှတ်တရစာစဉ်-၄

၂။ **တရားဆောင်သူတို့ အကြောင်း**

(ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ သက်တော်-၁၀၁- နှစ်ပြည့် မွေးနေ့ပူဇော်ပွဲတွင် ဟောကြားအပ်သော တရားတော်)

၃။ **ဝေဒနာကို သည်းခံခြင်း**

(ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ လွန်တော်မူသည့် အနှစ်မစျာပန သာဓုကီဠနပူဇာပွဲတွင် ဟောကြားအပ်သော တရားတော်)

၄။ **မမေ့အပ်သော လေးနေရာ**

(ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ သက်တော်-၁၀၃- နှစ် မွေးနေ့ အထိမ်းအမှတ် ပူဇော်ပွဲတွင် ဟောကြား အပ်သော တရားတော်)

၅။ **ပညာရှိတစ်ဆူကို ပူဇော်ခြင်း**

(ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ သက်တော်-၁၀၄- နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်ပူဇော်ပွဲတွင် ဟောကြား အပ်သော တရားတော်)

၆။ **သံဃာ့ဂုဏ်ရည်**

(ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ အမေရိကန်နိုင်ငံသို့ ဓမ္မဒူတခရီး ကြွတော်မူခိုက် အမေရိကန်နိုင်ငံတွင် ရွှေဟင်္သာဆရာတော်ဘုရားကြီး အား ပူဇော်ပွဲ၌ ဟောကြားအပ်သော တရားတော်) တို့ ဖြစ်ကြပါသည်။

## ရှာဖွေတင်ပြ နာမဝ

အထက်ပါတရားတော်များကို ဟောကြားရန်အတွက် သီတဂူဆရာတော်ဘုရားသည် နိကာယ်အရပ်ရပ်, ပိဋကတ်အဖုံဖုံ, သုတ္တန်အထွေထွေ, ဇာတ်တော်အစုစု, ဝတ္ထုအမျိုးမျိုးတို့မှ ထုတ်နှုတ်လျှက် ရှာရှာဖွေဖွေ တင်ပြပူဇော် ဂုဏ်ပြုထားခြင်း ဖြစ်ပါသည်၊

ဤသို့ ရှာရှာဖွေဖွေ စနစ်တကျ တင်ပြဟောကြား ချီးကျူးပူဇော် အပ်ခြင်းကြောင့်ပင် ဤတရားတော်များကို နာကြားရသူတိုင်းက ကြားနာမဝ, ကြည်နူးမဆုံး ဖြစ်ကြရပါသည်၊

## အချိန်တိုတောင်း မပျောက်ကောင်း

သို့သော်...

အချိန်ကာလ၏ တိုက်စား ရွေ့လျားမှုအရ နှစ်ပေါင်းများစွာပင် မကြာမြင့်သေးသော်ငြား ဤတရားတော်များကို ရှာဖွေရ, ခက်ခဲစပြုနေပေပြီ၊ စင်စစ်...

- ❖ ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ ဂုဏ်ကျေးဇူး တို့သည် ဤမျှ လောက်သော နှစ်ကာလမျှဖြင့် မတိမ်ကော, မပ, ပျောက် စကောင်းချေ၊
- ❖ ထို့ပြင် သီတဂူဆရာတော်ဘုရား၏ ဟောကြားချက် တရားတော်များသည်လည်း လေလှိုင်းများကြားတွင်ပင် အချိန်တိုအတွင်း မပျောက်ကွယ်, မပျက်စီး မဆုံးရှုံး စကောင်းပေ။

## နှုတ်တစ်ရာ စာတစ်လုံး

နှုတ်မှ စကားလုံးပေါင်း တစ်ရာတို့ကို ''စာ'' တစ်လုံးဖြင့် မှတ်တမ်း တင်သင့်သည်။ ''စာလုံးပေါင်းတစ်သောင်း'' ကိုမူ ''ရုပ်ပုံ၊ ဓါတ်ပုံ၊ ပန်းချီကား'' ကောင်းကောင်း တစ်ချပ်ဖြင့် မှတ်တမ်းတင်သင့်သည်။ (နှုတ်တစ်ရာ၊ စာတစ်လုံး၊ စာတစ်သောင်း၊ ရုပ်ကောင်းတစ်ခု) ဟူသော စကားအရ ပျောက်ပျက်သွားခဲ့သည်ရှိသော် အလွန်နှမြောဖွယ်ရာ ကောင်းလှသည့် ဤဟောကြားချက် တရားတော်များကို စာရေးသူက ကူးယူ၊ ရေးသား၊ ပြင်ဆင်၊ တည်းဖြတ်၊ မှတ်တမ်းတင်လိုက်ရခြင်း ဖြစ်ပါသည်၊

ယခုကဲ့သို့ စာအုပ်အဖြစ် မှတ်တမ်းတင်လိုက်သည့် အတွက်ကြောင့် ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ တပည့်သာဝကများ အနေနှင့် ကြည်နူးကျေနပ်ကြမှာ ဖြစ်သလို သီတဂူစာဖတ်ပရိသတ် အနေနှင့်လည်း အားရ ဝမ်းမြောက်ကြလိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါသည်၊

## မူရင်းထုတ်ပြန် ဤသုတ္တန်

ဤ ဝေဒနာကို သည်းခံခြင်း တရားတော်၏ မူရင်းပဓာနသုတ္တန်မှာ သုတ္တန်ပိဋကတ် ဒီဃနိကာယ်သုတ်မဟာဝါ ပါဠိတော်၌လာရှိသည့် မဟာပရိနိဗ္ဗာန်သုတ်တော်ကြီး ဖြစ်ပါသည်။

ယင်းသုတ်တော်ကြီးသည် ဒီမိုင်းဆိုက်ဖြင့် ပါဠိတော်ချည်း သက်သက်ပင် စာမျက်နှာပေါင်း (၇၇)မျက်နှာ ရှိသည့် အလွန် ကျယ်ဝန်းသည့် သုတ္တန်ကြီး ဖြစ်ပါသည်။

ထိုသုတ္တန်ကြီးတွင် အလွန်တရာ ကျယ်ဝန်းများပြားသည့် အချက်အလက်ပေါင်းများစွာတို့ကို တစ်စုတစ်စည်းတည်း ဖော်ပြထားသည့် အပြင် ဗုဒ္ဓမြတ်စွာ၏ ဘဝတစ်ဖာတ် ချုပ်ငြိမ်း၍ ရုပ်သိမ်းကာ ပရိနိဗ္ဗာန် ဝင်စံတော်မူသည့် အကြောင်းအရာများကို လွမ်းဆွတ်ဖွယ်ရာ, မှတ်သားဖွယ်ရာ, သံဝေဂရဖွယ်ရာ, ကြည်ညိုစရာ, ကြည်နူးဝမ်းမြောက်စရာ, အံ့သြစရာ, ကြောက်လန့်စရာ, စသည့် ရသစုံရောပြွမ်းသည့် မှတ်တမ်းတင် ဇာတ်လမ်းရှည်ကြီး ဖြစ်ပါသည်။

ကျေးဇူးတော်ရှင် ရွှေဟင်္သာဆရာတော်ဘုရားကြီးသည် ပျံလွန်တော်မမူမီ (၁၅)နှစ်ခန့်ကပင် ကြိုတင်၍ မိမိ ပျံလွန်တော်မူသော အခါ စျာပနကိစ္စ အဝဝကို မည်ကဲ့သို့ ဆောင်ရွက်ရစ်ကြစေလိုကြောင်း အချက်ပေါင်း(၁၃)ချက်ကို ထေရုပ္ပတ္တိ စာအုပ်ကြီး၌ ရေးသားကာ မှတ်တမ်းတင်ထားခဲ့ရာ ယင်းမှတ်တမ်းနှင့် ဆီလျော်ရာ ဆီလျော်ရာ အချက်အလက်များရွေးထုတ်လျက် မဟာပရိနိဗ္ဗာနသုတ္တန်လာ ပါဠိတော်ကြီးများနှင့် ညှိနှိုင်း ညှိနှိုင်းကာ တစ်ချက်ချင်း ရှင်းလင်း ဟောပြတော်မူသော တရားတော် ဖြစ်ပါသည်။

## များလှ အစိပ္ပါယ် အသွယ်သွယ်

သီတဂူဆရာတော်ဘုရားသည် တရားတော်ကို ဆန်းကြယ်စွာ, ရှင်းလင်းစွာ, ပီပြင်ပြတ်သားစွာဖြင့် နည်းမျိုးစုံ ရှုထောင့်ပေါင်းစုံမှ ဟောပြောပြသတတ်သူပီပီ ဤမျှ များပြားကျယ်ဝန်းသော သုတ္တန်ကြီး ကိုပင် သီတဂူဆရာတော်ဘုရား၏ ဟောကြားချက် တရားတော်တွင်မူ

သူတော်ကောင်းတို့၏ ပျော်ရွှင်ခြင်း သာဓုကီဠနဆိုသော စကားရပ်၏ အဓိပ္ပါယ်အကျယ်, မြတ်ဗုဒ္ဓသည် ပရိနိဗ္ဗာန်စံဝင်ခါနီးမှာပင် တရား (၃)ကြိမ်တိုင်တိုင် ဟောပြခဲ့သည်ဆိုသည့်အကြောင်း, ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်ဝင်စံတော့မည်ဆိုတာကို သိရသဖြင့် ကျူကျူပါအောင် ငိုကြွေးနေရှာသော အရှင်အာနန္ဒာမထေရ်အား နှိမ့်သိမ့်အားပေးခဲ့သည့် စကားများအကြောင်း,

ဗုဒ္ဓမြတ်စွာသည် အလွန်တရာပြင်းထန်သည့် သေလောက်သော သွေးဝမ်းသွန်ရောဂါဝေဒနာဒဏ်ကို မည်ကဲ့သို့ သည်းခံတော်မူခဲ့သည် ဆိုသည့်အကြောင်း, အရှင်အာနန္ဒာမထေရ်မြတ်က ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံလျှင် ဘယ်ပုံဘယ်နည်းဖြင့် ပူဇော်ရပါမလဲဟု မေးသောအခါ ဗုဒ္ဓမြတ်စွာက မှာခဲ့သည့် စကားနှစ်ရပ်အကြောင်း,

သာသနာတော်တွင် နေနေသမျှ အမျိုးသမီးများနှင့် အဘယ်ကဲ့သို့ ဆက်ဆံကျင့်သုံးရမည်ဆိုသည့်အကြောင်း, ဗုဒ္ဓမြတ်စွာနှင့် စကြဝတေးမင်းတို့၏ နောက်ဆုံးနေ့တွင် အဘယ်သို့ အဘယ်ပုံ ပူဇော်ရမည့် ဆိုသည့် အကြောင်း, ဤကမ္ဘာလောက၌ စေတီပုထိုးများ တည်ထားရခြင်း၏ ရည်ရွယ်ချက်များ,

အိန္ဒိယပြည်မှ နိုင်ငံခေါင်းဆောင်များ၏ အရိုးပြာများကို ရေမျှောခြင်း ကောင်းကင်မှ ကြဲချခြင်းများ၏ ရည်ရွယ်ချက်, နိရောဓသမာပတ်၏ အဓိပ္ပါယ်, ဗုဒ္ဓမြတ်စွာသည် ပရိနိဗ္ဗာန်ဝင်စံခါနီး စျာန်သမာပတ်များကို အထပ်အထပ်အခါ ဝင်စားရခြင်း၏ အကြောင်းရင်း, ဗုဒ္ဓ ပရိနိဗ္ဗာန် စံပြီဆိုသောအခါ သကြားမင်း သဟမ္ပတိဗြဟ္မာ အရှင်အနုရုဒ္ဓါနှင့် အရှင်

အာနန္ဒာတို့၏ သံဝေဂ ဥဒါန်းဂါထာများ၊ သေခြင်းတရား၏ အရှက်ကင်းမဲ့ပုံနှင့် အကြောက်အရွံ့ မရှိပုံအကြောင်း၊ ဗုဒ္ဓ၏ ကိုယ်တော်မှ ဓာတ်တော်တစ်တင်း ကြွင်းကျန်ရစ်သောအခါ တပ်တော်ကြီးချီ လုကြမည်ဟု ရှစ်ပြည်ထောင် စစ်တပ်ကြီး ချီလာကြရာ၌ ဒေါဏဆရာကြီး ပြောသည့် စကားနှစ်ခွန်း၊

ငြိမ့်ငြိမ့်သဲ စည်ကားလှစွာသော ဓါတ်တော်ဝေပွဲ၏ နောက်ကွယ်မှ ဇာတ်လမ်းများ၊ စွယ်တော်(၄)ဆူ၏ သမိုင်းအကျဉ်းနှင့် ယနေ့ စွယ်တော်စေတီ(၄)ဆူရှိရာ ပထဝီအနေအထား၊ ရွှေရောင်လွှမ်းသည့်မြေကို စေတီတော် ပုထိုးတော်များ တည်ထားကိုးကွယ်ခြင်းဖြင့် လောကတစ်ခွင် အလှ ဆင်ကြရမည့်အကြောင်း၊

စသဖြင့် ဖွင့်ဆိုရှင်းလင်း ဟောပြတော်မူသွားသည်မှာ သီတဂူဆရာတော်ဘုရား၏ ဓမ္မစွမ်းအင်များကို ပြက်ပြက်ထင်ထင် သိမြင်ကြည်ညိုနိုင်ကြမည့်အပြင် ကျေးဇူးတော်ရှင် ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ ဂုဏ်တော်အဝဝကိုလည်း ကြည်ညိုနိုင်ကြမည် ဖြစ်ပါသည်။

စာဖတ်သူများအနေနှင့် တရားအသိဉာဏ် ဗဟုသုတတိုးပွါးပြီး သာသနာတော်၌ သဒ္ဓါကြည်ညိုစိတ်များ ဖြစ်ပွါးရသည်ဆိုပါလျှင် စီစဉ်တည်းဖြတ် ထုတ်ဝေပူဇော်ရသူ မိမိအနေဖြင့် ကျေနပ် ကြည်နူးရပါမည်။

## တောင်းပန် စကား ပြောကြားထား

စာရေးသူသည် အနည်းငယ်မျှသော အသိပညာ၊ အတတ်ပညာမှအပ အခြားဘာမျှပြည့်စုံ ကြွယ်ဝသူ မဟုတ်ပေ၊

ရွှေဟင်္သာ အမှတ်တရစာစဉ်–၄

သို့သော် ကျေးဇူးတော်ရှင် ရွှေဟင်္သာဆရာတော်ဘုရားကြီးနှင့် သီတဂူဆရာတော်ဘုရား နှစ်ပါးတို့အား ကြည်ညိုသဒ္ဓါစိတ် အရင်းခံဖြင့် မှတ်တမ်းမှတ်ရာများ မပျောက်ပျက်ရလေအောင် နိုင်ရာဟာဝန်ကို တစ်ဖက်တစ်လမ်းမှ ထမ်းဆောင်ခြင်းမျှသာ ဖြစ်ပါ၍ အမှားအယွင်း ရှိပါက ခွင့်ပြုတော်မူကြပါရန် တောင်းပန်စကား ပြောကြားအပ်ပါသည်၊

## ကျေးဇူးတင်သည့် အလီလီ

ဤတရားတော်စာအုပ် ရိုက်နှိပ် ခွင့်ပြုတော်မူသည့် **သီတဂူဆရာတော်ဘုရားအားငှင်း**, မူကြမ်းရေးကူးပေးသည့် **အရှင်စန္ဒိမာ (ဓမ္မာစရိယတန်း၊ စစ်ကိုင်းရွှေဟင်္သာ)**နှင့် စာအုပ်ဖြစ်အောင် ဆောင်ရွက်ပေးသည် **အရှင်တေဇာနန္ဒ (ဓမ္မာစရိယ၊ရန်ကုန်)** တို့အား အထူး ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင် အပ်ပါသည်။

### အရှင်အာစာရာလင်္ကာရ (စစ်ကိုင်း၊ ရွှေဟင်္သာ)

သကျသီဟ သာမဏေကျော်၊ ဓမ္မာစရိယ၊ သိရီပဝရဓမ္မာစရိယ၊
ဝိနယဝိဒူ၊ အင်္ဂုတ္တရနိကာယဝိဒူ၊ ဒီဃနိကာယဝိဒူ၊ မဇ္ဈိမနိကာယဝိဒူ
(၁၇-၁၁-၂၀၀၀)

## တရားဖွင့်ပြီ မေတ္တာစည်

မေတ္တာနိသာကရော လောကေ၊
သမ္မာ ဘာတု သုခံကရော။
မေတ္တာသီတလ ရံသီဟိ၊
သုခန္တို ဖုသိတာ ပဇာ။

လောကေ၊ သတ္တဝါအလီလီ၊ နိမ့်ပေါလတ်, လောကဓာတ် ကမ္ဘာ အတွင်း၌။ မေတ္တာနိသာကရော၊ မေတ္တာအေးလူ, ဖွေးဖြူပဝင်း, ငွေလမင်းကြီးသည်။ သမ္မာ၊ သတ္တဝါတစ်တွေ, အေးမြစေဟု, အသရေ ရွှန်းကာ ကောင်းမွန်စွာ။ သုခံကရော၊ သူလည်းဝမ်းသာ, ငါလည်းရွှင်ပြုံး, နှလုံးစိတ်ဝမ်း, လန်းလာယခု, ချမ်းသာကိုပြုလျက်။ ဘာတု၊ ရန်လည်း ကင်းဝေး, ဘေးလည်းမခ, အအေးရဖို့, ရွှန်းမြအသရေ ထွန်းပပါစေ သတည်း။

ရွှေဟင်္သာ အမှတ်တရစာစဉ်-၄

**မေတ္တာသီတလရံသီဟိ**၊ မေတ္တာဖွေးလျှပ်, အအေးဓာတ်ဆောင်သည့်, အရောင်အဝါတို့ဖြင့်။ **မေတ္တာသီတလရံသီဟိ**၊ မေတ္တာဖွေးလျှပ်, အအေးဓာတ်ဆောင်သည့်, အရောင်အဝါတို့သည်။ **ဖုသိတာ**၊ အဖုံဖုံလွှမ်း, ထုံးမွှမ်းမလပ်, တွေ့ထိအပ်ကုန်သော။ **ပဇာ**၊ ကမ္ဘာ့ခေတ်ဖွဲ့, အပြည်ပြည်၌, တည်နေများစွာ, သတ္တဝါတို့သည်။ **သုခန္တု**၊ ကိုယ်စိတ်အေးကာ, ဘေးရန်ကွာ၍, ဝမ်းသာတကွ, ချမ်းသာကြပါစေကုန်သတည်း။

သာဓု...သာဓု...သာဓုပါ ဘုရား

အားလုံးသော တရားချစ်ခင် သူတော်စင်များ, သုံးဆယ့်တစ်ဘုံ အရပ်ဆယ်မျက်နှာ အနန္တစကြဝဠာမှာ ရှိကြတဲ့ အနန္တသတ္တဝါတွေ ဘေးရန်ကင်းကြစေဖို့ ဆင်းရဲကင်းကြစေဖို့ ကိုယ်စိတ်နှစ်ပါး ချမ်းသာခြင်းနှင့် ပြည့်စုံကြစေဖို့ မေတ္တာဓာတ်တွေ ပို့လွှတ်ကြရအောင်...


- ကိုယ်စိတ်နှစ်ဖြာ၊ ဘေးရန်ကွာ၊ ချမ်းသာကြပါစေ။
- မေတ္တာနှလုံး၊ ကိုယ်စီသုံး၊ ရွှင်ပြုံးကြပါစေ။
- မေတ္တာရန်သူ၊ ဒေါသမူ၊ အပူကင်းပါစေ။
- မေတ္တာရေစမ်း၊ ကိုယ်စီဖြန်း၊ အေးချမ်းကြပါစေ။
- ခန္တီ၏ရန်၊ ဒေါသမာန်၊ တွန်းလှန်နိုင်ပါစေ။
- တို့မေတ္တာစွမ်း၊ ကမ္ဘာလွှမ်း၊ ငြိမ်းချမ်းကြပါစေ။

မေတ္တာနိဿာကရော လောကေ၊
သမ္မာ ဘာတု သုခံကရော။
မေတ္တာသီတလ ရံသီဟိ၊
သုခန္တု ဖုသိတာ ပဇာ။

လောကေ၊ သတ္တဝါအလီလီ, နိုမှိုပေါလတ်, လောကဓာတ် ကမ္ဘာ အတွင်း၌။ **မေတ္တာနိဿာကရော**၊ မေတ္တာအေးလူ, ဖွေးဖြူပဝင်း, ငွေလမင်းကြီးသည်။ **သမ္မာ**၊ သတ္တဝါတစ်တွေ, အေးမြစေဟု, အသရေ ရှုန်းကာ ကောင်းမွန်စွာ။ **သုခံကရော**၊ သူလည်းဝမ်းသာ, ငါလည်းရွှင်ပြုံး, နှလုံးစိတ်ဝမ်း, လန်းလာယခု, ချမ်းသာကိုပြုလျက်။ **ဘာတု**၊ ရန်လည်း ကင်းဝေး, ဘေးလည်းမခ, အအေးရဖို့, ရွှန်းမြအသရေ ထွန်းပပါစေ သတည်း။

**မေတ္တာသီတလရံသီဟိ**၊ မေတ္တာဖွေးလျှပ်, အအေးဓာတ်ဆောင် သည့် အရောင်အဝါတို့ဖြင့်။ **မေတ္တာသီတလရံသီဟိ**၊ မေတ္တာဖွေးလျှပ်, အအေးဓာတ်ဆောင်သည့် အရောင်အဝါတို့သည်။ **ဖုသိတာ**၊ အဖုံဖုံလွှမ်း, ယုံးမွမ်းမလပ်, တွေ့ထိအပ်ကုန်သော။ **ပဇာ**၊ ကမ္ဘာ့ခေတ်ဗွေ, အပြည်ပြည်၌, တည်နေများစွာ, သတ္တဝါတို့သည်။ **သုခန္တု**၊ ကိုယ်စိတ် အေးကာ, ဘေးရန်ကွာ၍, ဝမ်းသာတကွ, ချမ်းသာကြပါစေကုန်သတည်း။

သာဓု...သာဓု...သာဓုပါ ဘုရား



## ဓမ္မသဘင် စ တင်ပါပြီ

၁၃၅၇–ခုနှစ်, သီတင်းကျွတ်လပြည့်ကျော်(၈)ရက်, ညချမ်းကာလ (၇)နာရီ မိနစ်(၃၀)တိတိ အချိန်မှ စတင်လို့ စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာ တိုက်သစ်ကျောင်းတိုက်ကြီး အတွင်းမှာ နှစ်ပေါင်း(၁၀၂)နှစ်တို့ကာလ ပတ်လုံး ကုလရိယာပထ မျှတရွှင်ပြုံး သီတင်းသုံးနေတော်မူခဲ့ပြီး အခုအခါ ရွှေဟင်္သာတိုက်သစ် ကျောင်းတိုက်ကြီးကို ငြီးငွေ့တော်မူသဖြင့် ဘဝ နတ်ကျောင်း, ပြောင်းရွှေ့သွားတော်မူခဲ့ပြီဖြစ်တဲ့ ကျေးဇူးတော်ရှင် ရွှေဟင်္သာဆရာတော်ဘုရားကြီးရဲ့ ဂုဏ်တော်အနန္တကို မှန်းဆပြီးတော့ ပူဇော်ကြတဲ့ အန္တိမပူဇာ ဓမ္မသဘင်ကို ယခုအခါ မေတ္တာ အာသီသ, မေတ္တာပဋ္ဌာနာနဲ့ စ, တင် ဖွင့်လှစ်ပါပြီ။

ဓမ္မသဘင်ပွဲကို အားခဲလို့ လာခဲ့ကြတဲ့ တရားချစ်ခင် သူတော်စင် အပေါင်းတို့နဲ့တကွ (၃၁)ဘုံ, အရပ်ဆယ်မျက်နှာ, အနန္တစကြဝဠာမှာ ရှိကြတဲ့ အနန္တသတ္တဝါတွေ "ဘေးရန်ကင်းကြပါစေ, ဆင်းရဲကင်းကြပါစေ, ကိုယ်စိတ်နှစ်ပါး ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေ"လို့ မေတ္တာဓါတ်တွေ ဖြန့်ဝေပြီးတော့ ဓမ္မသဘင်ကို စ, တင် ဖွင့်လှစ်ပါပြီ။

## သာဓုကီဠန ဆိုသည်မှာ

"သာဓုကီဠန" ဆိုတဲ့ စကားကို ဒီကနေ့ တရားနာပရိသတ်တွေ အားလုံးပဲ အကြိမ်များစွာ ကြားဖူးကြပါလိမ့်မယ်။ ရွှေဟင်္သာဆရာတော် ဘုရားကြီးရဲ့ အန္တိမပူဇာမှာလည်းပဲ ဒီစကားလုံး အသုံးအနှုံးကို သုံးထားတာ တွေ့ရပါမယ်။

သာဓု ကီဠနံ...

သူတော်ကောင်းတို့ရဲ့ ပျော်ရွှင်ခြင်း။

သူတော်ကောင်းတွေဆိုတာ (ပရိသတ်ကြီးရေ...) ဓမ္မနဲ့ ပျော်ရမှာ။ သူတော်ကောင်းမှာ ကာမနဲ့ ပျော်စရာအကြောင်း မရှိဘူး။

ဒါ့ကြောင့် ဒီကနေ့ ဓမ္မသဘင်ပွဲ ဆင်နွှဲကျင်းပပူဇော်ကြတယ် ဆိုတာ "သူတော်ကောင်းတွေရဲ့ ပျော်နည်းတစ်မျိုးပဲ" လို့ သိမှတ်ကြစေချင်ပါတယ်။ ရွှေဟင်္သာဆရာတော်ဘုရားကြီး ပျံလွန်တော်မူခြင်းကို အကြောင်းပြုပြီး အကယ်၍များ (သောကသလ္လ သမပ္ပိတ ပေါ့လေ...) သောကတည်းဟူသော မြားတံတွေ ရင်ဝမှာ အစူးခံထားရတာများ ရှိခဲ့ကြရင် ဒီ ဓမ္မတွေနဲ့ အဲဒီသောက မြားတံတွေကို ပယ်နုတ်ပြီးတော့ သောကတည်းဟူသော ဝေဒနာ, ဒေါမနဿ တည်းဟူသော ဝေဒနာကို ဓမ္မနဲ့ ပယ်နုတ်ကြပြီးတော့ သူတော်ကောင်းတို့ရဲ့ နှလုံးသားထဲမှာ ပီတိ ပါမောဇ္ဇတွေ ဖြစ်လာပြီး နှလုံးစိတ်ဝမ်း, အေးချမ်းတဲ့ အခံခါတ်တွေ ဖြစ်အောင် လုပ်ကြရမှာပါ။

ဒါကို "သာဓုကီဠနံ" လို့ ခေါ်တာ။

သူတော်ကောင်းတို့ရဲ့ နှလုံးစိတ်ဝမ်း အေးချမ်းစေအောင် ပြောရမယ့် စကားများပါ၊ အဲဒါကြောင့် ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများ...

"အမျိုးကောင်းသား အမျိုးကောင်းသမီးများ" လို့ ပြောရိုးပြောစဉ် အတိုင်းသာ ပြောလိုက်ရတာ။ ဒီ တရားပွဲမှာတော့ အမျိုးကောင်းသမီး တွေချည်းပဲ မြင်နေရတာ။ အမျိုးကောင်းသားကို တယ်တောင်မမြင်ရဘူး။

ရွှေဟင်္သာဆရာတော်ဘုရားကြီးရဲ့ ဩဝါဒတော်(၁၃)ချက်ထဲမှာ အမျိုးသမီးများနဲ့ သက်ဆိုင်တဲ့ တစ်ချက်ပါတယ်။ နံပါတ်(၅)။

အဲဒီနံပါတ်(၅)အချက်မှာ "မိမိရဲ့ အနွှံမစျာပနပူဇာ အခမ်းအနားမှာ သီလရှင်နဲ့ မာတုဂါမများ လုံးဝ လာရောက်၍ ရွတ်ဖတ် ပူဇော်ခြင်း မပြုရ" လို့ ဆရာတော်ဘုရားကြီးက ဒီလို မှာထားခဲ့တယ်။ အခု အခမ်းအနားမှာကလည်း အမျိုးသမီးတွေချည်းလိုလိုပဲ ဖြစ်နေတယ်။ ဒီအမျိုးသမီးတွေကတော့ ရွတ်ဖတ်ကြမှာ မဟုတ်ပါဘူး။

## နောက်ဆုံးအချိန် ဟော သုံးကြိမ်

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံခါနီးအချိန်ကလေးမှာ ဟိုး… ကုသိနာရုံမြို့ကလေးရဲ့ အနောက်တောင်ယွန်းယွန်းက အင်ကြင်းဥယျာဉ် လေးထဲမှာ အရှေ့အနောက် တန်းစီလို့ ညီညီညာညာ ပေါက်နေကြတဲ့ အင်ကြင်းပင်တန်းကလေး (၂)တန်းရဲ့ကြားမှာ ညောင်စောင်းလေးချပြီး တော့ မြောက်ဘက်အရပ်ကို ဦးခေါင်းပြုပြီး မြတ်စွာဘုရား လျောင်းတော် မူနေတဲ့ ပရိနိဗ္ဗာန် စံလုလု အဲဒီအချိန်မှာ… သံဃာတော်အရှင်မြတ် တွေကလည်းပဲ (၇)သိန်းကျော်လောက် အဲဒီ ကုသိနာရုံမှာ စုဝေး မိကြတယ်။

ဘုန်းကြီးတို့ တွေ့မိတဲ့ မဟာပရိနိဗ္ဗာနသုတ္တန်ကြီးရဲ့ အဋ္ဌကထာ, ဋီကာများမှာတော့ သံဃာတော်(၁)သိန်းကျော် စုဝေးတယ်လို့ တွေ့ရတယ်။ ဇိနာလင်္ကာရဋီကာ များနဲ့ အခြားနောက်ရေးကျမ်းများမှာတော့ သံဃာ ပေါင်း (၇)သိန်းကျော် စုဝေးတယ်လို့ ဒီလို တွေ့ထားရတယ်။

အလွန်များတဲ့ သံဃာအစုအဝေးကြီးကို မြတ်စွာဘုရားက ရှေးဦးစွာ ဟရားဒေသနာ ဟောတယ်၊ သံဃာတော်တွေအား တရားဟော ပြီးတဲ့နောက် ကုသိနာရုံမြို့လေးက မလ္လမင်းတို့အား ဟောတယ်။

မလ္လမင်းဆိုတဲ့ မင်းပရိသတ်တွေ ပြန်သွားတဲ့အခါကျတော့မှ နတ်ပြဟ္မာတို့အား တရားဟောတယ်၊ အဲဒါ ဘုရားရှင်ရဲ့ နောက်ဆုံးနေ့ပဲ ပရိသတ်ရေ…နော်။

ဘုရားရှင်ဟာ နောက်ဆုံးနေ့ရဲ့ ပရိနိဗ္ဗာန်စံလုလု နောက်ဆုံး အချိန်ကလေးမှာ တရားဘယ်နှစ်ကြိမ် ဟောသွားသေးသလဲ။? (၃)ကြိမ် တောင် ဟောသွားသေးတာ။

ဘုန်းကြီးတို့ရဲ့ ရွှေဟင်္သာဆရာတော်ဘုရားကြီးလည်း ဒီအတိုင်းပဲ တရားဟော… ဟော သွားတာ။ ဒကာ, ဒကာမတွေက လှူဖို့, တန်းဖို့ ရောက်လာတာကို ညောင်စောင်းလေးပေါ် လျောင်းနေရာက မြင်လိုက်ရင် ''လာဟဲ့…လာဟဲ့'' ဆိုပြီး ''ဣဒံ မေ ပုညံ'' ဆိုတာမျိုးလောက်တော့ ရေစက်ချ တရားလေး ဟောလိုက်သေးတာ နော်။

ဆရာဝန်ကြီးတွေက ဆရာတော်ဘုရားကြီး ပင်ပန်းမှာစိုးလို့ဆိုပြီး တားမြစ်လိုက်တော့မှပဲ အဲဒီ (ရေစက်ချပေးတဲ့) အစီအစဉ် ရပ်သွားတာ။ ဒါတောင် ဆရာတော်ဘုရားကြီးက ညောင်စောင်းပေါ် လျောင်းလျက်က နေ တစ်ခါ တစ်ခါ တရားစကားတွေ ပြောပြနေတတ်သေးတာ။

ဒီတော့ အဖ ဘုရားရှင်ရဲ့ ကျင့်ထုံးကို ဘုရားရှင်ရဲ့ သားတော် များက နောက်ဆုံးအချိန်ကလေးအထိ ဆက်လက် လိုက်နာ ကျင့်သုံးတော် မူသွားကြတာဟာဖြင့် (ပရိသတ်ရေ…) အံ့ဩစရာ, လိုက်နာအတုယူစရာ,

ကျင့်သုံးဖွယ်ရာကောင်းတဲ့ ကျင့်ထုံးတစ်ခုပါပဲ လို့ ပရိသတ်ကြီးအား ဘုန်းကြီးတို့က အားပေးချင်ပါတယ်။

## အာနန္ဒထေရ် ရှင် ငိုပွဲဆင်

ဒီတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ ပရိနိဗ္ဗာန်စံလုလု အခမ်း အနားကြီးမှာ ဓမ္မသဘင်ပွဲကြီး (၃)ခု ဆင်နွဲပြီးတဲ့နောက် အရှင်အာနန္ဒာ မထေရ်မြတ်ရဲ့ ဖြစ်အင်ကို တို့ ပရိသတ်ကြီးက တော်တော် ကြားဖူးထား ကြပြီး ဖြစ်မယ် နော်။

**''ကပိသီသံ အာလမ္ဗိတွာ ရောဒမာနော အဋ္ဌာသိ''** တဲ့။

**အာယသ္မာ အာနန္ဒော၊** အရှင်အာနန္ဒာ မထေရ်မြတ်သည်။ **ကပိသီသံ အာလမ္ဗိတွာ၊** တံခါးမှာ လျှိုတဲ့ တံခါးမင်းတုံးမှာ လျှိုသွင်းတဲ့ ကွင်းကလေးကို ဆွဲမှီပြီးတော့မှ၊ **ရောဒမာနော၊** ငိုကြွေးလျက်၊ **အဋ္ဌာသိ၊** ရပ်တော်မူနေတယ်။

ပရိသတ်ရေ... အရှင်အာနန္ဒာ ဒီလို ဖြစ်နေတာ။ သောတာပန် ဖြစ်ပြီးတဲ့ အရိယာကိုယ်တော်ကြီး၊ အရှင်အာနန္ဒာဟာ တံခါးမင်းတုံး လျှိုသွင်းတဲ့ ကွင်းကလေးကို ကိုင်ဆွဲပြီးတော့ ကျောင်းကလေးရဲ့ တံခါး ပေါက်မှာ ရပ်ပြီး ငိုနေတာ။

ရှေးတုန်းက တံခါးကြီးတွေက အပေါ်တံခါးကျည်းခွေနဲ့ အောက် တံခါးကျည်းခွေမှာ လက်တစ်ချောင်း လျှိုလို့ရလောက်အောင် သစ်သား ခွင်းကြီးတွေ ရှိတယ်။ ပြီးတော့မှ တုတ်တန်းကြီးတွေ, တုတ်တံကြီးတွေနဲ့ အဲဒီ တံခါးကွင်းထဲ လျှိုသွင်းပြီး တံခါးကို ပိတ်ရတယ်။

အဲဒီအပေါ်က လက်တစ်ချောင်းလုံး လျှိုလို့ရတဲ့ ကျည်းခွေကြီးကို လက်နက်ဆွဲပြီးတော့ လေးလေးတွဲ့တွဲ့နဲ့ တံခါးပေါက်မှာ မှီပြီးတော့ အရှင်အာနန္ဒာ ငိုကြွေးနေရှာတာ။

အခု ရွှေဟင်္သာဆရာတော်ဘုရားကြီး လွန်တော်မူတော့ ဆရာတော်ကြီးရဲ့ အနီးအနားမှာ ဘယ်သူတွေ ဘယ်လောက် ငိုကြွေး နေလဲ ဆိုတော့ ဘုန်းကြီးက မမြင်လိုက်ရဘူး။ ဘာ့ကြောင့်လဲဆိုတော့ ဘုန်းကြီးက ဆရာတော်ကြီး လွန်တော်မူချိန်မှာ ဟောင်ကောင်မှာ ရောက်နေခဲ့တာ။

"အလွန်ရှားပါးတဲ့ ဆေးဝါးတွေနဲ့ အလွန်ခေတ်မှီတဲ့ ပစ္စည်း ကိရိယာတွေသာ တို့တွေမှာ ရှိထားခဲ့မယ်ဆိုရင် ဆရာတော်ကြီးကို ဘယ်လောက်များ ပြုစုခွင့် ရလိုက်လေမလဲ၊ ခုထက် ပိုပြီး အကျိုးဖြစ်ထွန်း စရာ ရှိတယ်" ဆိုပြီးတော့ သီတင်းကျွတ်တဲ့နေ့မှာပဲ ဘုန်းကြီးက နိုင်ငံခြားကို ထွက်သွားပြီး အဲဒါတွေ ထွက်ရှာတာ။

နိုင်ငံခြားမထွက်မီ ဆရာတော်ကြီး ကျန်းမာရေးကို လာကြည့်တော့ ဆရာတော်ဘုရားကြီးကလည်း ပြုံးပြုံးရွှင်ရွှင်နဲ့ သက်သာတော်မူတယ် ဆိုပြီးတော့ ရုတ်တရက် အဲဒီ ဆေးနဲ့ ဆေးပစ္စည်းတွေ ထွက်ရှာတာ ပရိသတ်ရေ...။

ဟိုကခေါ်တဲ့ အခေါ်အဝေါ်အတိုင်းခေါ်မယ်ဆိုရင် "ဒေတာ စကုပ်" (Datascope) ဆိုတဲ့စက်။ အလွန်အရေးကြီးတဲ့ အချိန်မှာ ဝမ်းထဲမှာ ရှိနေတဲ့ နှလုံးတွေရဲ့ ခုန်နှုန်းတွေ, သွေးတွေရဲ့ တက်နှုန်း, ကျနှုန်းတွေကို စက္ကန့်တိုင်း, မိနစ်တိုင်းမှာ ကြည့်ပြီးတော့ မိနစ်တိုင်း

ဖော်ပြနေတဲ့ စက်မျိုးပေါ့လေ။ အဲဒါကို ဘုန်းကြီးက သွားရှာခဲ့တာ။ (၆)ရက်အတွင်းမှာ ဘုန်းကြီးရအောင် ရှာလာခဲ့တယ်။ ရလည်း ရခဲ့တယ်။ ဒီကျတော့ ဆရာတော်ကြီးက လွန်တော်မူပြီးပြီဆိုတော့ ကိုယ်တောင် ငိုချင်စိတ် ပေါ်သွားတယ် နော်။ ဘာမှတောင် မပြုစု မကုသလိုက်ရတော့ဘူး။

(ပရိသတ်ရေ...) အရှင်အာနန္ဒာ မထေရ်မြတ်ကတော့ ဘာကို ကိုင်ဆွဲပြီး ငိုသတဲ့လဲ။? တံခါးမင်းတုံးလျှိုတဲ့ ကွင်းကလေးကို ကိုင်ဆွဲပြီးတော့ ငိုတာ။ ဘုန်းကြီးကျတော့ အဲဒီ စက်ကလေးရဲ့ အပေါ်က လက်ကိုင် ကွင်းကလေးကို ဆွဲပြီးတော့ (စက်ရောင်းတဲ့ ကုမ္ပဏီက အထွက်မှာ)ငိုတော့ မလိုလိုတောင်ဖြစ်သွားရတယ်။ ဒါပေမယ့် ဆရာတော်ဘုရားကြီးရဲ့ ဆုံးမစကားကို ပြန်လည် ကြားယောင်ပြီး ဘုန်းကြီးတို့ ငိုတော့ မငိုခဲ့ပါဘူး။ ဒီအတိုင်းပဲ အံကြိတ်ပြီး ပြန်လာခဲ့ရတယ် နော်။

## ချစ်သားအာနန္ဒာ လာခဲ့ပါ

တကယ် ပြောချင်တာကတော့ ခုန နံပါတ်(၅)အချက်ပါ။ အရှင်အာနန္ဒာ အဲဒီလို ငိုကြွေးနေတော့ ဘုရားမြတ်စွာက အနားမှာရှိတဲ့ ဥပဝါဏမထေရ်တို့, အရှင်အနုရုဒ္ဓါမထေရ်တို့ကို မေးတယ်။

''ချစ်သား ဥပဝါဏနဲ့ အနုရုဒ္ဓါတို့... အာနန္ဒာမထေရ် ခု ဘယ်ရောက်နေတုန်း။?''

''သူ့ကျောင်းလေးထဲ ပြန်သွားပြီး တံခါးမင်းတုန်းလေးထဲ လက်လျှိုသွင်းပြီးတော့ ဟီးလေးခိုပြီး ငိုနေတယ်ဘုရား''

''အေး...အဲဒါဆို ငါဘုရားရဲ့ စကားတော်ကို သုံးပြီးတော့ အရှင် အာနန္ဒာကို ငါ့ညီရောက်အောင် ခေါ်ခဲ့စမ်း။''

**''တေနဟိ အနုရုဒ္ဓ မမ ဝစနေန အာနန္ဒံ အာမန္တေဟိ''**

**အနုရုဒ္ဓ၊** ချစ်သား အနုရုဒ္ဓါ။ **တေနဟိ၊** ထိုသို့ဖြစ်လျှင်။ **မမ ဝစနေန၊** ငါဘုရား၏ စကားတော်ဖြင့်၊ **အာနန္ဒံ၊** အာနန္ဒာမထေရ်ကို၊ **အာမန္တေဟိ၊** ခေါ်လိုက်စမ်းပါ။

ချစ်သားအနုရုဒ္ဓါ...အဲဒီလို (အာနန္ဒာငိုနေတယ်)ဆိုရင် ငါဘုရား စကားနဲ့ အာနန္ဒာကို ခေါ်လိုက်စမ်းပါလို့ မိန့်တော်မူတဲ့အခါမှာ အရှင် အနုရုဒ္ဓါက သွားပြီးတော့ ''ငါ့ညီအာနန္ဒာ...ဘုရားရှင် ကိုယ်တော်မြတ်က မင်းကို ခေါ်နေပြီ'' လို့ သွားပြောတယ်။ အရှင်အနုရုဒ္ဓါနဲ့ အရှင်အာနန္ဒာ တို့က ညီအစ်ကို တစ်ဝမ်းကွဲတော်စပ်ကြတာမို့ အရှင်အနုရုဒ္ဓါက ''ငါ့ညီ'' လို့ ခေါ်လိုက်တာဖြစ်တယ်။ အဲဒီတော့ အရှင်အာနန္ဒာက ''ကောင်းလှပါပြီ ဘုရား'' လို့ ဝန်ခံစကား လျှောက်ထားပြီးတော့မှ...

**ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝတော ကာယေ အတ္တနော ဟတ္ထေန သမ္မသိ။**

(သုတ်မဟာဝါ၊ မဟာပရိနိဗ္ဗာနသုတ္တန်၊ ပါ၊ နှာ၊ ၁၁၉)

**အာယသ္မာ အာနန္ဒော၊** အရှင်အာနန္ဒာသည်။ **ယေနဘဂဝါ တေနုပသင်္ကမိ၊** ဘုရားရှိရာ ချဉ်းကပ်လာတယ်၊ **ဥပသင်္ကမိတွာ၊** ဘုရား ရှိရာ ချဉ်းကပ်ပြီးတော့မှ။ **ဘဂဝတော၊** ဘုရားရှင်ကိုယ်တော်မြတ်ရဲ့။ **ကာယေ၊** ကိုယ်တော်၌။ **အတ္တနောဟတ္ထေန၊** မိမိရဲ့လက်ဖြင့်။ **သမ္မသိ၊** သုံးသပ်တော်မူလိုက်တယ်။

ဘုရားရှင်အနား ချဉ်းကပ်ပြီးတော့ ဘုရားရှင်ရဲ့ ကိုယ်တော်ကို သူ့လက်နဲ့ ဖြည်းဖြည်းလေး သုံးသပ်ပြီးတော့ သူရောက်ကြောင်း သတင်း ပို့တယ်ပေါ့။ နှိပ်နယ်ခြင်းဖြင့် ဝတ်ပြုတဲ့ အနေအထားကိုလည်း ဖော်ပြရာ ရောက်အောင် ခြေထောက်တော်ကို လက်ကလေးနဲ့ သုံးသပ်, သုံးသပ် (ဆုပ်နယ် ဆုပ်နယ်)ပြီး အနားမှာ ကိုင်း သွားတယ်။

အဲဒီတော့မှ အရှင်အာနန္ဒာကို မြတ်စွာဘုရားက မေးတယ်။

''ချစ်သား အာနန္ဒာ...သင် ဘယ်ကိုသွားပြီး၊ ဘာ သွားလုပ် နေတာတုန်း'' ဆိုတော့...

''မြတ်စွာဘုရား... တပည့်တော် ရင်ထဲမှာ ဖြစ်နေတဲ့ သောက တွေကို မျိုသိပ်ထားဖို့ မတတ်နိုင်တော့တဲ့အတွက်ကြောင့် ရင်ထဲက သောကတွေကို အပြင်ဘက်ကို အန်ထုတ်နေတာပါ ဘုရား'' တဲ့။

တကယ်တော့ အရှင်အာနန္ဒာ ငိုကြွေးနေတာပါ ပရိသတ်။ အဲဒီ အချိန် အရှင်အာနန္ဒာမထေရ်မြတ်ကို ဘုရားမြတ်စွာ မိန့်တော်မူတဲ့ စကားပေါင်း မြောက်မြားစွာရှိတဲ့ အထဲက လိုရင်းအချက်ကလေးတွေကို မှတ်သားပြီးတော့ တို့ ပရိသတ်ကြီးကလည်း (ရွှေဟင်္သာဆရာတော် ဘုရားကြီး လွှန်တော်မူတဲ့အတွက်ကြောင့် ဖြစ်လာရတဲ့ ရင်ထဲက သောက တွေကို) ဖြေကြရအောင်ပါ။

## အောအောကတည်းက ပြောခဲ့လျှပြီ

**နနု တော် အာနန္ဒ မယာ ပဋိကစ္စေဝ အက္ခာတံ**

**အာနန္ဒ**၊ အာနန္ဒာ။ **မယာ**၊ ငါဘုရားရှင်ကိုယ်တော်မြတ်သည်။

**ရွှေဟင်္သာ အမှတ်တရစာစဉ်-၄**

**ပဋိကစ္စဝ၊** စောစောစီးစီးကတည်းကသာလျှင်။ **အက္ခာတံ နနု၊** ဟောကြားထားအပ်ခဲ့ပြီးပြီ မဟုတ်ပါလား။?

''ချစ်သားအာနန္ဒာ...ငါဘုရားရှင်ကိုယ်တော်မြတ်က သင့်ကို စောစောကတည်းကပဲ ဟောပြထားခဲ့ပြီးပြီ'' မဟုတ်ပါလား။

ပရိသတ်ရေ... ဘုရားရှင်ကိုယ်တော်မြတ်ကြီးက စောစောကတည်းက ပြောထားပြီးပြီ တဲ့။ ဘာလုပ် ပြီးပြီလဲ။? ပြောပြထားခဲ့ပြီးပြီ နော်။ ဘုန်းကြီးတို့ ရွှေဟင်္သာဆရာတော် ဘုရားကြီးကလည်း ပရိသတ်ကို ဟို...နှစ်ပေါင်းများစွာကတည်းက ပြောပြ ထားခဲ့ပြီးပြီပဲ။

ကျမ်းစာအုပ်ပေါင်း (၃၆)အုပ်။ ဖတ်ကြည့်လိုက်ပေါ့။ အဲဒီ အထဲကမှ ''အမတဂါမိနီ တရားတော်'' တို့ ''သတိပဋ္ဌာန်လေးပါး တရားတော်'' တို့ ဆိုတာတွေ (တို့ပရိသတ်ရေ) ရှိတယ် နော်။ အဲဒါ တွေကို ဖတ်ကြ, မှတ်ကြ, လိုက်နာပြီး ကျင့်ကြရမှာ။

ခုတော့ တို့ ပရိသတ်က ''ဒါဟာ တို့ ဆရာတော်ကြီးရဲ့ စကား တော်တွေပဲ'' ဆိုပြီးတော့ တရိုတသေ မြတ်မြတ်နိုးနိုး နှစ်နှစ်ခြိုက်ခြိုက် အသည်းခိုက်အောင် ဖတ်လိုက်တယ် (မှတ်လိုက်တယ်, လိုက်နာ ကျင့်သုံးတယ်) ဆိုတဲ့ ပုဂ္ဂိုလ်က ရှားလိမ့်မယ် ထင်တယ် နော်။

ဘာကြောင့်လဲဆိုတော့ ဆရာတော်ကြီးရဲ့ ဘဝနောက်ဆုံးနေ့မှာ ပရိသတ်ကြီးက လာပြီး မျက်ရည်ကျနေကြတာဟာ (ပရိသတ်ရေ) စောစောကတည်းက ဆရာတော်ကြီး ပြောပြထားခဲ့တဲ့ တရားတော် တွေကို အမှတ်မရလို့ပဲ ဖြစ်မယ်။ အရှင်အာနန္ဒာလည်း ဒီအတိုင်းပဲ ဖြစ်နေတာ ပရိသတ်ရေ။

ဒီတော့ ဘုန်းကြီးတို့ ပရိသတ်လည်း အဖော်တော့ ရတာပေါ့ဗျာ နော်။ ''သောတာပန် အရှင်အာနန္ဒာမထေရ်မြတ်ကြီးတောင် ဒီလို ပူဆွေး သောက ငိုကြွေးခဲ့ရသေးတာ။ တို့တစ်တွေကျတော့ ဒါထက်တောင် ပို ဖြစ်တာပေါ့'' လို့ ဘုန်းကြီးတို့ ပရိသတ်လည်း ဒီလိုတော့ ပြောစရာ ရှိတယ်။

**အလံ အာနန္ဒ မာ သောစိ, မာ ပရိဒေဝိ**

''**အာနန္ဒ**၊ ချစ်သားအာနန္ဒာ။ **အလံ**=**အယုတ္တံ**၊ အဲဒီလို ငိုကြွေး နေတာ မတော်ဘူးကွဲ့။ **မာ သောစိ**၊ မစိုးရိမ်ပါနဲ့။ **မာ ပရိဒေဝိ**၊ မငို ကြွေးပါနဲ့။ **သဗ္ဗေဟေဝ ပိယေဟိ မနာပေဟိ နာနာဘာဝေါ ဝိနာဘာဝေါ အညထာဘာဝေါ**၊ ချစ်တယ် မြတ်နိုးတယ်ဆိုတဲ့ ပုဂ္ဂိုလ် တွေ သတ္တဝါတွေ သင်္ခါရဝတ္ထုတွေနဲ့ သေပြီးတော့ ခွဲရခြင်း, ရှင်လျက်နဲ့ ခွဲရခြင်း, ဘဝခြားပြီးတော့ ခွဲရခြင်း ဆိုတဲ့ ခွဲခွါခြင်း(၃)မျိုးဟာ။ **တုမှာကံ**၊ ဟောဒီ သင်တို့ရဲ့ လောကမှာ။ **အတ္ထိ**၊ ရှိနေတယ်။

**တံ**၊ တစ်နေ့ကျရင် ခွဲကြရမယ်ဆိုတဲ့ အဲဒီတရားကို။ **မယာ**၊ ငါဘုရားရှင်ကိုယ်တော်မြတ်သည်။ **ပဋိကစ္စေဝ (ပုဗ္ဗေဝ)**၊ ရှေးဦးမဆွ အစကတည်းကိုက။ **အက္ခာတံနနု**၊ ဟောကြားထားခဲ့ပြီးပြီ မဟုတ်ပါလား လို့။ **ဘဂဝါ**၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ **အာယသ္မန္တံ အာနန္ဒံ**၊ အရှင်အာနန္ဒာ မထေရ်သူမြတ်ကို။ **အဝေါစ**၊ ကရုဏာရှေ့ထား, မေတ္တာအားဖြင့်, မိန့်ကြားတော်မူခဲ့ပါပေသတည်း။

သာဓု...သာဓု...သာဓုပါ ဘုရား

❁ ❁ ❁ ❁ ❁

ရွှေဟင်္သာ အမှတ်တရစာစဉ်–၄

''ချစ်သားအာနန္ဒာ... ကိုယ်ချစ်တဲ့ အရာဝတ္ထုတွေနဲ့ ကိုယ်ချစ်တဲ့ ပုဂ္ဂိုလ်တွေနဲ့ သတ္တဝါတွေနဲ့...

(၁) သေသဖြင့် ခွဲရတယ် ဆိုတာရယ်၊

(၂) မသေပါဘဲ ရှင်လျက်နဲ့ ခွဲရတယ်ဆိုတာရယ်၊

(၃) ဘဝတစ်မျိုးစီ ဖြစ်လို့ တစ်ယောက်က လူဖြစ်၊ တစ်ယောက်က နတ်ဖြစ်၊ တစ်ယောက်က တိရစ္ဆာန်ဖြစ် စသဖြင့် အဲဒီလို ခွဲခွါခြင်း (၃)မျိုးဟာ သင်တို့ရဲ့ ကမ္ဘာလောကမှာ ရှိပြီးသား ဆိုတာကို ငါဘုရားရှင်ကိုယ်တော်မြတ်ကြီးက စောစောစီးစီးကတည်းကိုက သင့်ကို ဟောထားခဲ့ပြီးပြီ မဟုတ်လား ချစ်သား အာနန္ဒာ။''

''အဲဒါကြောင့် အာနန္ဒာ...မာ သောစိ, မာ ပရိဒေဝိ=စိုးရိမ်ပူဆွေး ငိုကြွေးလို့များ မနေလိုက်စမ်းပါနဲ့။''

**''ယံ တံ ဇာတံ ဘူတံ သင်္ခတံ ပလောကဓမ္မံ တံ ဝတ တထာဂတဿာပိ သရီရံ မာ ပလုဇ္ဇီတိ နေတံ ဌာနံ ဝိဇ္ဇတိ။''**

(သုတ်မဟာဝါ၊ မဟာပရိနိဗ္ဗာနသုတ္တန်၊ ပါ၊ နှာ-၁၁၉)

''ချစ်သားအာနန္ဒာ...ဟောဒီ ခန္ဓာကိုယ်ကြီးဟာ အဝိဇ္ဇာ တဏှာ ကံဆိုတဲ့ အကြောင်းတရား(၃)ပါးကို ခွဲပြီးတော့ ဖြစ်တာ။ (ပရိသတ်ကြီးရေ) ရှုစရာ သမုဒယသစ္စာ နော်။ ရှုစရာကို ဘယ်လို ပြောမလဲ။? သမုဒယသစ္စာ။

ဘယ်လို ရှုမလဲ။? ဆိုရင် ဇာတံ အဝိဇ္ဇာ တဏှာ ကံ ဆိုတဲ့ အကြောင်း(၃)ပါးကို စွဲပြီးတော့ ဖြစ်တာ။ အဲဒါ သမုဒယ သစ္စာ။


ဘူတံ အဲဒီ အဝိဇ္ဇာ, တဏှာ, ကံ ဆိုတဲ့ အကြောင်း(၃)ပါး

ကြောင့် ခန္ဓာ(၅)ပါး ထင်ရှားပြီးတော့ ဖြစ်ပေါ်လာရတယ်။ အဲဒါက ဒုက္ခသစ္စာ။ နောက်တစ်ခါ **သင်္ခတ** အဲဒီလို ဖြစ်လာတယ်ဆိုတဲ့ ဒုက္ခသစ္စာကို ကံနဲ့, စိတ်နဲ့, ဥတုနဲ့, အာဟာရနဲ့, ထိန်းပြီးတော့ စောင့်ရှောက်လို့ နေနေရတယ်။ အဲဒါက အာရက္ခဒုက္ခ။

ဒါပေမယ့်လည်းပဲ **ပလောကဓမ္မံ** အဝိဇ္ဇာ, တဏှာ, ကံ ဆိုတဲ့ အကြောင်းတွေ ကုန်ဆုံးလို့ရှိရင် ခန္ဓာ, ဒုက္ခ ဆိုတဲ့ အဲဒီ အကျိုးတရားဟာ ဖောက်ပြန်ပျက်စီးခြင်း သဘောရှိနေတယ်။

**တံ**၊ ထို အခြင်းအရာကို။ **မယာ**၊ ငါဘုရားရှင်ကိုယ်တော်မြတ်သည်။ **ပဋိကစ္စေဝ**၊ စောစီးစွာကတည်းကိုက။ **အက္ခာတံ နနု**၊ ငါဘုရားက ဟောထားခဲ့ပြီးပြီ မဟုတ်ပါလားလို့။ **ဘဂဝါ**၊ မြတ်စွာဘုရားသခင်သည်။ **အာယသ္မန္တံ အာနန္ဒံ**၊ အရှင်အာနန္ဒာ မထေရ်သူမြတ်ကို။ **အဝေါစ**၊ ကရုဏာရှေ့ထား, မေတ္တာအားဖြင့်, ဟောကြားတော်မူခဲ့ပါပေသတည်း။

သာဓု...သာဓု...သာဓုပါ ဘုရား



## မြတ်ဗုဒ္ဓလည်း ပျက်မှာပဲ

"**တံ ဝတ တထာဂတဿာပိ သရီရံ မာ ပလုဇ္ဇီတိ နေတံ ဌာနံ ဝိဇ္ဇတိ**"

"ချစ်သားအာနန္ဒာ...အဲဒီလို ပျက်စီးခြင်းသဘောရှိတဲ့ ခန္ဓာတွေ

ထဲမှာ ငါဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ခန္ဓာလည်း ပါဝင်တယ်။ (ပရိသတ်ရေ) ပျက်စီးခြင်းရှိတဲ့ ခန္ဓာတွေထဲမှာ ဘုရားရှင်ရဲ့ ခန္ဓာကိုယ်ကို ကြွင်းကျန်အောင် ခြွင်းချန်ထားလို့များ ရသေးသလား။''?

''မရပါ ဘုရား''

''အေး...မရဘူးနော်။ ပလောကဓမ္မ ဆိုတဲ့ ပျက်စီးခြင်းသဘော ထဲမှာ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ခန္ဓာကိုယ်တောင် ပါသေးတယ်ဆိုရင် ငါတို့ရဲ့ ဆရာသခင် ကျေးဇူးရှင် ရွှေဟသာ်ာဆရာတော်ဘုရားကြီးရဲ့ ခန္ဓာကိုယ်ရော ပါမယ်'' တဲ့။

အဲဒါကြောင့်...

''**တံ ဝတ တထာဂတဿာပိ သရီရံ မာ ပလုဇ္ဇီတိ နေတံ ဌာနံ**'' အဲဒီလို ပျက်စီးနေတဲ့ ခန္ဓာကိုယ်တွေထဲမှာ ဘုရားရှင်ကိုယ်တော် မြတ်ရဲ့ ခန္ဓာကိုယ်ကို ''မပျက်ပါစေနဲ့'' လို့ ဘယ်လိုပဲ တားတား ဖြစ်နိုင်တဲ့ အကြောင်းရယ်လို့၊ **နဝိဇ္ဇတိ**၊ ဘယ်လိုနည်းနဲ့မှ မရှိနိုင်ဘူးရယ်လို့၊ **သတ္ထာ**၊ နတ်လူတို့ဆရာ ဘုရားရှင်သည်။ **အာယသ္မန္တံ အာနန္ဒံ**၊ အရှင်အာနန္ဒာ မထေရ်သူမြတ်ကို။ **အဝေါစ**၊ ကရုဏာရှေ့ထား, မေတ္တာအားဖြင့် မိန့်ကြားတော်မူလိုက်ပါပေသတည်း။

သာဓု...သာဓု...သာဓုပါ ဘုရား



# ဝေဒနာဖြစ်လာ ဒီလိုရှု

ပျက်စီးခြင်းရှိတဲ့ ခန္ဓာတွေထဲမှာ ဘုရားရှင်ရဲ့ ခန္ဓာကိုယ်လည်း ပါဝင်တယ်။ အဲဒီတော့ အားလုံးသော ခန္ဓာကိုယ်တွေ ပျက်စီးခြင်းသဘော ရှိနေပါလျက်နဲ့ ဘုရားရှင်ရဲ့ ခန္ဓာကိုယ်တစ်ခုတည်းပဲ မပျက်ဘဲ ကျန်နေမယ် ဆိုရင် (ပရိသတ်ရေ) သင်္ခါရဟာ သဘာဝမကျဘဲ ဖြစ်သွားမယ် နော်။

အဲဒါကြောင့် ငါတို့ရဲ့ ကျေးဇူးတော်ရှင် သက်တော်(၁၀၂)နှစ် ရွှေဟင်္သာဆရာတော်ဘုရားကြီးရဲ့ ခန္ဓာကိုယ်ရော ပျက်စီးတတ်တဲ့ ဒီ ခန္ဓာတွေထဲမှာ မပါဘူးလား။? ပါတာပါပဲ နော်။

အေး...စစ်ကိုင်း, မန္တလေး အာဏာပိုင်အဖွဲ့အစည်းတွေကရော စစ်ကိုင်း မန္တလေး ကျန်းမာရေးဦးစီးဌာနက ဆရာဝန်ကြီးတွေ ဆရာဝန် မကြီးတွေရော, စစ်ကိုင်း, မန္တလေး ဆေးရုံကြီး(၂)ခုက ဆရာဝန်ကြီး တွေရော, ဘုန်းကြီးတို့ သီတဂူ ဆေးရုံက ဆရာဝန်ကြီးတွေပါ ဒို့အပြင် နိုင်ငံတော်အစိုးရပါ မကျန် အားလုံးပါဝင်ပြီးတော့ အစွမ်းကုန်ပေါ့ ဟုတ်လား။

''အစွမ်းကုန်'' တယ်လို့ပဲ ပြောရမလား။ လူတို့ ပြောရိုးဆိုစဉ် စကားအတိုင်း ပြောမယ်ဆိုရင်တော့ အစွမ်းကုန်လို့ပဲ ပြောရတော့မယ် ပေါ့လေ နော်၊ တကယ်တော့ အစွမ်းတွေဟာ ကုန်မယ်တော့ မဟုတ်ပါဘူး၊ လိုက်ရမှန်း မသိတာတွေ ရှိကောင်းရှိမယ်။ အစွမ်းကုန်တယ်လို့တော့ မရှိနိုင်ဘူး။ သို့သော်လည်းပဲ စိတ် စေတနာကို အမြင့်ဆုံးထားပြီးတော့ ဆရာတော်ဘုရားကြီးအား ပြုစုလိုက်ကြတယ်။

ဒီလိုတော့ ပြောလို့ ရနိုင်တယ်ပေါ့လေ နော်။ စိတ်စေတနာတွေကို ဆရာတော်ဘုရားကြီးရဲ့ အပေါ်မှာ အမြင့်ဆုံး အဆင့်မှာ အားလုံး တစ်ညီတစ်ညာတည်း ထားပြီးတော့ ပြုစုလိုက်ကြတာ။

ဒါပေမယ့် ပရိသတ်ရေ...

ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ မိန့်ခွန်းတော်ထဲမှာ ပါသွားတဲ့ အတိုင်းပဲ ပျက်စီးတတ်တဲ့ ခန္ဓာတွေထဲမှာ ဘုရားရှင်ရဲ့ ခန္ဓာကိုယ် ပါဝင်သလို ဘုန်းကြီးတို့ ရွှေဟင်္သာဆရာတော်ဘုရားကြီးရဲ့ ခန္ဓာကိုယ် လည်း (ပရိသတ်ရေ) ပါတာပါပဲ နော်။ အဲဒီလိုဆိုတော့မှ သင်္ခါရ ဓမ္မတွေဟာ သဘာဝကျကျ ညီညွတ် မျှတမယ်ပေါ့။

ရွှေဟင်္သာဆရာတော်ဘုရားကြီးနှင့် စပ်ပြီး ဘုန်းကြီးတို့ ပရိသတ် ကို နည်းနည်းလောက် ပြောပြချင်တယ်။ ဘုန်းကြီးက ညတရားပွဲ ဟောရာက ပြန်လာတော့ ဆရာတော်ကြီးဆီကို ချဉ်းကပ်၊ လက်အုပ် ချီမိုး ရှိခိုးကန်တော့၊ ဗောဇ္ဈင်္ဂသုတ္တန်ကို စိတ်နဲ့ရွတ်၊ မေတ္တာပို့ပြီးတော့ ဆရာတော်ကြီးရှေ့နားမှာ ထိုင်နေတယ်။

ည(၁၁)နာရီခွဲလောက်ရောက်တော့ မျက်လုံးအလိုအလျောက် ဖွင့်ကြည့်တော်မူပြီးတော့ ကြည်ကြည်လင်လင် အေးအေးချမ်းချမ်း ပြုံးရွှင် တော် မူတယ်။ ဆရာတော်ကြီး ပြုံးရွှင်ကြည်လင်နေတော့ ဘုန်းကြီး စိတ်ထဲမှာ ရင်ထဲမှာ သိပ် အေးသွားတယ်။

ပြီးတော့ ဘုန်းကြီးတို့ သေသေချာချာ သိတာ။ ''သီတဂူ ဆရာတော်...တရားဟော ပြန်လာပြီလား''တဲ့၊ ဇဝေဇဝါ မေးတာ မဟုတ် ဘူး။ ပရိသတ်ရေ နော်။ ကြည်ကြည်လင်လင် မေးနေတာ။

မျက်မှန်လည်း မပါဘူး။ မေ့မေ့လျော့လျော့လည်း မဟုတ်ဘူး။ စကားလုံးလည်း ပီသတယ်။ အသံလည်း ကြည်မြတယ်။ မျက်နှာလည်း ရွှင်လန်းတော် မူတယ်။

''သီတဂူဆရာတော်... တရားဟောက ပြန်လာပြီလား?''တဲ့။

''မှန်ပါ ပြန်လာပါပြီဘုရား''လို့ လျှောက်ပြီးမှ...

''ဆရာတော်... ဆရာတော်ရဲ့ ခန္ဓာကိုယ်ထဲမှာ နှိပ်စက်ပင်ပန်းတာများ တစ်စုံတစ်ရာ ဆရာတော် တွေ့ပါသလား?''လို့ မေးကြည့်လိုက်တော့ ''ဘာမှ ပင်ပန်းတာ နှိပ်စက်တာ မရှိဘူး'' တဲ့။

ဒီတော့ ဘုန်းကြီးက ''**ဝေဒနံ ဝိက္ခမ္ဘေတွာ**'' ဆိုတဲ့ စကားလုံးလေးကို ချက်ချင်း သတိရလိုက်တယ်။

**ဝေဒနံ ဝိက္ခမ္ဘေတွာတိ တံ ကာယိကံ ဒုက္ခံ ကာယိက ဒုက္ခဝေဒနံ အမနသိကာရေန ဝိက္ခမ္ဘေတွာ။**

သတိပဋ္ဌာန် အဋ္ဌကထာမှာ ဒီလို ပြောတယ်၊ **ဝေဒနံ ဝိက္ခမ္ဘေတွာ၊** ဝေဒနာကို ခွါ၍။ အဲဒါကို ပိုပြီးနားလည်အောင် ရှင်းသွားအောင် ဆိုပြီးတော့ ''ဝေဒနံ အမနသိကာရေန ဝိက္ခမ္ဘေတွာ။''

ဝေဒနာကို ခွါတယ်, ဝေဒနာကို ကျော်တယ်, ဝေဒနာကို မျက်နှာလွှဲတယ် ဆိုတာ ဘာလဲ။? ဆိုရင် ''အမနသိကာရေန ဝိက္ခမ္ဘေတွာ'' တဲ့။ စာသင်ထားတဲ့ ပရိသတ်က ဒီစာလုံးလေး မှတ်သွားလိုက်။

ဘာတဲ့လဲ။?

''**အမနသိကာရေန ဝိက္ခမ္ဘေတွာ**ပါ ဘုရား''

**ကာယိကဒုက္ခဝေဒနံ၊** ကာယိကဒုက္ခဆိုတဲ့ ဝေဒနာကို။

**အမနသိကာရေန**၊ နှလုံးမသွင်းသောအားဖြင့်။ ကိုယ်မှာဖြစ်နေတဲ့ ဒုက္ခဝေဒနာကို (ဘယ်လိုတဲ့လဲ...?) အမနသိကာရေန၊ နှလုံးမသွင်းဘူးတဲ့။ ဒါဖြင့် ဘာကို နှလုံးသွင်းနေပါသလဲ? ဆိုတော့ ဆရာတော်ကြီးက တစ်ဆက်တည်းပဲ မိန့်တယ်။

''အသက်ကို ဖြည်းဖြည်း မှန်မှန် ရှူနေတယ်'' တဲ့။

''ဒီအချိန်မှာ ဒါပဲ လုပ်ရမှာ'' တဲ့။

ဆရာတော်ကြီးက မိန့်တယ်။ ဒီတော့ ကိုယ်မှာဖြစ်နေတဲ့ ဒုက္ခဝေဒနာကို နှလုံး မသွင်းပါဘဲနဲ့ ဆရာတော်ကြီး ဘာကို နှလုံးသွင်းနေတာလဲ ဆိုတာကို ဖြေပြီးသားဖြစ်သွားပြီပေါ့ နော်။

## ရှင်လန်းစိတ်နဲ့ သည်းခံခဲ့

ပရိသတ်ရေ...ဆရာတော်ကြီး ဘာကို နှလုံးသွင်းနေတာလဲ ဆိုတော့ ''ထွက်လေ ဝင်လေ'' ကို နှလုံးသွင်းနေတာ။ အဲဒါကြောင့် (ဘာဖြစ်လဲ?) ဝေဒနာကို ကျော်သွားနိုင်ပြီးတော့ (စိတ်က ဘာဖြစ်နေလဲ?) ကြည်ပြီးတော့ နေတာ။

တကယ်တမ်းမှာ ကာယိကဒုက္ခကတော့ ရှိကောင်းရှိမယ်ပေါ့။ ပရိသတ်ရေ...ဒါပေမယ့် စေတသိကဒုက္ခ မရှိဘူး တဲ့၊ **ဝေဒနံ**၊ ကာယိကဒုက္ခဆိုတဲ့ ဝေဒနာကို။ **အမနသိကာရေန**၊ နှလုံးမသွင်းသောအားဖြင့်။ **ဝိက္ခမ္ဘေတွာ**၊ ခွါတော်မူလိုက်၍။

''သီတဂူဆရာတော်... တို့များတော့ အသက်ကို ဖြည်းဖြည်း မှန်မှန်လေး ရှူရှိုက်ပြီး အလုပ် လုပ်နေတယ်'' တဲ့။

ဖြည်းဖြည်း မှန်မှန်ဆိုတော့ မဟာသတိပဋ္ဌာနသုတ်ပါဠိတော်ကြီးမှာ အသက်ရှူနည်း (၄)နည်း ပြထားတယ်။ အဲဒီထဲမှာ တစ်ခုသောနည်းက...

**''ဒီဃံ ဝါ အဿသန္တော ''ဒီဃံ အဿသာမိ''တိ ပဇာနာတိ''**

**''ဒီဃံ ဝါ ပဿသန္တော ''ဒီဃံ ပဿသာမိ''တိ ပဇာနာတိ။**

(သုတ်မဟာဝါ၊ မဟာသတိပဋ္ဌာနသုတ္တန်၊ ပါ၊ နှာ၊ ၂၃၁)

''အသက်ကို ရှည်ရှည်မြှင်းမြှင်း ရှူသွင်းတယ်ဆိုရင် ရှည်ရှည်မြှင်းမြှင်း ရှူသွင်းတယ်လို့ သိအောင် ရှူ။''

''အသက်ကို ရှည်ရှည်မြှင်းမြှင်း ရှူထုတ်တယ်ဆိုရင် ရှည်ရှည်မြှင်းမြှင်း ရှူထုတ်တယ်လို့ သိအောင် ရှူ'' လို့ သတိပဋ္ဌာန်သုတ်တော်မှာ မြတ်စွာဘုရားက ဟောထားတာရှိလေတော့...

''တို့ အသက်ကို ဖြည်းဖြည်းလေး ရှူနေတယ် သီတဂူရဲ့'' လို့ ဆရာတော်ကြီး မိန့်တော်မူလိုက်တဲ့အချိန်မှာ ဘုန်းကြီးတို့က ချက်ချင်းပဲ ဒီ ပါဠိတော်ကို သတိရပြီး ပါဠိရွတ်ပြပြီး လျှောက်ထားလိုက်တယ်။

''ဆရာတော်...ဒီသတိပဋ္ဌာန် ပါဠိတော်က ညွှန်ကြားချက်နဲ့ ဆရာတော် ကျင့်သုံးတော်မူပုံဟာ တစ်ထပ်တည်းပါပဲ ဘုရား'' ဆိုတော့ ''အေး...အေး''ဆိုပြီး ပြုံးပြီးမျက်စိမှိတ်ထားလိုက်ပြီးတော့ နောက်ထပ်ဘာမှ မပြောတော့ဘူး။

ဒီတော့ ဘုန်းကြီးတို့ ပရိသတ်ကြီးရေ...

**မာ သောစိ၊** စိုးရိမ်ပူဆွေး မနေကြပါနဲ့တော့။

**မာ ပရိဒေဝိ၊** ငိုကြွေးမြည်တမ်း မနေလိုက်ကြနဲ့တော့ (ဘယ်လို နေရမလဲဆိုတော့မှ ပရိသတ်ရေ) **အသလ္လီနေန စိတ္တေန၊** တွန့်ဆုတ်ခြင်း၊ အလျဉ်းမရှိတဲ့ စိတ်ဖြင့်။ **သုဝိကာသိတေန စိတ္တေန၊** အလွန့်အလွန် ကြည်လင်ရှင်းသန့်နေတဲ့ စိတ်ဖြင့်။ (ဘယ်လိုတဲ့လဲ...?) တွန့်ဆုတ်ခြင်း မရှိသောစိတ်နဲ့ ကြည်လင်ရွှင်လန်း၍နေသော စိတ်ဓါတ်ဖြင့်။

**ဝေဒနံ၊** ကာယိကဒုက္ခဆိုတဲ့ ဝေဒနာကို။ **အဓိဝါသယိ၊** ကောင်းစွာမသွေ့, သည်းခံတော်မူခဲ့ရှာလေသတည်း။

အဲဒါဘာလဲဆိုရင် ''ပဓာနအလုပ်'' တဲ့။

''ပရိသတ်ရေ အဲဒါ ဘာပါတဲ့လဲ။?''

''ပဓာန အလုပ်ပါဘုရား''

**''ပဓာနံ အနုယုဉ္ဇ ဝေါ''**

**ဝေါ,** တုမှေဟိ၊ တရားချစ်ခင် စိတ်ကောင်းဝင်ကြကုန်သော သင် သူတော်စင် ပရိသတ်အပေါင်းတို့သည်။ **ပဓာနံ၊** အဲဒီလို ကိုယ် တကယ်ကျင့်ကြံကြိုးကုတ် အားထုတ်သင့်လှပါတဲ့ ပဓာန အလုပ်စစ်စစ် တွေကို။ **အနုယုဉ္ဇ (အနုယုဉ္ဇထ)၊** ကောင်းစွာမသွေ့, အားထုတ်တော် မူကြကုန်ရာသတည်း။

သာဓု...သာဓု...သာဓုပါ ဘုရား

# ပဏာနအလုပ် ရှာဖွေလုပ်

အရှင်အာနန္ဒာအား ဘုရားရှင်ကိုယ်တော်မြတ် မိန့်ကြားတော်မူခဲ့တဲ့ စကားများနဲ့ ဘုန်းကြီးတို့ရဲ့ ကျေးဇူးရှင် ရွှေဟင်္သာဆရာတော်ဘုရားကြီးက အနားမှာ ပြုစုနေကြတဲ့ တပည့်များအား ဆရာဝန်ကြီးများအား မိန့်ကြားတော်မူချက်တွေဟာ (ပရိသတ်ရေ) ယှဉ်ကြည့်လိုက်ရင် တစ်ထပ်တည်း ကျပါတယ်ဗျာ နော်။

''ဟာ… တို့ဆရာအတွက်တော့ စိုးရိမ်စရာ၊ ပူဆွေးစရာ၊ ငိုကြွေးစရာ ဘာမှ မရှိဘူး'' ဆိုတာ တစ်ထစ်ချသာ ယုံထားလိုက်ပေတော့၊ ဟုတ်လား။

ကိုယ်က ချစ်လွန်း၊ ခင်လွန်း၊ ကြည်ညိုလွန်းလို့သာ ခွဲခွါရတဲ့အတွက် ဝမ်းနည်းရတာ၊ စိုးရိမ်ရတာ၊ ငိုကြွေးရတာမျိုး ဖြစ်ချင် ဖြစ်မယ်။ ဆရာတော်ဘုရားကြီးအတွက်တော့ (ဘုန်းကြီးတို့ ပရိသတ်ရေ) စိုးရိမ်စရာ မရှိတာ တကယ်ပါပဲ'' လို့ ဘုန်းကြီးတို့ ဒီလို ယုံကြည်ပါတယ် နော်။

ဒီတော့ အဲဒီမှာ အရှင်အာနန္ဒာမထေရ်မြတ် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်နားရောက်တော့ မြတ်စွာဘုရားက ဒီစကားကို မိန့်ကြားပြီးတဲ့အခါ နောက် စကားတစ်ခွန်းကို ဘုရားရှင်ကိုယ်တော်မြတ်က ဆက် ပြောသေးတယ်။

''ချစ်သားအာနန္ဒာ…မေးစရာရှိတာတွေ မေးထားလိုက်'' တဲ့။

ဘုရားရှင်ကိုယ်တော်မြတ်က အရှင်အာနန္ဒာရဲ့ ဂုဏ်ကျေးဇူးတွေကိုလည်း မြောက်များစွာ ပြောပြတယ်။

အရှင်အာနန္ဒာရဲ့ ဂုဏ်ကျေးဇူး တွေများစွာ ပြောပြတဲ့ အထဲမှာ တစ်ခုဟာ ဘုန်းကြီးတို့ ပရိသတ်တွေနဲ့ ဆရာတော်ကြီးရဲ့ တပည့်ဒကာ ဒကာမတွေနဲ့ ကျောင်းတိုက် သံဃာတော်တွေနဲ့ နိုင်ငံတော်အစိုးရ အပါအဝင် အနီးကပ် ပြုစုသူအားလုံးနဲ့ အရှင်အာနန္ဒာအား ဘုရားရှင်က မိန့်ကြားတော်မူတဲ့ စကားနဲ့ဟာ ဒီမှာ တစ်ထပ်တည်း လာကျတယ်။

**''ဒီဃရတ္တံ ခေါ တေ အာနန္ဒ တထာဂတော ပစ္စုပဋ္ဌိတော၊ မေတ္တေန ကာယကမ္မေန, မေတ္တေန ဝစီကမ္မေန, မေတ္တေန မနော ကမ္မေန''**

**(သုတ်မဟာဝါ၊ မဟာပရိနိဗ္ဗာနသုတ္တန်၊ ပါ၊ နှာ၊ ၁၁၉)**

''**အာနန္ဒ**၊ ချစ်သားအာနန္ဒာ။ **ဒီဃရတ္တံ**၊ ကြာမြင့်စွာသော ညဉ့်တွေ နေ့တွေ ကာလပတ်လုံး။ **တေ**၊ သင်ချစ်သားအာနန္ဒာသည်။ **အဟံ**၊ ငါဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ အပေါ်မှာ။ **မေတ္တေန ကာယကမ္မေန**၊ မေတ္တာကာယကံဖြင့်။ **မေတ္တေနဝစီကမ္မေန**၊ မေတ္တာဝစီကံဖြင့်။ **မေတ္တေန မနောကမ္မေန**၊ မေတ္တာမနောကံဖြင့်။ **ပစ္စုပဋ္ဌိတော**၊ ပြုစုစောင့်ရှောက်အပ်ခဲ့ပြီးပေပြီ။

ပရိသတ်ရေ...အရှင်အာနန္ဒာကို ဘုရား ဘာ မိန့်သလဲ။? ''ချစ်သားအာနန္ဒာ... ကြာမြင့်စွာသော ကာလပတ်လုံး သင်ဟာ ငါဘုရားရှင် ကိုယ်တော်မြတ်ရဲ့ အပေါ်မှာ မေတ္တာကာယကံနဲ့လည်း ပြုစုခဲ့ပြီးပြီ။ မေတ္တာဝစီကံနဲ့လည်း ပြုစုခဲ့ပြီးပြီ။ မေတ္တာမနောကံတွေနဲ့လည်း ပြုစုခဲ့ပြီးပြီ။''

အဲဒါ ခဏကလေးတဲ့လား ဆိုတော့ "ဒီဃရတ္တံ" တဲ့၊ ကြာမြင့်စွာသော ညဥ့်နေ့တို့ ကာလပတ်လုံး။ အစွမ်းကုန် ပြောကြစို့ ဆိုလို့ရှိရင် နှစ်ပေါင်း (၁၀၂)နှစ်တို့ ကာလပတ်လုံး ဘုန်းကြီးတို့ရဲ့ ဆရာတော်ဘုရားကြီးကို တစ်တိုင်းလုံး တစ်ပြည်လုံး အကုန်လုံးပါပဲ ပရိသတ်ရေ အားလုံးဟာ မေတ္တာကာယကံတွေနဲ့လည်း ပြုစုခဲ့ကြတယ်၊ မေတ္တာဝစီကံတွေနဲ့လည်း ပြုစုခဲ့ကြတယ်၊ မေတ္တာမနောကံတွေနဲ့လည်း (စိတ်ထဲကနေ မေတ္တာတွေ အထပ်ထပ် ပို့ပြီးတော့) ပြုစုခဲ့ကြတယ်။

အဲဒါဆိုလို့ရှိရင် ဘုန်းကြီးတို့ ဒကာ ဒကာမတွေအားလုံး ဘာကို ရလိုက်ကြသလဲ? ဆိုတော့...

"**ကတပုညောသိ တွံ အာနန္ဒ။**"

**အာနန္ဒ**၊ ချစ်သားအာနန္ဒာ။ **တွံ**၊ သင်သည်။ **ကတပုညော**၊ ကောင်းမှုတွေ အလုံအလောက် ပြုစုခဲ့ပြီးသည်။ **အသိ**၊ ဖြစ်၏။ ဒါဆိုလို့ရှိရင် ကောင်းမှုတွေ အလုံအလောက် စုဆောင်းထားခဲ့ပြီးပြီပဲ အာနန္ဒာရဲ့ တဲ့၊ ပရိသတ်ရေ နော်။

**သံဃပိတာ**၊ သံဃာ့ ဖခမည်းတော် ဖြစ်တော်မူတဲ့ ရွှေဟင်္သာ ဆရာတော်ဘုရားကြီးအပေါ်မှာ နှစ်ပေါင်းများစွာသော ကာလပတ်လုံး ဝတ်ကြီး ဝတ်ငယ် ပြုစုခဲ့ကြတယ်။ အနည်းဆုံး ကျောင်းထဲမှာ တံမြက်စည်းလေး လှည်းလို့, ခွက်ကလေး ပုဂံကလေး ဆေးလို့, သောက်ရေ သုံးရေလေး ဖြည့်လို့ ကဋ္ဌိတွေ အိမ်သာတွေ သန့်ရှင်းပေးပြီး ရေထည့်လို့, ဟို မီးဖိုချောင်က လူတွေကလည်း ဆွမ်းကွမ်းတွေ ချက်ပြုတ်လို့...

အဲဒီလို ဝေယျာဝစ္စတွေကို ဟိုး လူမမြင်တဲ့ ချောင်ထဲ မှောင်ထဲကနေ ပြုစုကြတာက စပြီးတော့ အထင်အရှား အခုလို ဝေယျာဝစ္စကြီးကြီးမားမား ပြုစုတာဟာ (ပရိသတ်ရေ...) (ဘာဖြစ်သလဲ။?)ထုနဲ့ထည်နဲ့ စုဆောင်းခဲ့ပြီးပြီ တဲ့။ "တို့တော့ဖြင့် ဘာမှ မပြုစုလိုက်ရဘူးဟဲ့" ဆိုပြီးတော့ ဝမ်းနည်းစရာများ ရှိဦးမလား?

အရှင်အာနန္ဒာကို ဘုရားမြတ်စွာက ဒါပဲ မိန့်တော့ ဘုရားမိန့်တော်မူချက်စကားကို ကြားလိုက်ရရင် ဘုန်းကြီးတို့ ပရိသတ်လည်းပဲ ဒါအတွက် ကျေနပ်စရာပါပဲ တဲ့၊ ဟုတ်လား။

**"ကတပုညောသိ တွံ အာနန္ဒ၊ ပဓာန မနုယုဉ္ဇ"**

"**အာနန္ဒ**၊ ချစ်သားအာနန္ဒာ။ **တွံ**၊ သင်ချစ်သားသည်။ **ကတပုညော**၊ ကောင်းမှုတွေကို အလုံအလောက် စုဆောင်းထားခဲ့ပြီးသည်။ **အသိ**၊ ဖြစ်ပါပေ၏။ **တသ္မာ**၊ ထို့ကြောင့်။ **တွံ**၊ သင်သည်။ **ပဓာနံ**၊ ပဓာနလုပ်ငန်းကိုသာလျှင်။ "ပရိသတ်ကြီးရေ ဘာလုပ်ငန်းလဲ?"

"ပဓာနလုပ်ငန်းပါ ဘုရား"

အေး...မိမိတို့ရဲ့ ကျေးဇူးရှင် ဆရာတော်ကြီး လျှောက်လှမ်းတော်မူခဲ့တဲ့ လမ်းကို လှမ်းလို့ ကြည့်လိုက်ကြ။ နောက်ဆုံး အချိန်ကလေးမှာတောင် ဖြစ်ပေါ်လာတဲ့ ကာယိက ဒုက္ခဝေဒနာကို သည်းခံပြီးတော့ အလုပ်လုပ်သွားသေးတယ် နော်။

**ပဓာနံ**၊ ပဓာနလုပ်ငန်းကိုသာလျှင်။ **အနုယုဉ္ဇ (အနုယုဉ္ဇထ)**၊ ကောင်းစွာမသွေ အားထုတ်တော်မူလိုက်ကြလေကုန်ရာသတည်း။

သာဓု...သာဓု...သာဓုပါ ဘုရား

✿ ✿ ✿ ✿ ✿

# ဆန္န ထေရ်နှင့် ဘယ်သို့ကျင့်

''ချစ်သားအာနန္ဒာ...မေးစရာရှိရင် မေးထားလိုက်ပါ'' ဆိုတော့ အရှင်အာနန္ဒာ မထေရ်မြတ်က ဘုရားရှင်ကိုယ်တော်မြတ်ကို မေးလျှောက်တာတွေ တော်တော်များများရှိတဲ့အထဲမှာ ခုနက နံပါတ်(၅) အချက်နဲ့ ပတ်သက်တာလေးပေါ့လေ။

ဘုန်းကြီးတို့က ဆရာတော်ကြီး ဘာ့ကြောင့် ဒီနံပါတ်(၅) စည်းကမ်းချက်ကို ချမှတ်သလဲ။? ဆိုတာလေးဟာ ပါဠိတော်မှာလာတဲ့ စကားနဲ့ တော်တော်လေး တိုက်ဆိုင်နေတာကို သတိရတယ်။ အရှင်အာနန္ဒာက ''ဆန္နမထေရ်နဲ့ ပတ်သက်လို့ ဘယ်လို ကျင့်သုံးရမလဲ။?'' ဒါဆို သိပြီ။ မြင်းမြီးဆွဲမောင်ဆန်ကို ပြောတာဟုတ်လား။ သိဒ္ဓတ္ထ မင်းသားနဲ့ တစ်နေ့တည်း တစ်ရက်တည်းလည်း ပြိုင်တူဖွားတယ်၊ အတူတူ ကစားကြတယ်၊ သိဒ္ဓတ္ထတောထွက်တော့လည်းသူပဲ တောထဲ လိုက်ပို့ခဲ့ရတယ်။

နောက်...ဘုရားဖြစ်ပြီးတော့ နေပြည်တော်ကိုလည်း ပြန်ရောက်ရော။ လက်ျာရံက အရှင်သာရိပုတ္တရာ, လက်ဝဲရံက အရှင်မောဂ္ဂလာန်, အလုပ်အကျွေးက အရှင်အာနန္ဒာ, ဒီလိုတွေ ဖြစ်လာတော့ တစ်ရက်တည်း အတူတူဖွါး, ငယ်ငယ်ကတည်းက လည်ပင်းဖက် ကစားခဲ့တဲ့ ဆန္နက မကျေနပ်ဘူး။

''ငါက တစ်ရက်တည်းလည်းဖွါးသေး, အတူတူ လည်ပင်းဖက်လည်း ကစားခဲ့ကြသေး, တောထွက်တော့လည်း ငါပဲ လိုက်ပို့ခဲ့ရသေးတာ။ ခုမှ ဟိုလူက ဝင်လာ, လက်ဝဲရံ တဲ့။''

''ဒီလူက ဝင်လာ, လက်ျာရံ တဲ့'' ဆိုပြီးတော့ ဆန္နမထေရ်က သာရိပုတ္တရာနဲ့ မောဂ္ဂလာန်တို့ကို အရိုအသေ မပြုဘူး ပရိသတ်ရေ...။

ဘုရားနဲ့ ဖွါးဖက်တော် ဆိုပြီးတော့ မာနတွေ ဝင်နေလိုက်တာ၊ ဘုရား ပရိနိဗ္ဗာန်စံတဲ့နေ့အထိ ဆန္နဟာ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ဘာမှ မရဘူး။ အဲဒီ မာနကြောင့် သူ တရားထူး မရရှာတာ။

အဲဒီတော့ ဘုရားသာမရှိရင် အရှင့်ဆန္နကို ဆုံးမဖို့ တော်တော် ခက်မယ်။ ဘုရားရှင်ရဲ့ မျက်မှောက်မှာတောင် ဆုံးမလို့ မရတာဆိုတော့ ဘုရားသာမရှိရင် ဆုံးမရခက်ရချေရဲ့'' ဆိုပြီးတော့ (အရှင်အာနန္ဒာက ဘုရားကို မေးတဲ့ မေးခွန်းတွေ အများကြီးထဲမှာ) အဲဒါလေးလည်း တစ်ခုပါတယ်။

**တေန ဟိ အာနန္ဒ ဆန္နော ဗြဟ္မဒဏ္ဍော ဒါတဗ္ဗော**

''**အာနန္ဒ**၊ ချစ်သားအာနန္ဒာ။ **တေနဟိ**၊ ထိုသို့ဖြစ်ပါမူကား။ **ဆန္နော (ဆန္နဿ)**၊ အရှင့်ဆန္နအား။ **ဗြဟ္မဒဏ္ဍော**၊ ဗြဟ္မဒဏ်ကို။ **ဒါတဗ္ဗော**၊ ပေးလိုက်။''

''**အာနန္ဒာ**၊ ဆန္နမထေရ်ကို ဗြဟ္မဒဏ် ထားလိုက်'' တဲ့။

''ပရိသတ်ကြီးရေ...ဘာ ဒဏ်ထားမယ်။?''

''ဗြဟ္မဒဏ် ထားရမှာပါ ဘုရား''

''ဗြဟ္မဒဏ် ထားတယ်'' ဆိုတာက ကောင်းရာကိုလည်း မပြောနဲ့တော့၊ ဆိုးတာလုပ်နေလို့လည်း မတားနဲ့တော့၊ အကောင်းအဆိုး ဒီ နှစ်မျိုးကို မပြောဆိုဘဲ မဆက်ဆံဘဲ အဲဒီလို မာနကြီးတဲ့ ကိုယ်တော်ကို ဒီအတိုင်း ပစ်ထားလိုက်တော့ တဲ့။

အရှင်အာနန္ဒာ မေးလိုက်တဲ့ အတွက်ကြောင့် ဘုရားရဲ့ ဖွါးဖက်တော် အရှင်ဆန္ဒအပေါ်မှာ သံဃာတော်တွေ ဆက်ဆံရမယ့် စည်းကမ်းတစ်ခုကို ဒီမှာ ရလိုက်တယ် ပရိသတ်ရေ နော်။

## အမျိုးသမီးများနှင့် ဘယ်သို့ကျင့်

ပြီးတော့ အရှင်အာနန္ဒာက မေးသေးတယ်။

**ကထံ မယံ ဘန္တေ မာတုဂါမေ ပဋိပဇ္ဇာမ**

(သုတ်မဟာဝါ၊ မဟာပရိနိဗ္ဗာနသုတ္တန်၊ ပါ၊ နှာ၊ ၁၁၆)

**ဘန္တေ၊** ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ **မယံ၊** တပည့်တော်တို့တစ်တွေဟာ။ **မာတုဂါမေ (မာတုဂါမေသု)၊** မာတုဂါမလို့ ခေါ်ရတဲ့ အမျိုးသမီးတွေရဲ့ အပေါ်မှာ။ **ကထံ ပဋိပဇ္ဇာမ၊** ဘယ်လိုကျင့်ရလျှင် ကောင်းမလဲဘုရား တဲ့။

ဒါ မေးလိုက်တယ်။ ဒီတော့ ဘုရားရှင်ကိုယ်တော်မြတ်က...

**(၁) အဒဿနံ အာနန္ဒ (သာဓု)**

''**ချစ်သားအာနန္ဒာ၊** မာတုဂါမတွေကို ဘယ်လိုပေါင်းသင်းဆက်ဆံရမလဲ? ဆိုရင် **အဒဿနံ အာနန္ဒ သာဓု** အဲဒါ မမြင်အောင်သာ နေလိုက်တော့'' တဲ့။

''ဘယ်လို နေရမတဲ့လဲ။?''

''မမြင်အောင်သာ နေရမှာပါဘုရား''

အေး... မာတုဂါမတွေကို အကောင်းဆုံး ဆက်ဆံနည်းကတော့ အဲဒါ မတွေ့မမြင်အောင်သာ နေ တဲ့။

''အကယ်၍များ တွေ့လာခဲ့ရရင် ဘယ်လိုလုပ်မလဲဘုရား။?'

(၂) အနာလာပေါ် အာနန္ဒ သာဝ

''ချစ်သားအာနန္ဒာ...စကားမပြောဘဲနေလိုက်တာ အကောင်းဆုံးပဲ။''

''ရှောင်လွှဲလို့မရ စကားပြောရမယ်ဆိုရင် ဘယ့်နှယ်လုပ်မလဲဘုရား?'' ဆိုတော့...

''အေး...အာနန္ဒာ ရှောင်မရ, တိမ်းမရ စကားပြောရတော့မယ်ဆိုရင်တော့...

(၃) သတိ အာနန္ဒ ဥပဋ္ဌာတဗ္ဗော

အာနန္ဒာရေ... သတိသာထားတော့'' တဲ့။

မြတ်စွာဘုရားက ဒီလို အရှင်အာနန္ဒာကို မှာပစ်ခဲ့တာရှိတယ် ပရိသတ်ရေ နော်။

## နောက်ဆုံးသွန်ကြား လမ်းညွှန်များ

အဲဒါကြောင့် ဘုန်းကြီးတို့ ဆရာတော်ဘုရားကြီးကလည်း ဒီမှာ သူ့ရဲ့ ''ရုပ်အလောင်းတော် အနီးအနားလာပြီးတော့ ဂါထာလင်္ကာတွေ, ကဗျာတွေ, ဘုန်းတော်ဘွဲ့တွေ သီဆို ရွတ်ဖတ်ကြတာမျိုး မာတုဂါမတွေ မလုပ်ကြနဲ့'' ဆိုတာဟာဖြင့် (ပရိသတ်ရေ) ဆရာတော်ဘုရားကြီးဟာ တော်တော့်ကို စဉ်းစဉ်းစားစားနဲ့ စီမံထားခဲ့တယ်ဆိုတာ သိသာနိုင်တယ် ဟုတ်လား။ ဒါဟာ ဆရာတော်ဘုရားကြီးရဲ့ ဩဝါဒပဲ။ ''ဒါ... တစ်သာသနာလုံးအတွက် လမ်းညွှန်ချက်ပဲ။''

နောက်ဆုံးနေ့မှာ ပေးတဲ့ ဩဝါဒမို့လို့ တစ်သာသနာလုံးအတွက် းညွှန် ဖြစ်သွားတယ်။ "နိုင်ငံတော်ဩဝါဒစရိယ" ဆိုတဲ့ ဘွဲ့တံဆိပ် ်နဲ့ လျော်ညီစွာ တစ်နိုင်ငံလုံးကို ဒါ ဩဝါဒပေါင်း(၁၃)ချက် ပေးပြ ခဲ့တာ။

မိမိရဲ့ ရုပ်ကလာပ်ကို ဘယ်လို စီမံခန့်ခွဲရမယ်ဆိုတာနဲ့ ပတ်သက် ဘာ့ (၁၃)ချက် ပေးသွားတဲ့ ဩဝါဒစာရွက်လေးတွေကို ပရိသတ် လုံးပဲ ရပြီးသား ဖြစ်ကြလိမ့်မယ်။

ပြီးတော့ "ရဋ္ဌဂုရု" ဆိုတဲ့ ဘွဲ့တံဆိပ်တော်ကိုလည်း ဆရာတော် ားကြီးက အလှူခံ ရရှိထားတော်မူတယ်။

"ရဋ္ဌဂုရု" ဆိုရာမှာ...

ရဋ္ဌ...ဆိုတာ တိုင်းပြည်။

ဂုရု...ဆိုတာ ဆရာ။

ရဋ္ဌဂုရု ဆိုတော့ တိုင်းပြည်ရဲ့ဆရာတော်။ ကနေ့ တိုင်းပြည်ရဲ့ ာတော် ပီပီသသ ဒါ တိုင်းပြည်ကို အဆုံးအမ ဩဝါဒ ပေးသွားတာ

အဲဒါကြောင့်မို့လို့ ဒီကနေ့ ဆရာတော်ဘုရားကြီးရဲ့ နောက်ဆုံး ာ ဒီဩဝါဒတွေကို တသွေမတိမ်း လိုက်နာပြီးတော့ အားလုံး ာင်ရွက် လိုက်ကြရတာဟာလည်းပဲ ဆရာကောင်းရဲ့ တပည့်များ ဆရာ့ရဲ့ နောက်ဆုံးစကားကို လိုက်နာခွင့် ရလိုက်တာကိုက ဒါ းကြီးတို့အားလုံး နိုင်ငံတော်အစိုးရအပါအဝင် ဒကာ, ဒကာမ, ပတ်အားလုံး ဒါ အခွင့်ကောင်းတစ်ရပ်ကို ရလိုက်တာပါပဲ။

ဆရာတော်ကြီးရဲ့ နောက်ဆုံး စကားတစ်ခုကို လိုက်နာခွင့် ရလိုက်တာဟာ သိပ်ကောင်းတဲ့ အခွင့်အရေးကောင်းကြီးတစ်ရပ်ကို လိုက်နာခွင့် ရလိုက်တဲ့အတွက်ကြောင့် ဘုန်းကြီးတို့တော့ တော်တော်လေးပဲ ဝမ်းသာကျေနပ်ရပါတယ်။

ဒီ ဩဝါဒတွေဟာ သာသနာတော်တစ်ရပ်လုံးအတွက် ဩဝါဒ ပေးသွားတာတွေပါ။ ဒါ လမ်းညွှန်ပဲ၊ ဂိုက် (GUIDE) ပဲ။

❁ ရပ်ကလာပ်ကို သင်္ဂြိုဟ်တဲ့ အခမ်းအနားကို (၇)ရက်ပဲ ထားရမယ်။ (အဝေးအနီး လာနိုင်အောင်လို့)

❁ နံပါတ်(၂)မှာတော့ သင်္ဂြိုဟ်ရန် ကိစ္စအားလုံးကို စစ်ကိုင်း တောင်ရိုး ရွှေကျင်ဂိုဏ်းသို့ လွှဲအပ်ရမယ်။ ရွှေကျင်ဂိုဏ်း ရဲ့ စီမံလမ်းညွှန်မှုအောက်မှာ အကုန်လုံး ရှိရမယ်။

❁ နံပါတ်(၃)က သင်္ဂြိုဟ်တဲ့နေ့မှာ မရှိတဲ့ဂုဏ်ပုဒ်တွေကို ချီးကျူး ဖတ်ကြားခြင်း ရွတ်ဆိုခြင်း မပြုကြရဘူး။

❁ နံပါတ်(၄)မှာ ရိုးရိုး အတ္ထုပ္ပတ္တိအကျဉ်းမျှကိုသာ ဖတ်ကြား လိုက ဖတ်ရန်... ဆိုတော့ မဖတ်ချင်လည်း နေလို့ရ တယ်၊ သိပ်ပြီး ရေးကြီးခွင်ကျယ် လုပ်မနေကြနဲ့တဲ့။

❁ နံပါတ်(၅)ကျတော့ သီလရှင်နဲ့ မာတုဂါမများ လုံးဝ ရွတ်ဆိုခွင့် မပြုရ။ နေ့စဉ် ညဘက်၌ တရားပွဲကျင်းပရန် ပျော်ပွဲရွှင်ပွဲ မပါရ။

❁ နံပါတ်(၇)ကျလို့ရှိရင် သံဃာနဲ့ သီလရှင်များရဲ့ အလှူ အတန်း အကူအညီကို လက်မခံရ။

- နံပါတ်(၈)မှာရွှေကျောင်ဂိုဏ်း အစဉ်အလာ ရိုးရိုး သင်္ဂြိုဟ်နည်းမှလွဲ၍ ခမ်းနားကြီးကျယ်စွာ ငွေကုန်လူပန်းခံပြီး သင်္ဂြိုဟ်တဲ့ အခမ်းအနားတွေ မပြုလုပ်ရ။
- နံပါတ်(၉)မှာ အရိုးများကို မြစ်ထဲသို့ မျှောလိုက်၍ ပြာများကို ရောဝတီမြစ်ထဲသို့ မျှောလိုက်ရမယ်၊ ဒါ နံပါတ်(၉)မှာ။

## ပူဇော်ပွဲကို မျက်နှာလွှဲ အနှစ်သာရပဲလုပ်

**ကထံ မယံ ဘန္တေ တထာဂတဿ သရီရေ ပဋိပဇ္ဇာမ**

**ဘန္တေ ဘဂဝါ**၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ **မယံ**၊ တပည့်တော်တို့တစ်တွေသည်၊ **တထာဂတဿ သရီရေ**၊ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ရုပ်ကလာပ်တော်မှာ။ **ကထံ ပဋိပဇ္ဇာမ**၊ ဘယ်လိုများ ကျင့်သုံးပြီးတော့ နေကြရပါမည်နည်းဘုရား။

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား...

ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ရုပ်ကလာပ်ကို တပည့်တော်တို့ ဘယ်လို ကျင့်သုံးရမလဲ။?"

အရှင်အာနန္ဒာ မထေရ်မြတ်က ဒါကိုလည်း မေးဖူးတယ်၊ ဒီတော့ ဒီနေရာမှာ ဘုရားရှင် ဖြေကြားချက် (၂)ခုကို (ပရိသတ်ရေ) ဂရုစိုက်ပြီး မှတ်ကြည့်လိုက်ကြစမ်းပါ။ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးရင် မြတ်စွာဘုရားရဲ့ ရုပ်ကလာပ်ကို ဘယ်လိုလုပ်ရမလဲ၊? ဘယ်လိုဆောင်ရွက်ရမလဲ။? ဒီမေးခွန်းကို မြတ်စွာဘုရားက...

**အပ္ပေါဿုက္ကာ တုမှေ အာနန္ဒ ဟောထ တထာဂတဿ သရီရပူဇာယ**

(သုတ်မဟာဝါ၊ မဟာပရိနိဗ္ဗာနသုတ္တန်၊ ပါ၊ နှာ၊ ၁၁၇)

**အာနန္ဒ**၊ ချစ်သားအာနန္ဒာ။ **တထာဂတဿ**၊ တထာဂတ ခေါ်တွင် ဘုရားရှင်ကိုယ်တော်မြတ်ရဲ့။ **သရီရပူဇာယ**၊ ရုပ်ကလာပ်တော်ကို ပူဇော်ခြင်းဆိုတဲ့ ဒီကိစ္စမှာ။ **တုမှေ**၊ သင်တို့တစ်တွေသည်။ **အပ္ပေါဿုက္ကာ**၊ ကြောင့်ကြ မစိုက်ကြကုန်သည်။ **ဟောထ**၊ ဖြစ်ကြကုန်လော့။

''ချစ်သားအာနန္ဒာ ငါဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ရုပ်ကလာပ်ကို သင်္ဂြိုဟ်ဖို့ ကိစ္စမှာ ချစ်သားတို့တစ်တွေ ဘာမှ ကြောင့်ကြမစိုက်ကြနဲ့'' တဲ့။

ပရိသတ်ရေ... ''ဘုရားရှင်ရဲ့ ရုပ်ကလာပ်တော်ကို သင်္ဂြိုဟ်ဖို့ ကိစ္စမှာ သံဃာတော်တွေ ကြောင့်ကြ မစိုက်ကြပါနဲ့'' ဆိုတော့ ဘယ်သူက ကြောင့်ကြ စိုက်မှာလဲဆိုရင်...

**ဃဋထ တုမှေ အာနန္ဒ သာရတ္ထေ ဃဋထ အနုယုဉ္ဇထ သာရတ္ထေ အပ္ပမတ္တာ အာတာပိနော ပဟိတတ္တာ ဝိဟရထ။**

(သုတ်မဟာဝါ၊ မဟာပရိနိဗ္ဗာနသုတ္တန်၊ ပါ၊ နှာ၊ ၁၁၇)

**အာနန္ဒ**၊ ချစ်သားအာနန္ဒာ။ **တုမှေ**၊ သင်ချစ်သားတို့တစ်တွေကို။ **ဃဋထ**၊ ငါဘုရားရှင်ကိုယ်တော်မြတ်က တိုက်တွန်းပါတယ်။ **သာရတ္ထေ ဃဋထ**၊ အနှစ်သာရ ပါတဲ့အလုပ်တွေကို အားထုတ်ကြ။ **သာရတ္ထေ**၊ အနှစ်သာရရှိတဲ့ လုပ်ငန်းတွေကိုသာလျှင်။ **အနုယုဉ္ဇထ**၊ အားထုတ် လိုက်ကြကုန်လော့။

ပရိသတ်ကြီးရေ... ဘာကို အားထုတ်ကြရမယ်ဆိုတာ အဲဒါ လမ်းညွှန်ပဲ။ ဘုရားလမ်းညွှန်သွားတာကို ဒီကနေ့ ဘုန်းကြီးတို့ ဆရာတော်ဘုရားကြီးက မြင်တော်မူပြီး ရေးထားခဲ့တာ။

**သာရတ္ထေ ယဋ္ဌထ၊** အနှစ်သာရရှိတဲ့ လုပ်ငန်းတွေ အားထုတ်ကြ။

**သာရတ္ထေ အနုယုဥ္ဇထ၊** အနှစ်သာရရှိတဲ့ လုပ်ငန်းတွေကို သာလျှင် ကျင့်ကြံ၍ နေရစ်ကြ။

**အပ္ပမတ္တာ, အာတာပိနော ပဟိတတ္တာ ဝိဟရထ၊** မမေ့မလျော့ သတိ, ပညာ, ဝီရိယတွေနဲ့ ကျင့်သုံးနေထိုင်ကြ။

ဒါဆိုရင် ရုပ်ကလာပ်ကြီးကို ဘယ်လိုလုပ်မလဲ။? ဆိုတော့ ''သာရတ္ထေ ယဋ္ဌထ'' တဲ့၊ (ပရိသတ်ကြီးရေ) ဒီစကားလုံးလေးကို သေချာမှတ်လို့ အပြန်မှာ ရအောင် ယူသွားလိုက်ကြပါ။

**''သာရတ္ထေ ယဋ္ဌထ''** တဲ့။

''ကဲ... ဘာတဲ့လဲ။? ပြောပါဦး''

''သာရတ္ထေ ယဋ္ဌထပါ ဘုရား''

''အနှစ်သာရရှိတဲ့ လုပ်ငန်းတွေကိုပဲ အားထုတ်ကြ တဲ့။''

ဒါ ဘုရား မိန့်ခွန်းပဲ။ ဘုန်းကြီးတို့ ကျေးဇူးရှင်ဆရာတော်ဘုရားကြီးက ဒါကို ကြည့်ပြီးတော့ ဒီ ''မှာတမ်း'' တွေကို ရေးထားခဲ့တာ ပရိသတ်ရေ နော်။ ''အနှစ်သာရမရှိတာတွေ မလုပ်ကြနဲ့'' ဆိုတဲ့ စကားမျိုးကို မသုံးနှုန်းခဲ့ပေမယ့်လည်း ''အနှစ်သာရရှိတဲ့ လုပ်ငန်းတွေကိုသာ လုပ်ကြ'' လို့ ဆိုလိုက်တာနဲ့ ''အနှစ်သာရ မရှိတဲ့ လုပ်ငန်းတွေကို မလုပ်ကြနဲ့'' ဆိုတဲ့ အဓိပ္ပါယ်က ပါပြီးသား ဖြစ်သွားတယ်၊ ဟုတ်လား။

အေး…ဒီကနေ့ ဒီ မိန့်ခွန်းတော်တွေအတိုင်း ဆောင်ရွက်နေတာ ကိုက ဘုန်းကြီးတို့ နိုင်ငံတော်အစိုးရ အပါအဝင် သံဃာတော်တွေရော, တပည့် ဒကာ, ဒကာမတွေပါ အားလုံး ကံကောင်းကြတာပါ။ သာရတ္ထ လုပ်ငန်းတွေကို ဘုန်းကြီးတို့တစ်တွေ ဒီကနေ့ လုပ်ခွင့်ရကြတယ်။ အသာရတ္ထ လုပ်ငန်းတွေ ဒီဈာပနပွဲမှာ မပါဘူး။

## ပညာရှိတွေ ဆောင်ရွက်နေ

ဒါဆိုရင် တပည့်တော်တို့က မြတ်စွာဘုရားရဲ့ ရုပ်ကလာပ်တော် သင်္ဂြိုဟ်ခြင်းကိစ္စမှာ ကြောင့်ကြမစိုက်ကြရဘူးဆိုရင် ဘယ်သူတွေက လုပ်ကြမှာတုန်း? ဆိုရင်…

**သန္တာနန္ဒ ခတ္တိယပဏ္ဍိတာပိ ဗြာဟ္မဏပဏ္ဍိတာပိ ဂဟပတိ ပဏ္ဍိတာပိ တထာဂတေ အဘိပ္ပသန္နာ၊ တေ တထာဂတဿ သရီရပူဇံ ကရိဿန္တိ။**

(သုတ်မဟာဝါ၊ မဟာပရိနိဗ္ဗာနသုတ္တန်၊ ပါ၊ နှာ၊ ၁၁၇)

**အာနန္ဒ**၊ ချစ်သားအာနန္ဒာ။ **ခတ္တိယပဏ္ဍိတာပိ**၊ မင်းပညာရှိ တို့သည်လည်း။ **သန္တိ**၊ ရှိကြလေကုန်၏။ **ဗြာဟ္မဏပဏ္ဍိတာပိ**၊ ပုဏ္ဏား ပညာရှိတို့သည်လည်း။ **သန္တိ**၊ ရှိကြလေကုန်၏။ **ဂဟပတိပဏ္ဍိတာပိ**၊ သူဌေးသူကြွယ် ပညာရှိတို့သည်လည်း။ **သန္တိ**၊ ရှိကြလေကုန်၏။ **တေ**၊ မင်းပညာရှိရယ်, ဗြာဟ္မဏပညာရှိရယ်, သူဌေးပညာရှိရယ်, အဲဒီ ပုဂ္ဂိုလ် တွေဟာ။ **တထာဂတေ**၊ တထာဂတခေါ်တွင်, ငါ ဘုရားရှင် ကိုယ်တော် မြတ်ရဲ့ အပေါ်မှာ။ **အဘိပ္ပသန္နာ**၊ အလွန့်အလွန် ကြည်ညိုကြတယ်။

မြတ်စွာဘုရားအပေါ်မှာ အလွန်ကြည်ညိုကြတဲ့သူတွေဟာ ဘယ်သူတွေလဲ။? ဆိုတော့ ဒီပါဠိတော်မှာ (၃)မျိုး ထုတ်ပြသွားတယ်။

၁။ ခတ္တိယ ပဏ္ဍိတ

၂။ ဗြာဟ္မဏ ပဏ္ဍိတ

၃။ ဂဟပတိ ပဏ္ဍိတ

ဟိုး...လွန်ခဲ့တဲ့ နှစ်ပေါင်း(၂၅၀၀)ကျော်ရဲ့ လူနေမှု လူ့သဘာဝကို ကြည့်ပြီးတော့ ဘုရားက ဒီစကားကို မိန့်တာ ပရိသတ်ရေ နော်။

"မင်းပညာရှိတွေ ငါဘုရားရှင်ကိုယ်တော်မြတ်ကို သိပ် ကြည်ညို ကြပါတယ်။"

"ဗြာဟ္မဏပဏ္ဍိတ်တွေလည်း ငါဘုရားကို သိပ် ကြည်ညိုကြ တယ်။"

"မင်းလည်းမဟုတ် ဗြာဟ္မဏလည်းမဟုတ်တဲ့ တခြားသူဌေး သူကြွယ်နဲ့ လူသာမန် ကုန်သည် လယ်လုပ်တွေကလည်းပဲ ဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်တွေ ငါ ဘုရားမြတ်စွာကို (ဘာတဲ့လဲ။?) ကြည်ညိုကြပါတယ်။

**ပဏ္ဍိတ**၊ ပညာရှိဆိုတဲ့ စကားရပ် ဒီမှာ (၃)ခု ပါတယ် နော်။

၁။ ခတ္တိယ ပဏ္ဍိတ၊ မင်း ပညာရှိ

၂။ ဗြာဟ္မဏပဏ္ဍိတ၊ ဗြာဟ္မဏ ပညာရှိ
(ပုဏ္ဏားလို့ မပြောလိုက်နဲ့)

၃။ ဂဟပတိပဏ္ဍိတ၊ သူဌေး သူကြွယ် ကုန်သည် လယ်လုပ် ပညာရှိ။ အဲဒီ (၃)မျိုးတို့ဟာ ငါဘုရားရှင်ကိုယ်တော်မြတ်ရဲ့ အပေါ်မှာ (ဘယ်လိုပါလဲ?) ဟာ ကြည်ညိုကြတယ်။

**တေ တထာဂတဿ သရီရံ ပူဇံ ကရိဿန္တိ တဲ့။**

တေ၊ ထိုပညာရှိ(၃)မျိုးတို့သည်။ **တထာဂတဿ သရီရပူဇံ၊** ဘထာဂတခေါ်တွင် မြတ်စွာဘုရားရှင်ရဲ့ ရုပ်ကလာပ်တော် ပူဇော်တဲ့ အမှုကို။ **ကရိဿန္တိ၊** ကောင်းစွာမသွေ ပြုရစ်ကြရကုန်လိမ့်သတည်း။

သာဓု...သာဓု...သာဓုပါ ဘုရား

## သာရတ္ထမှာတမ်း လမ်းညွှန်ကျမ်း

''ချစ်သားအာနန္ဒာ... ငါဘုရားရဲ့ ရုပ်ကလာပ်တော် ပူဇော်ပွဲကို ဘယ်လိုလုပ်ရမလဲ? လို့ သင်ချစ်သားတို့ ကြောင့်ကြစိုက်မနေကြပါနဲ့။ သင်တို့က အနှစ်သာရရှိတဲ့ အလုပ်တွေကိုသာ လုပ်ကြစမ်းပါ။''

''မင်းပညာရှိတွေ, ဗြဟ္မဏပညာရှိတွေ, သူဌေးသူကြွယ် ကုန်သည်လယ်လုပ် ပညာရှိတွေက ငါဘုရားမြတ်စွာကို သိပ်ကြည်ညို ကြတယ်၊

အဲဒီလို ငါဘုရားကို ကြည်ညိုကြတဲ့ ခတ္တိယပဏ္ဍိတ, ဗြဟ္မဏ ပဏ္ဍိတ, ဂဟပတိပဏ္ဍိတ ဆိုတဲ့ ပုဂ္ဂိုလ်တွေက ငါဘုရားမြတ်စွာရဲ့ ရုပ်ကလာပ်တော် ပူဇော်ပွဲကို သူတို့ ကြောင့်ကြစိုက်ကြပါလိမ့်မယ်'' တဲ့။ ဒီလို ပြောသွားတယ်။

ဘုရားမြတ်စွာရဲ့ ရုပ်ကလာပ်တော်ပူဇော်ပွဲကို ကြောင့်ကြစိုက်မယ့် ပုဂ္ဂိုလ်တွေဟာ...

၁။ ခတ္တိယ ပဏ္ဍိတ ရယ်

၂။ ဗြဟ္မဏ ပဏ္ဍိတ ရယ်

၃။ ဂဟပတိ ပဏ္ဍိတ ရယ်

သူတို့ တစ်တွေက ကြောင့်ကြစိုက်ကြလိမ့်မယ်။

အရှင်အာနန္ဒာမထေရ်မြတ်က တာဝန်က တော်တော်ကြီးတာမို့ စိုးရိမ်ပြီးတော့ တစ်လောကလုံးက ဝိုင်းအုံ ပူဇော်ကြမယ့် မြတ်စွာဘုရားရဲ့ ဒီ အန္တိမပူဇော်ပွဲကို တို့ ဘယ်လိုများ လုပ်ရပါမလဲ? ဆိုတာ တွေးပြီးတော့ လုပ်ထုံးလုပ်နည်းလေးကို ဘုရားဆီ မေးထားလိုက်တာ ပရိသတ်ရေ နော်။

မြတ်စွာဘုရားက...

''ချစ်သားအာနန္ဒာ... သင်တို့ အဲဒါတွေ ကြောင့်ကြစိုက်မနေကြနဲ့ မင်းပညာရှိတွေ လုပ်ကြလိမ့်မယ်, ဗြဟ္မဏပညာရှိတွေ လုပ်ကြလိမ့်မယ်, သူဌေးသူကြွယ် ကုန်သည် လယ်လုပ်ပညာရှိတွေ လုပ်ကြလိမ့်မယ်'' တဲ့။ ဒီလို မဟုတ်လား။ ဒီကနေ့ ဘုန်းကြီးတို့ ရွှေဟင်္သာဆရာတော်ဘုရားကြီးကလည်း ''မှာတမ်း'' တစ်ခါတည်း ရေးသွားတယ်။

''မိမိရဲ့ ရုပ်ကလာပ်ကို ရွှေကျင်ဂိုဏ်းသို့ အပ်လိုက်ရမယ်'' ဆိုတာကြောင့် တိုက်သံဃာတွေက ရွှေကျင်ဂိုဏ်းကို အပ်လိုက်တာပဲ။ ဒါပေမယ့် ဒီနေ့ ဈာပနတာဝန်အရပ်ရပ်ကို ခတ္တိယပဏ္ဍိတ ဖြစ်ကြတဲ့ နိုင်ငံတော်အစိုးရကနေ တာဝန်ယူ သွားပြီးပြီဖြစ်ခြင်းကြောင့် ဒီသရီရပူဇာကိစ္စဟာ သံဃာတော်အရှင်သူမြတ်တွေရဲ့ ပခုံးပေါ်မှာ (ပရိသတ်ရေ) ပေါ့ပေါ့ပါးပါး ဖြစ်သွားတယ်နော်။

ဒီတော့ ဆရာတော်ကြီးဟာ ဒီ (မဟာပရိနိဗ္ဗာန သုတ္တန်ကြီးက) ပ်ဋ္ဌိတော်တွေကို ကြည့်ပြီး ဒီ ''မှာတမ်း'' တော်တွေကို ရေးသားပစ်ခဲ့တာ မို့လို့ ဟကေယ့်ကို ''အနှစ်သာရရှိတဲ့ သာရတ္ထ မှာတမ်းများ'' ဆိုပြီးတော့ (ပရိသတ်ရေ) ဘုန်းကြီးတို့ အနာဂတ် သာသနာတော်အတွက် ဒါဟာ လမ်းညွှန်ပြုကြရမယ်။

## ပြောပြခဲ့ပါ ပူဇော်မှာ

''ဒီလို မင်းပညာရှိ၊ ဗြာဟ္မဏပညာရှိ၊ သူဌေးသူကြွယ် ကုန်သည် လယ်လုပ် ပညာရှိတွေက ဘုရားရုပ်ကလာပ်တော် ပူဇော်ပွဲ လုပ်ကြမယ် ဆိုရင် သူတို့အတွက် လုပ်ရမယ့် လမ်းညွှန်ချက် ပေးထားခဲ့ပါဦးဘုရား သူတို့တစ်တွေအား တပည့်တော်ထံ ပြန်ပြောပြလိုက်ပါ့မယ် ဘယ်လို လုပ်ရမယ်ဆိုတာ ပြောပြပါ'' ဆိုတော့... ဘုရားရှင်ကိုယ်တော်မြတ်က...

**ယထာ ခေါ အာနန္ဒ ရညော စက္ကဝတ္တိဿ သရီရေ ပဋိပဇ္ဇန္တိ၊ ဧဝံ တထာဂတဿ သရီရေ ပဋိပဇ္ဇိတဗ္ဗံ။**

''ဒီလိုဆိုရင် ချစ်သားအာနန္ဒာ... လေးကျွန်းလုံးကို အစိုးရတဲ့ စကြဝတေးမင်းရဲ့ ရုပ်ကလာပ်ကို ဆောင်ရွက်သလိုပဲ ငါဘုရားရဲ့ ရုပ်ခန္ဓာကိုယ်ကိုလည်း ဒီအတိုင်း ဆောင်ရွက်ကြ။''

''ဒါဆိုရင် စကြဝတေးမင်းရဲ့ ရုပ်ကလာပ်ကို ဘယ်လိုလုပ်သလဲ ဘုရား?''ဆိုတော့မှ ဘုရားမြတ်စွာက...

**ရညော အာနန္ဒ စက္ကဝတ္တိဿ သရီရံ အဟတေန ဝတ္ထေန ဝေဌေန္တိ။**

''ချစ်သားအာနန္ဒာ... စကြာမင်းကြီးရဲ့ ရုပ်ခန္ဓာကိုယ်ကို အစာ မချေရသေးတဲ့ အဝတ်အသစ်စက်စက်နဲ့ ရှေးဦးစွာ ရစ်ပတ်ရတယ်။''

''အဲဒီနောက်ကျတော့ကော ဘာလုပ်ရသေးသလဲဘုရား။?''

''ဝိဟတေန ကပ္ပါသေန ဝေဌေန္တိ'' ''ဝိဟတေန ကပ္ပါသေန ဝေဌေန္တိ'' ဆိုတာက ဝါစေ့ထွက်သွား အောင် သေသေချာချာ ဖတ်ထားတဲ့ ဖြူဖွေးဆွတ်နေတဲ့ ဝါဂွမ်းနဲ့ တစ်ထပ် ပတ်။ ပြီးတော့မှ သန့်ရှင်းတဲ့ ပိတ်ဖြူနဲ့ တစ်ထပ် ထပ်ပတ်။ ပြီးတော့ ဝါဂွမ်းနဲ့ တစ်ထပ် ပြန်ပတ်။ အဲဒီလို ဝါဂွမ်းတစ်ထပ်, ပိတ်ဖြူတစ်ထပ်, ပတ်လိုက်တာ (ပရိသတ်ရေ) ခြုံလိုက်ရင် အထပ်ပေါင်း (၅၀၀)တဲ့။ ဒီလို ပတ်ပါ တဲ့။

''စကြာမင်းရဲ့ ခန္ဓာကိုယ်ကို ဒီလိုလုပ်သလို ငါဘုရားရဲ့ ခန္ဓာကိုယ်ကိုလည်း ဒီအတိုင်း လုပ်ကြ'' ဆိုပြီးတော့မှ (ပရိသတ်ရေ) သေသေချာချာ မှာတယ်။

''အဲဒီလို ဝါဂွမ်းနဲ့ ပိတ်ဖြူ အထပ်ပေါင်း(၅၀၀) ပတ်ပြီးတော့ ဘယ်လို ဆက်လုပ်ရမလဲ။?''ဆိုတော့...

''ရွှေတလားထဲမှာ ထည့်လိုက်'' တဲ့။

ပရိသတ်ကြီးရေ ရွှေတလားထဲမှာ ထည့်ပြီးတဲ့ အခါကျတော့မှ နံ့သာထင်းပုံပေါ်မှာ တင်ပြီးတော့ နံ့သာထင်းနဲ့ ပူဇော်ကြ။

**သဗ္ဗဂန္ဓာနံ စိတကံ ကရိတွာ ရညော စက္ကဝတ္တိဿ သရီရံ ဈာပေန္တိ။**

''အဲဒီလို နံ့သာထင်းနဲ့ ပူဇော်လို့ ကြွင်းကျန်တဲ့ အရိုးဓါတ်တော်များကို တပည့်တော်တို့ ဘယ်လို ဆောင်ရွက်ရမလဲဘုရား။?''

**ယထာ ခေါ အာနန္ဒ ရညော စက္ကဝတ္တိဿ သရီရေ ပဋိပဇ္ဇန္တိ၊ ဧဝံ တထာဂတဿ သရီရေ ပဋိပဇ္ဇိတဗ္ဗံ။**

''ချစ်သားအာနန္ဒာ... စကြာမင်းရဲ့ ခန္ဓာကိုယ်က ကြွင်းကျန်တဲ့ အရိုးတွေကို ဆောင်ရွက်သလိုပဲ ငါဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ခန္ဓာကိုယ်က ကြွင်းကျန်တဲ့ အရိုးတွေကိုလည်း အဲဒီအတိုင်း ဆောင်ရွက်ရစ်ကြ'' တဲ့။

## စေတီတည်ခြင်း ရည်ရွယ်ရင်း

''အဲဒါဆို ဘယ်လိုလုပ်မလဲ?'' ဆိုတော့...

**''စာတုမဟာပထေ တထာဂတဿ ထူပေါ ကာတဗ္ဗော''**

''လမ်းဆုံလမ်းမ လမ်းလေးခွရှိတဲ့ ရှိတဲ့နေရာတွေမှာ အဲဒီ အရိုးဓါတ်တော်တွေကို ဌာပနာပြီးတော့ စေတီတည်ထားရစ်ကြ'' တဲ့။

ဘာ့ကြောင့် ဒီလို လမ်းဆုံလမ်းမ လမ်းလေးခွရှိရာမှာ စေတီ တည်ခိုင်းသလဲဆိုတော့...

**တတ္ထ ယေ မာလံဝါ ဂန္ဓံဝါ စုဏ္ဏကံဝါ အာရောပေဿန္တိ ဝါ အဘိဝါဒေဿန္တိ ဝါ စိတ္တံ ဝါ ပသာဒေဿန္တိ၊ တေသံ တံ ဘဝိဿတိ ဒီဃရတ္တံ ဟိတာယ သုခါယ။**

(သုတ်မဟာဝါ၊ မဟာပရိနိဗ္ဗာနသုတ္တန်၊ ပါ၊ နှာ၊ ၁၁၇)

အဲဒီလို လမ်းဆုံ လမ်းမ လမ်းလေးမှာ တည်ထားလိုက်တဲ့ စေတီတော်တွေမှာ ပန်းနဲ့ ပူဇော်မယ်, နံ့သာတွေနဲ့ ပူဇော်မယ်, နံ့သာ မှုန့်တွေ ကြဲချပူဇော်မယ်, ရိုရိုသေသေနဲ့ တစ်ကြိမ်တစ်ခါလောက်များ

ရှိုးလိုက်ကြမယ်၊ ဒါမှမဟုတ် မိမိရဲ့စိတ်ကလေးကို ဘုရားရှင် ကိုယ်တော် မြတ်ရဲ့အပေါ်မှာ ဂုဏ်တော်တွေကို အာရုံတမ်းလို့ ရည်မှန်းကြည်ညို လိုက်ကြမယ်ဆိုရင် တဲ့။

အဲဒီသူတွေဟာ (ပရိသတ်ရေ) ခု ပစ္စုပ္ပန်ဘဝမှာရော နောင် သံသရာဘဝအဆက်ဆက်တွေမှာပါ ရှည်စွာသော ဉာဉ့်နေ့တို့ကာလ ပတ်လုံးတဲ့။ **ဟိတာယ ဘဝိဿတိ၊** အကျိုးစီးပွါးတွေ များစွာ ဖြစ်ကြ ရပေလိမ့်မယ်။ **သုခါယ ဘဝိဿတိ၊** ကောင်းကျိုးချမ်းသာတွေ များစွာ ဖြစ်ကြရပေလိမ့်မယ်။ ဒါ့ကြောင့် (ပရိသတ်ရေ) ငါဘုရားရှင်ကိုယ်တော် မြတ်ရဲ့ ကြွင်းကျန်တဲ့ အရိုးဓါတ်တော်တွေကို လမ်းဆုံးလမ်းမ လမ်းလေးခွ မှာ စေတီတည်ကြ တဲ့။ ဘုရားက မှာခဲ့တာ နော်။

## စကြဝဠာအနှံ့ ဓါတ်တော်ပျံ့

အဲဒီ ဓါတ်တော်တွေက ဘယ်လောက်ရှိသလဲဆိုရင် (ပရိသတ်ရေ)

**စတ္တာလီသသမာ ဒန္တာ၊**

**ကေသာ လောမာစ သဗ္ဗသော။**

**ဒေဝါ ဟရိံသု ဧကေကံ၊**

**စက္ကဝါဠ ပရမ္ပရာ။**

(သုတ်မဟာဝါ၊ မဟာပရိနိဗ္ဗာနသုတ္တန်၊ ပါ၊ နှာ၊ ၁၃၈)

**စတ္တာလီသ သမာဒန္တာ၊** (၄၀)တိတိရှိတဲ့ သွားတော်များ လည်းကောင်း။ **ကေသာစ၊** (၂)ကုဋေ(၅)သန်းရှိတဲ့ ဆံပင်များလည်း ကောင်း။ **လောမာစ၊** ခန္ဓာကိုယ်မှာရှိတဲ့ မွေးညှင်းများလည်းကောင်း။

**သဗ္ဗသော**၊ အဲဒါတွေ အကုန်လုံးကို။ **ဒေဝါ**၊ နတ်တွေက။ **ငကောက်**၊ တစ်ခုစီ, တစ်ခုစီ။ **စက္ကဝါဠ ပရမ္ပရာ**၊ စကြဝဠာ အဆင့်ဆင့်သို့ ရောက်သည့်တိုင်အောင်။ **ဟရိံသု**၊ ဆောင်ယူ၍ သွားကြကုန်ပြီ။

ဘုရားရှင် ပရိနိဗ္ဗာန် ပြုပြီးတဲ့အခါ ကြွင်းကျန်ရစ်ခဲ့တဲ့ ထူပါရဟ ဖြစ်တဲ့ အဲဒီ သာရီရိက ဓါတ်တော်များကို ကမ္ဘာအရပ်ရပ် စကြဝဠာ အဆက်ဆက်သို့ ရောက်သည့်တိုင်အောင် နတ်တွေ နတ်တွေက လက်ဆင့်ကမ်း လက်ဆင့်ကမ်းပြီး (ဘာလုပ်သွားကြလဲ?) သယ်သွားကြတယ်။ ဒါ မဟာပရိနိဗ္ဗာနသုတ်တော်နိဂုံးမှာ ဒီပါဠိတော် ရှိနေတယ်။

သို့သော်လည်းပဲ...

အဋ္ဌကထာကတော့ အဲဒါပြောတယ်။ ဒီစာတန်းကို သီရိလင်္ကာ နိုင်ငံမှာ စတုတ္ထသံဂါယနာ တင်တဲ့အခါကျတော့မှ သီရိလင်္ကာ ဆရာတော်များက ဘုရားကို ကြည်ညိုလွန်းလို့ ရေးထားပစ်ခဲ့ကြတာ ဆိုပြီးတော့ အဋ္ဌကထာမှာက ဒီလိုလေး မှတ်ချက်ပေးသွားတယ်။ ဒါက အဋ္ဌကထာ စကား။

ဒါပေမယ့် ပရိသတ်ရေ...

ကြည်နူးစရာတော့ အတော်ကောင်းတယ် နော်။

**စတ္တာလီသ သမာဒန္တာ**၊ သွားတော်ပေါင်းကလည်း (၄၀)တိတိ။ **ကေသာစ** (၂)ကုဋေ (၅)သန်းရှိတဲ့ ဆံပင်တွေ။ **လောမာစ**၊ မွေးညှင်းတော်တွေ။ **ဓါတုယော**၊ ကျန်တဲ့ဓါတ်တော်တွေ။ (အဲဒါတွေ အကုန်လုံးကို) **ဒေဝါ**၊ နတ်တွေက။ **စက္ကဝါဠပရမ္ပရာ**၊ စကြဝဠာ အဆက်ဆက်သို့ ရောက်သည့်တိုင်အောင် စကြဝဠာတစ်ခုမှ နောက် စကြဝဠာတစ်ခုသို့

ရောက်သည့်တိုင်အောင်။ **ဟရိသု**၊ ဆောင်ယူ၍ သွားကြလေကုန်ပြီဟု။ **ပေါရာဏာစရိယာ**၊ ရှေးရှေးက သံဂါယနာတင်တော်မူကြတဲ့ ဆရာသခင် အရှင်သူမြတ်တို့သည်။ **ဝဝံ**၊ ဤသို့။ **ပဝုစ္စရေ**၊ **(ပဝုစ္စန္တိ)** မိန့်ဆိုတော်မူခဲ့ကြလေကုန်သတည်း။

သာဓု...သာဓု...သာဓုပါ ဘုရား

## အရိုးပြာရေမျော သူတို့သဘော

အိန္ဒိယပြည်မှာ အဲဒီ အရိုးပြာကို ရေထဲမှာမျှောတဲ့ အစဉ်အလာဟာ ရှေးက အလွန် အားကောင်းတယ်။ မဟတ္တမဂန္ဒီတို့, ဂျဝါဟာလာ နေရူးတို့, သူ့ရဲ့သမီးဖြစ်တဲ့ ဂန္ဒီတို့, ကွယ်လွန်ကြတဲ့အခါ အရိုးကို ပြာဖြစ်အောင် လုပ်ပြီးတော့ လေယာဉ်ပျံနဲ့ သယ်သွားပြီးတော့မှ ဟိုး ဟိမဝန္တာ တောင်တန်းကြီးပေါ်မှာ သွားကြဲချကြတယ်။

အဲဒါကို "ဘာဖြစ်လို့ ဟိမဝန္တာမှာ သွား ကြဲချရတာလဲ။?" လို့ မေးကြည့်လိုက်တော့ ဟိမဝန္တာတောင်ဆိုတာ သူတော်ကောင်းတွေနေတဲ့ တောင်ကြီး၊ နတ်များလည်းပဲ နေတယ်။ ဘုန်းကြီးတို့ ပါဠိပိဋကတ်တွေမှာ နတ်တွေနေတဲ့အကြောင်း အထူးသဖြင့် "ဟေမဝတသုတ္တန်" ဆိုရင် သိပ်ပြီးတော့ ထင်ရှားတယ်။ ဟေမဝတနတ်မင်းကြီးတွေ အဲဒီ ဟိမဝန္တာတောင်ကြီးမှာ နေကြတာ။

ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာ အရှင်မြတ်တွေလည်း ပျော်ကြတာ ဆိုတော့ ဟိမဝန္တာဆိုတာ သူတော်ကောင်းတွေ နေတဲ့နေရာ။

အိန္ဒိယပြည်ထဲကို စီးဆင်းလာတဲ့ မြစ်တကာ့မြစ် (တကယ်တော့ အိန္ဒိယပြည်တင် မဟုတ်ပါဘူးလေ) မြောက်ဘက်ကို စီးဆင်းသွားတဲ့ မြစ်တွေ, ဘုန်းကြီးတို့တစ်တွေရှိရာ အရှေ့တောင်ဘက်ကို မြန်မာနိုင်ငံ ဘက်ကို စီးဆင်းလာတဲ့မြစ်တွေ, ဟိုး အိန္ဒိယရဲ့ အနောက်ဘက် အိန္ဒိယပင်လယ်ကြီးဘက်ကို စီးဆင်းသွားတဲ့ မြစ်တွေအကုန်လုံးဟာ ဘယ်ကနေ စ တင် စီးဆင်းသလဲ။? ဆိုရင်…

ပရိသတ်ကြီးရေ…

ဟိမဝန္တာတောင်ကြီးကနေ စ စီးတာ။ ဟိမဝန္တာတောင်ပေါ်က ရေတွေကလည်း တဖြည်းဖြည်းနဲ့ မြစ်ကလေးတွေ ဖြစ်ပြီးတော့ ပေါင်း ပေါင်း ပေါင်း ပေါင်းပြီးတော့ စီးချလာလိုက်တာ။

ဂင်္ဂါတို့ ယမုံနာ တို့ ဆိုတဲ့ မြစ်ကြီးတွေ ဖြစ်လာပြီးတော့မှ အဲဒီ မြစ်ကြီးတွေကနေ တဆင့် (ဘယ်ရောက်သွားလဲ?) ပင်လယ်ထဲကို ဝင်ကြတာ နော်။ ပင်လယ်ထဲက ရေတွေကမှ တဖြည်းဖြည်းနဲ့ နွေရာသီ ကျတော့ အခိုးအငွေ့တွေ ဖြစ်ပြီးတော့ ကောင်းကင်ကို တက်သွား ကြတယ်။ အဲဒီ ကောင်းကင်က ရေခိုးရေငွေ့တွေက (ဘယ်ရောက် သွားကြသလဲ။?) ဟိမဝန္တာတောင်တန်းကြီးပေါ် ပြန်ရောက်တော့…

ဟိမဝန္တာက အအေးဓါတ်တွေနဲ့ တွေ့ပြီးတော့ ရေပြန်ဖြစ်၊ ပြန်ရွာချ ဆိုတော့ (ပရိသတ်ရေ) ဘယ်လို သဘောပေါက်ဖို့ ကောင်းသလဲ ဆိုတော့ အရိုးပြာတွေဟာ ဟိမဝန္တာကို သွားကြဲချလိုက်ခြင်းအားဖြင့်

မြစ်အဆင့် ဆင့်ကို ဖြတ်သန်းပြီးတော့ စီးဆင်းသွားမယ်။ ပြီးတော့ ပင်လယ်ထဲရောက်သွားမယ်၊ ပင်လယ်ထဲကမှတဆင့် ရေနိုးရေငွေ့တွေ ဖြစ်ပြီးတော့ (ဘယ်ရောက်မလဲ။?) ကောင်းကင်ပျံ တက်သွားဦးမယ်။ သူတို့ရဲ့ အိန္ဒိယပြည်ရဲ့ အယူအဆကတော့ အဓိပ္ပါယ် တစ်မျိုးပါ။

## တိမ်နှယ်လွင့်ပျံ ဆုံးမသံ

သို့သော်လည်းပဲ ဘုန်းကြီးတို့ ကျေနပ်မိတာက ''သြော်... တို့များရဲ့ ဆရာတော်ဘုရားကြီးကလည်းပဲ အရိုးပြာတွေကို ဧရာဝတီမြစ်ထဲ မျှောပစ်လိုက်ရမယ်''ဆိုတာဟာ မြေကြီးမှာ စေတီတစ်ဆူတည်း တည်ထားလိုက်မယ်ဆိုရင် အဲဒီ စေတီရှိတဲ့နေရာကို လာရောက်နိုင်တဲ့ ပုဂ္ဂိုလ်များသာလျှင် (ပရိသတ်ရေ) ဖူးခွင့်ရကြမယ် နော်။

ပြီးတော့ အဲဒီ စေတီကလည်း ပျောက်ကွယ်ပျက်စီးပြီး သွားနိုင်သေးတယ်။ သူလည်းပဲ သင်္ခါရသဘာဝပဲ မဟုတ်လား။ ခုလို အရိုးပြာတွေကို ဧရာဝတီမြစ်ထဲ မျှောချ၊ ဧရာဝတီက ရေတွေက စီးပြီးတော့ သာရီရိက ဓါတ်တော်ပြာတွေကို (ပရိသတ်ရေ) ပင်လယ်ထဲ ရောက်အောင် သယ်သွားမယ်။

ပင်လယ်ထဲရောက်သွားတော့မှ ရေတွေက အခိုးအငွေ့တွေ အဖြစ်နဲ့ ကောင်းကင်တက်သွားပြီးတော့ (ဘယ်သွားဦးမလဲ။?) ဟိမဝန္တာကို သွားဦးမယ်။

ဟိမဝန္တာကနေ မိုးတွေ ပြန်ရွာချ မြစ်ထဲရောက် ပင်လယ်ထဲ ပြန်ရောက်သွားဦးမယ်ဆိုတော့ ပရိသတ်ရေ...

ခုနက သီရိလင်္ကာ ဆရာတော်ဘုရားကြီးတွေက ဘုရားရှင် ကိုယ်တော်မြတ်ရဲ့ ရုပ်ခန္ဓာက ကြွင်းကျန်တဲ့ ဓါတ်တော် မွေတော် ဆံတော် သွားတော်တွေကို နတ်တွေ နတ်တွေဟာ (ဘာဖြစ်သတဲ့လဲ။?) စကြဝဠာ အဆက်ဆက်ကို သယ်သွားကြတယ်လို့ ဒီလို မိန့်ကြတယ်။ ဒါ သီဟိုဠ် ဆရာတော်များ မိန့်တာ။ ဒီကနေ့ ဘုန်းကြီးတို့ ရွှေဟင်္သာဆရာတော် ဘုရားကြီးကလည်း ဒီ အတိုင်းပဲ စီမံထားခဲ့တယ်။

"ငါ့ရဲ့ အရိုးဓါတ်တွေကို နတ်တွေကပဲ သယ်သယ် မသယ်မသယ် ရောဝတီမြစ်ထဲကို မျှောလိုက်ခြင်းဖြင့် ဒီ သဘာဝ ရာသီဥတုကနေ ပြီးတော့ စကြဝဠာနဲ့အောင် ကမ္ဘာမြေကြီးနဲ့အောင် အပြန်အလှန် သယ်သွားကြ လိမ့်မယ်" လို့ ဒီ အဓိပ္ပါယ်မျိုးကို တွေးပြီး ဘုန်းကြီးက သိပ် ကျေနပ်သွားတယ်။ ဒါကြောင့်...ရောဝတီမြစ်ထဲမျှော (ဘယ်ရောက် သွားမလဲ။?) ပင်လယ်ထဲရောက်၊ ပင်လယ်ကနေပြီးတော့ (ဘယ်တက် ဦးမလဲ။?) ကောင်းကင်တက်ဦးမယ်။ ပြီးတော့ ဆရာတော်ကြီး (ဘယ်ကြွ ဦးမလဲ။?) ဟိမဝန္တာကို ကြွဦးမယ်။

ပြီးတော့ ရောဝတီကနေ ပြန်ဆင်းပြီးတော့ ဒီ စစ်ကိုင်းတောင် ခြေကနေ ပတ်ဆင်းပြီးတော့...

"ဟေး... စစ်ကိုင်းက ဦးဇင်းတွေ, ကိုရင်တွေ, ဆရာကြီး ဆရာလေးတွေ, ကောင်းကောင်း နေရစ်ကြ" လို့ ဆုံးမပြီးတော့ တစ်ခါတည်း ဆက်ကြွသွားဦးမယ်၊ ဟုတ်လား။

သာရတွေ့ ဃဋ္ဋေထ

"မင်းတို့ အနှစ်သာရရှိတဲ့ အလုပ်တွေကိုသာ အားထုတ်ကြ"

အမယ်... မြစ်ထဲကနေ ဖြတ်သွားတဲ့အခါ ပြောသွားဦးမှာ နော်။ ဘုန်းကြီးက ဒီလိုပဲ ထင်တာပါပဲ။ ပြီးတော့...

**ပမာနံ အနုယုဉ္ဇ**

''ပမာနကျတဲ့ အလုပ်တွေကိုသာ ရွေးလုပ်ကြပေ့'' ဩဝါဒ(၂)ခု ပေးသွားတယ် မဟုတ်လား။ အဲဒီလိုပေါ့လေ နော်။ ကောင်းကင်ကနေ ပြန်ကြွသွားတဲ့အခါမှာလည်းပဲ အကယ်၍များ စစ်ကိုင်းတောင်ပေါ်ကနေ ဖြတ်သွားရင် ဒီလိုပဲ ပြောသွားလိမ့်မယ်လို့ ဘုန်းကြီးတို့ ဒီလိုပဲ ထင်တာပါပဲ။

**သာရတ္တေ ယဋ္ဌထ**

''အနှစ်သာရရှိတဲ့ အလုပ်တွေကိုသာ လုပ်ကြ''ကွယ်။

**''ပမာနံ အနုယုဉ္ဇ''**

''ပမာနကျတဲ့ အလုပ်တွေကိုသာ လုပ်ကြ''

ပရိသတ်ရေ...ဒီလိုပဲ ပြောသွားမှာပါ၊ အပြန်အလှန် ဒီလိုပဲ လည်နေမှာပါ။ ဘုန်းကြီးတို့ ဒီလိုပဲ ယုံကြည်ထားတယ်။ ဒီတော့ သီဟိုဠ် ဆရာတော်များရဲ့ စာက ဘုန်းကြီးတို့ ဆရာတော်ကြီး စီမံချက်နဲ့ တစ်ထပ်ထည်း လာဖြစ်တယ် နော်။ အဲဒီလို တွေးပြီးတော့ ဆရာတော်ကြီးရဲ့ဂုဏ်ကို တစိမ့်စိမ့်နဲ့ ကြည်ညိုကြရမှာပါ။

**စတ္တာလီသသမာ ဒန္တာ၊**

**ကေသာ လောမာစ သဗ္ဗသော။**

**ဒေဝါ ဟရိံသု ကေကာ၊**

**စက္ကဝါဠ ပရမ္ပရာ။**

ဘဂဝတော၊ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့။ **စတ္တာလီသသမာ၊** (၄၀)တိတိ ရှိကြကုန်သော။ **ဒန္တာစ၊** သွားတော်တို့လည်းကောင်း။

ပရိသတ်ရေ...

''သွားတော်ပေါင်းက ဘယ်လောက်လဲ။?''

''(၄၀)တိတိပါ ဘုရား''

အေး...စတ္တာလီသ သမာ၊ (၄၀) တိတိ။ တချို့လူတွေ သွားတက်တွေ ဘာတွေ ပေါက်ပြီးတော့ (၄၀)ထက် ပိုနေတာရှိတယ်။ တစ်ချို့များကျတော့လည်း သွားတွေကျိုးပဲ့ ပြီးတော့ လျော့နေတာတွေရှိတယ်။ ဘုရားရှင်ကိုယ်တော်မြတ်ကတော့ အပိုမရှိ အလိုမရှိ (၄၀)တိတိ ရှိတယ် ပဲ။

**ကေသာစ လောမာစ သဗ္ဗသော၊** ဆံပင် မွေးညှင်းနဲ့ ဓါတ်တော်မွေတော်တွေ အကုန်လုံးကို။ **စက္ကဝါဠ ပရမ္မရာ၊** စကြဝဠာ အဆက်ဆက်ကို ကွင်းဆက်မိသွားသည့်တိုင်အောင်။ **ဒေဝါ၊** နတ်ဗြဟ္မာတွေက။ ကောကံ၊ တစ်ခုစီ တစ်ခုစီ။ **ဟရိံသု၊** ကောင်းစွာမသွေ့, သယ်ဆောင်တော်မူကြလေကုန်သတည်း။

သာဓု...သာဓု...သာဓုပါ ဘုရား

## လောကသရာ မြတ်ကျမ်းစာ

ပရိသတ်အပေါင်း သူတော်ကောင်းတို့ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်က မိမိရဲ့ ခန္ဓာကိုယ်နဲ့ ပတ်သက်လို့ စီမံချက်တွေကို အရှင်အာနန္ဒာအား မိန့်တော်မူခဲ့သလိုပါပဲ။

ဘုန်းကြီးတို့ ကျေးဇူးရှင် ရွှေဟင်္သာဆရာတော်ဘုရားကြီးကလည်းပဲ မိန့်မှာတော်မူချက်...

''ပရိသတ်ရေ... ခုန ပြောပြထားတာ ဘယ်နှစ်ချက်လဲ။?''

''(၁၃)ချက်ပါ ဘုရား''

အဲဒီလို ပျံလွန်တော်မမူမီ (၁၅)နှစ်အလိုကထည်းက မှာခဲ့တဲ့ အချက်(၁၃)ချက်ထဲက နံပါတ်(၁၀)မှာ ဒါယကာ ဒါယိကာမတွေက အလိုအလျောက် လှူလာတဲ့ ဝတ္ထုငွေများဖြင့် မီးသဂြိုဟ်ပြီး အကပ္ပိယဝတ္ထုပိုခဲ့သော် ပိဋကတ်စာပေများ, ရေးသားရိုက်နှိပ်ပြီးစာအုပ်များ, လက်ရေးစာမူများ, မှတ်စုမှတ်ရာများ, အထွေထွေများကို အကုန်လုံး ပိဋကတ်တိုက်ထဲမှာ စနစ်တကျ သိမ်းထားရမယ် တဲ့။ ဒီလို နော်။

**ယော ဝေါ အာနန္ဒ မယာ ဓမ္မောစ ဝိနယောစ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ။**

(သုတ်မဟာဝါ၊ မဟာပရိနိဗ္ဗာနသုတ္တန်၊ ပါ၊ နှာ၊ ၁၂၆/၈)

**အာနန္ဒ**၊ ချစ်သားအာနန္ဒာ။ **မယာ**၊ ငါဘုရားရှင်ကိုယ်တော်မြတ်သည်။ **ဓမ္မောစ**၊ ဓမ္မကိုလည်းကောင်း။ **ဝိနယောစ**၊ ဝိနယကိုလည်းကောင်း။ **ဒေသိတော**၊ ဟောကြားအပ်ခဲ့ပြီးပြီ၊ **ပညတ္တော**၊ ပညတ်အပ်ခဲ့ပြီးပြီ။

''ချစ်သား အာနန္ဒာ…

ငါဘုရားရှင်ကိုယ်တော်မြတ်က ဓမ္မနဲ့ ဝိနယကို ဟောထားခဲ့ပြီးပြီ''

''ပရိသတ်ရေ… ဘာနဲ့ ဘာကိုလဲ။?''

''ဓမ္မနဲ့ ဝိနယပါ ဘုရား''

ဓမ္မဆိုကဲ့ အထဲမှာ အဘိဓမ္မာကိုလည်း ထည့်ထားနော်။

**ဝိနယ** ဆိုတာက စည်းကမ်းပဲ။

**ဓမ္မ** ဆိုတာကတော့ လူသားတိုင်း ကျင့်ကောင်းတဲ့ ဘဝကျင့်စဉ် တစ်မျိုးပဲ။

**အဘိဓမ္မ** ဆိုတာကျတော့ လူ့ရဲ့ သဘာဝကို ပြောပြတာ။ အဲဒီ ဓမ္မနဲ့ ဝိနယကို ငါဘုရား ဟောကြား ပညတ်ခဲ့ပြီးပြီ။

''ဘုရားဟောကြား ပညတ်ခဲ့တာ ဘယ်နှစ်နှစ်လဲ။?'

''(၄၅)နှစ်ပါ ဘုရား''

အေး…(၄၅)နှစ် (၄၅)ဝါတိုင်အောင်ပဲ။

**ယော ဝေါ အာနန္ဒ မယာ ဓမ္မောစ ဝိနယောစ ဒေသိတော** ပညတ္တော

''ချစ်သားအာနန္ဒာ… ငါဘုရားရှင်ကိုယ်တော်မြတ် ဓမ္မနဲ့ ဝိနယကို ဟောကြား ပညတ်ခဲ့ပြီးပြီ။ **သော၊** ထို ဓမ္မနဲ့ ဝိနယသည်။ **မမစ္စယေန၊** ငါဘုရားလွန်သွားတဲ့အခါမှာ။ **တုမှာကံ၊** သင်တို့ရဲ့။ **သတ္ထာ ဘဝိဿတိ၊** ဆရာအဖြစ်နဲ့ နေရစ်ပေလိမ့်မယ်။

''ချစ်သားအာနန္ဒာ… ငါဘုရား ဓမ္မနဲ့ ဝိနယကို ဟောကြား ပညတ်ခဲ့ပြီးပြီ၊ ငါဘုရား ဟောကြားပညတ်ခဲ့တဲ့ ဓမ္မဝိနယတွေဟာ

ငါဘုရား ကွယ်ပြီးတဲ့ နောက်မှာ (ဘာဖြစ်မလဲ။?) သင်တို့ရဲ့ ဆရာ ဖြစ်နေလိမ့်မယ်။'' အဲဒါကြောင့် ဒီ ဓမ္မနဲ့ ဝိနယတွေကို ဘုန်းကြီးတို့ (ဘာလုပ် ထားရမလဲ။?) သိမ်းထားရမယ်၊ ဟုတ်လား။ ဘုန်းကြီးတို့ ဆရာတော် ဘုရားကြီးကလည်း ဒီအတိုင်းပဲ မှာတာ ပရိသတ်ရေ။

တပည့်ဒကာ ဒကာမတွေကိုရော, ဆရာတော် သံဃာတော်တွေ ကိုရော, ကျောင်းဒကာ ကျောင်းအမတွေကိုရော, နိုင်ငံတော်အစိုးရကို ရော (ဘာပြောသွားသလဲ?)

''ငါ ရဟန်းဖြစ်စက စ ရေတွက်ရင် နှစ်ပေါင်း (၈၃)နှစ်တို့တိုင်တိုင် ဓမ္မမျိုးစုံကို ဟောခဲ့ပြီးပြီ။ ရေးခဲ့ပြီးပြီ။ ဝိနယဆိုတဲ့ စည်းကမ်းတွေကိုလည်း ဟောခဲ့ ရေးခဲ့ပြီးပြီ။ ''ကျင့်နည်းကြံနည်းတွေ ပဓာနလုပ်ငန်းတွေကိုလည်း ဟောထားပြီးပြီ ရေးထားပြီးပြီ။''

ဒီကနေ့ ဆရာတော်ကြီး ကွယ်သွားပြီ ဆိုတဲ့အခါမှာ ''တို့ဆရာ မရှိတော့ဘူး'' လို့ မမှတ်နဲ့တဲ့။ ဆရာတော်ကြီး ဟောကြားခဲ့တဲ့, ရေးသား ပြုစုခဲ့တဲ့ ဒီ ဓမ္မ ဝိနယဆိုင်ရာ ကျမ်းစာတွေဟာ ဘုန်းကြီးတို့ လောကကြီး အတွက် တိုင်းပြည်အတွက် (ဘာဖြစ်နေရစ်ရမလဲ။?) ဆရာအဖြစ်နဲ့ နေရစ်လိမ့်မယ်'' တဲ့။

အရှင်အာနန္ဒာကို မြတ်စွာဘုရားက မိန့်သွားတော်မူတဲ့အတိုင်း ဒီကနေ့ အားလုံးကို ဆရာတော်ကြီးက မိန့်သွားတာ။ ''ငါ နှစ်ပေါင်း (၈၀)ကျော် အားထုတ်ခဲ့တဲ့ ဓမ္မဝိနယတွေကို သင်တို့တစ်တွေ ပိဋကတ် တိုက်ထဲမှာ သိမ်းထားကြ။'' ဒါ ရွှေဟင်္သာဆရာတော်ကြီးပဲ တို့မှာ ဆရာရှိနေသေးတာပဲ လို့ ပရိသတ်ကြီးက ဒီအတိုင်း မှတ်သားပြီးတော့

ဆရာတော်ကြီး ပြုစုခဲ့တဲ့ ဓမ္မဝိနယတွေကို ဆက်လက် ပူဇော်ကြရမှာ ဟုတ်လား။ ဆရာတော်ကြီး ရေးသားခဲ့တဲ့ အဆုံးအမတွေကို အားကိုးပြီး အဲဒီ အဆုံးအမတွေအတိုင်း လိုက်နာကျင့်သုံးပြီးတော့ နေကြရမှာ နော်။

အရှင်အာနန္ဒာအား မြတ်စွာဘုရားက မိန့်တော်မူခဲ့တဲ့အတိုင်း ဒီကနေ့ ဒီအချက်က ဒါကို ပြောသွားတာ ဖြစ်ပါတယ်။

## ဟောသံမစဲ ရှိနေမြဲ

''ရွှေဟသ်ာဆရာတော်သည် လေးသစ်တစ်ပါး စာရွက်ငယ်ဖြင့်သော်လည်း ရေးသားမှတ်သားလေ့ရှိသည်ဖြစ်၍ ဆရာတော်နေသော ကျောင်းရှိ စားပွဲ ဗီရိုသေတ္တာ စသည်တို့၌ တွေ့ရှိသမျှ စာရွက် စာတမ်းတို့ကို မပျောက်ပျက်အောင် စုဆောင်းသိမ်းဆည်း၍ ပိဋကတ်တိုက်၌ အသေးအဖွဲမှအစ သီးသီးသန့်သန့် သိမ်းထားရမည်'' တဲ့။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးတဲ့ နောက်ပိုင်းမှာ အရှင်အာနန္ဒာ မထေရ် ဆောင်ရွက်တော်မူတာဟာ ဘုရားရှင် သီတင်းသုံးသွားတဲ့ ဇေတဝန်ကျောင်း, ဝေဠုဝန်ကျောင်း, ပုဗ္ဗာရုံကျောင်း, နိဂြောဓာရုံကျောင်း, ဝေသာလီက မဟာဝုန်ကျောင်း စတဲ့ ကျောင်းတိုက်ကြီးတွေမှာ ရှိရှိနေတဲ့ သံဃာတော်တွေကို အရှင်အာနန္ဒာက လှမ်းပြီတော့ တစ်ချက်တည်း ညွှန်ကြားတယ်။

ဘာ ညွှန်ကြားချက် ထုတ်ပြန်လိုက်သလဲ။? ဆိုတော့...

''ဘုရားရှင်ကိုယ်တော်မြတ် သက်တော်ထင်ရှားရှိတုန်းက သီတင်းသုံးတော်မူသွားတဲ့ အသုံးအဆောင်တွေ နေရာတွေမှာ ဘုရားရဲ့

အသုံးအဆောင်ပစ္စည်းတွေကို ဘုရားရှိစဉ်ကအတိုင်း အကုန်လုံး သိမ်းထားကြပါ'' လို့ အရှင်အာနန္ဒာက လှမ်းပြီးတော့ ညွှန်ကြားတယ်။

ပထမသံဂါယနာတင်ပွဲကြီး ပြီးဆုံးတဲ့ အချိန်ကျတော့ အရှင်အာနန္ဒာကိုယ်တိုင်သွားပြီးတော့ ဇေတဝန်တို့ ဝေဠုဝန်တို့မှာ ဘုရားအသုံးအဆောင် ပစ္စည်းတွေကို မူလအတိုင်း နေသားတကျ ရှိ မရှိ ဆိုတာကို အရှင်အာနန္ဒာကိုယ်တိုင် လိုက်ကြည့်ပြီးတော့ သူကိုယ်တိုင် ဒီအတိုင်း ပြုစုတာ ပရိသက်ရေ နော်။

ဥပမာ...သာဝတ္ထိ ဇေတဝန်ရောက်သွားတယ်။ ဂန္ဓကုဋီကျောင်းထဲ ဝင်သွားလိုက်တယ်။

''အော်...ဒါ မြတ်စွာဘုရား ကျိန်းစက်ခဲ့တဲ့ ကုတင် လေးပဲ'' ဆိုပြီးတော့ အရှင်အာနန္ဒာက အဲဒီနေရာကို တံမြက်စည်းလေး လှည်း, ဖုန်လေးခါ, အိပ်ရာခင်းလေး ပြန်ခင်း, ခေါင်းအုံးလေး ဘာလေး အသာချ ပြီးတော့မှ ဦးသုံးကြိမ်ချ ကန်တော့တာ ပရိသတ်ရေ။

ဘုရားမြတ်စွာရှိစဉ်က ဘုရားရှင်အတွက် အိပ်ရာခင်းပေးသလို အသက်ထင်ရှားရှိတုန်းက သူပြုစုခဲ့တဲ့အတိုင်း ဘုရားမြတ် မရှိတော့တဲ့ နောက်ပိုင်းလည်း အရှင်အာနန္ဒာ ဒီအတိုင်းပဲ လုပ်တာ။

''အော်...ဒီနေရာကတော့ မြတ်စွာဘုရား ဆွမ်းဘုဉ်းပေးတဲ့ နေရာ'' ဆိုပြီးတော့ သပိတ်ခြေ, သပိတ်အိပ်, သပိတ်ကလေးတွေ အသာချ, သောက်ရေ, သုံးရေကလေးကချ, လက်သုတ်ပုဝါလေးက အစ အားလုံး ချပြီးတော့မှ မြတ်စွာဘုရားကိုယ်တော်မြတ် ဆွမ်းဘုဉ်းပေး တော်မူနေသလို အမှတ်ထားပြီးတော့ ဦးသုံးကြိမ် ချပြန်တယ်။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် အပန်းဖြေတဲ့ နေရာကလေး သွားထိုင်ပြီးတော့ ''အော်...မြတ်စွာဘုရား အပန်းဖြေတော်မူတဲ့အခါ ခြေတော်ကို ဒီနေရာမှာ တင်တော်မူတယ်, ကျောကို ဒီနေရာမှာ မှီတယ်, ခြင်ကိုနှင်တဲ့ ခြင်နှင်ယပ်ကလေးများက ဒီနေရာမှာ ဒီလိုရှိတယ်'' ဆိုတာကို ပြန်တွေးပြီးတော့ အားလုံးကို နေသားတကျ ထားပြီးတော့မှ အရှင်အာနန္ဒာဟာ ဒီလို ပြုစုခဲ့ဖူးတယ် ပရိသတ်ကြီးရေ နော်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတဲ့အခါ ဒီလိုပြုစုခဲ့ဖူးတဲ့သာဓကတွေ ရှိတာကြောင့် ဒီအတိုင်းက ကျင့်သုံးနိုင်ကြရအောင် ဒီမှာကြားချက် အမှတ်(၁၀)ကို ပရိသတ်ကြီးအား ဆရာတော်ကြီးက· မှာသွားတာ ဖြစ်တယ်။ ဒါ့ကြောင့် ဒီကနေ့ ပရိသတ်အားလုံးဟာ အရှင်အာနန္ဒာ ကျင့်သုံးတော်မူသွားတဲ့အတိုင်းပဲ ကျင့်သုံးကြရမှာပါ။

ဒီတော့ အရှင်အာနန္ဒာ မထေရ်မြတ်ကို မြတ်စွာဘုရား မှာထားတော်မူချက် မှာတမ်းတွေ အများကြီးထဲက ဆရာတော်ဘုရားကြီးနဲ့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေနဲ့ ဆိုင်တာလေးများကို ရွေးထုတ် ရွေးထုတ် ပြီးတော့ ဒီကနေ့ ဘုန်းကြီးတို့ ပြောပြသွားခြင်းဖြင့် ဘုန်းကြီးတို့ ပရိသတ် က ဘယ်လို သဘောထားရမလဲဆိုရင်...

''အော်...ဆရာတော်ဘုရားကြီးရဲ့ လမ်းညွှန်ချက်တွေ အဆုံးအမ တရားတော်တွေ, ဆုံးမမယ့်ဆရာတွေ ရှိနေတုန်းပဲ။ တို့ရဲ့ စိတ်ထဲမှာ တို့ရဲ့ ဆရာသမားရှိနေသမျှ တို့ဆရာ မကွယ်ဘူး'' ဆိုတာကို မှတ်သား ပြီးတော့ ဆရာ့အဆုံးအမအတိုင်း အားလုံး လိုက်နာကျင့်သုံးကြမယ် လို့ ပရိသတ်အားလုံးက ဒီကနေ့ နှလုံးပိုက်ကြဖို့ ဖြစ်ပါတယ် နော်။

# ပုဂ္ဂိုလ်ထူးက ခွင့်ပြုရ

အရှင်အာနန္ဒာမထေရ်မြတ်အား မြတ်စွာဘုရား မှာစရာရှိတာတွေကို ပြည့်ပြည့်စုံစုံ အားလုံး မှာကြားပြီးတဲ့အခါမှာ မြတ်စွာဘုရားကိုယ်တော်မြတ်ရဲ့ ထံမှောက်ကို နောက်ဆုံး သာဝကတစ်ယောက်လာရောက်ပြီးတော့ မေးတယ်။ သူ့အမည်က ''သုဘဒ္ဒ ပရိဗိုဇ်'' တဲ့။

အရှင်အာနန္ဒာ ကိုယ်တော်မြတ်က...

''ဟဲ့...သုဘဒ္ဒပရိဗိုဇ်... ဘုရား သိပ်ပင်ပန်းနေတယ်။ ငါ မင်းကိုဘုရားနဲ့ တွေ့ခွင့် မေးခွင့် မပေးနိုင်ဘူး'' လို့ တားတယ်။ အဲဒီလိုအရှင်အာနန္ဒာနဲ့ သုဘဒ္ဒပရိဗိုဇ်တို့ နှစ်ဦးသား အချီအချစကား ပြောနေတာကို မြတ်စွာဘုရားက ကြားသွားတော့...

''ချစ်သားအာနန္ဒာ...

သုဘဒ္ဒပရိဗိုဇ်ကြီးကို မတားပါနဲ့၊ ငါဘုရားရဲ့ နောက်ဆုံးအချိန်ကလေးမို့လို့ ပင်ပန်းလွန်းလို့ ဆိုပြီးတော့ သူ့ကို မတားလိုက်ပါနဲ့။ သူငါဘုရားဆီကို လာခြင်းဟာ ငါဘုရားကို နှိပ်စက်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့လာမှာ မဟုတ်ပါဘူး။ အကျိုးရှိရှိနဲ့ သူ လာမှာပါ'' လို့ ဘုရားမိန့်လိုက်တော့မှ အရှင်အာနန္ဒာက တွေ့ခွင့်၊ မေးခွင့် ပေးတော့...

သုဘဒ္ဒပရိဗိုဇ်ကြီး ဘုရားဆီရောက်၊ သူမေးချင်တာမေး၊ ဘုရားရှင် ကိုယ်တော်မြတ်က ဖြေတော့ ကျေနပ်လွန်းလို့တဲ့။ ပရိသတ်ရေ... အဲဒီ သုဘဒ္ဒပရိဗိုဇ်ကြီးဟာ အဲဒီ ဘုရားပရိနိဗ္ဗာန်စံခါနီး နာရီပိုင်း အလိုလေးမှာ (သူ ဘာဖြစ်လဲ။?) ရဟန်းဖြစ်တယ်။ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ အထံမှာပဲ ချက်ချင်း တရားကျင့်ချင်လို့ နောက်ဆုံး

တရားတိုတိုလေး ဟောင်းပြီးတော့ ကျင့်လိုက်တာ။ (ပရိသတ်ရေ) ဘုရား ပရိနိဗ္ဗာန် မပြုမီကလေးမှာပဲ သူ ရဟန္တာ ဖြစ်သွားတယ်။

"အဲဒီတော့ ဆရာတော်ဘုရားကြီးအား ဖူးမြော်ခွင့် မရှိဘူး"
"ဟာ... ဆရာတော်ဘုရားကြီးတော့ သိပ်ပြီးတော့ ပင်ပန်းတော်မူနေတယ်။ ဖူးမြော်ခွင့်တွေ တားထားတယ်" လို့ ဆိုပေမယ့်လည်း အခု အရှင်အာနန္ဒာနဲ့ သုဘဒ္ဒပရိဗိုဇ်တို့ အချီ အချ ဖြစ်နေတုန်း ဘုရားက "ခွင့်ပေးလိုက်ပါ" တဲ့။

ပုဂ္ဂလဝိသေသ၊ ပုဂ္ဂိုလ်ထူးမို့လို့ "ခွင့်ပေးလိုက်ပါ" ဆိုတော့ အရှင်အာနန္ဒာလည်းပဲ (ပရိသတ်ရေ) မြတ်စွာဘုရား ပင်ပန်းတော်မူနေတဲ့ကြားက သုဘဒ္ဒကို ဘုရားဆီ ဖူးခွင့်ပေးလိုက်ရတယ် နော်။

ဒီတော့ ဒီကနေ့ ဆရာတော်ဘုရားကြီးနဲ့ ပတ်သက်ပြီးတော့ ကျန်းမာရေးကို ပြုစုစောင့်ရှောက်ဖို့ ဆိုပြီးတော့ ကျန်းမာရေးအတွက် စည်းကမ်းချက်တွေ ထုတ်ပြန်ပြီး အားလုံးက ပြုစု စောင့်ရှောက်နေတဲ့ ကြားက တစ်ချို့ ဒကာ ဒကာမတွေ အချို့ သံဃာတော်တွေ အချို့ကိုရင် ဦးဇင်းတွေ အချို့ သီလရှင်တွေ လာပြီးတော့ ဆရာတော်ဘုရားကြီးကို ဖူးကြတာတွေ ရှိတယ်။

အဲဒီတော့ ဘုန်းကြီးက တာဝန်ရှိသူတွေကို ပြောရတယ်။ "မြတ်စွာဘုရား ကိုယ်တော်မြတ်သည်ပင်လျှင် အရှင်အာနန္ဒာကို အနားမှာ အလုပ်အကျွေး အပြုအစု ထားပြီးတော့ ယုယုယယ ပြုစုစေတဲ့အခါတွေတုန်းက ဒီလို ထူးခြားတဲ့ ပုဂ္ဂိုလ်များရောက်လာခဲ့ရင် တစ်ခါတစ်ခါ ခွင့်ပြုရတာတွေ ရှိပါတယ်။"

တို့တစ်တွေလည်း ဒီအတိုင်းပဲ ကျင့်သုံးဆောင်ရွက်ရင် အဖက်ဖက်က အဆင်ပြေမှာပါ'' လို့ ဘုန်းကြီး တို့က ပြောပြခဲ့ဖူးပါတယ်။ ဒီအတိုင်းပဲ တစ်ခါတစ်ခါ ခွင့်ပြုရတာတွေရှိပါတယ်။

အဲဒီတော့ ''တစ်ချို့ပုဂ္ဂိုလ်များကျတော့ ဖူးခွင့်ပေးတယ်။ တို့များကျတော့ ခွင့်မပြုလို့ မဖူးလိုက်ရဘူး'' ဆိုပြီးတော့ အဲသလိုလေးများ စိတ်ထဲမှာ စနိုးစနောင့် မဖြစ်ကြဖို့ရန် ဘုန်းကြီးတို့က ပြုစုသူတွေကိုယ်စား ဒါလေး ထည့်ပြောပါရစေ နော်။

သုဘဒ္ဒပရိဗိုဇ်ကို မြတ်စွာဘုရား ခွင့်ပြုလိုက်သလိုပါပဲ။ ဘုန်းကြီး တို့ကလည်း ပုဂ္ဂလဝိသေသများအား ခွင့်ပြုလိုက်ရတာတွေ ရှိကြောင်းပါ နော်။ အဲဒီတော့ ဘုရားရှင်အတွက် စီမံချက်တွေ အကုန်လုံး ပြီးပြည့်စုံ ပြီဆိုတော့ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ သာရီရိကဓါတ်တော်များကို ပူဇော်ဖို့ကိစ္စမှာ...

**အဗျာဝဋာ တုမှေ အာနန္ဒ ဟောထ တထာဂတဿ သရီရ ပူဇာယ။**

''ချစ်သားအာနန္ဒာ...ငါဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ရုပ်ကလာပ်တော် ပူဇော်ဖို့ကို ချစ်သားတို့ ကြောင့်ကြမစိုက်ကြနဲ့။ ခတ္တိယ ပညာရှိ, ဗြဟ္မဏပညာရှိ, ဂဟပတိ ပညာရှိဆိုတဲ့ ဒီပုဂ္ဂိုလ်တွေက ငါဘုရားရှင် ကိုယ်တော်မြတ်ရဲ့ သရီရ ပူဇာကိစ္စမှာ ကြောင့်ကြစိုက်ကြလိမ့်မယ်'' လို့ မိန့်တော်မူပြီးတဲ့အခါမှာ... ဘုရားရှင်ကိုယ်တော်မြတ်က အရှင်အာနန္ဒာကို နောက်ထပ်တစ်ခြား ဘာစကားတစ်ခွန်းမှ မပြောတော့ဘဲ သံဃာတော်အားလုံးကို ချီးပြီးတော့ စကားတစ်ခွန်းပဲ ပြောတယ်။

"**အပ္ပမာဒေန သမ္ပာဒေထ**" တဲ့။

"ပရိသတ်ရေ ဘယ်လိုပြောလဲ။?"

"အပ္ပမာဒေန သမ္ပာဒေထပါ ဘုရား။"

**အပ္ပမာဒေန**၊ အပ္ပမာဒတရားဖြင့်။ **သဗ္ဗကိစ္စာနိ**၊ သာသနာမှာ လုပ်ရမယ့် ကိစ္စအားလုံးတို့ကို။ **သမ္ပာဒေထ**၊ **(သမ္ပာဒေယျာထ)**၊ ပြည့်စုံအောင် အားထုတ်ကြ။

"ငါဘုရားရှင်ကိုယ်တော်မြတ်ရဲ့ သာသနာတော်မှာ အားထုတ်ဖွယ်ရှိတဲ့ ကိစ္စမှန်သမျှတွေကို ပြည့်စုံအောင် အားထုတ်ကြ။"

**ဝယ ဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန, သမ္ပာဒေထ**

(သုတ်မဟာဝါ၊ မဟာပရိနိဗ္ဗာနသုတ္တန်၊ ပါ၊ နှာ၊ ၁၂၈)

**သင်္ခါရာ**၊ သင်္ခါရတရားဆိုတာတွေဟာ။ **ဝယဓမ္မာ**၊ ပျက်စီးတဲ့ သဘောရှိတယ်။ **တသ္မာ**၊ ထို့ကြောင့်။ **ဝယဓမ္မေသု သင်္ခါရေသု**၊ ပျက်စီးတတ်တဲ့ သင်္ခါရတို့၌။

**အပ္ပမာဒေန**၊ အပ္ပမာဒတရား လက်ကိုင်ထားပြီးတော့မှ။ **သဗ္ဗကိစ္စာနိ**၊ ကိုယ်လုပ်ရမယ့် ကိစ္စမှန်သမျှတွေကို။ **သမ္ပာဒေထ**၊ **(သမ္ပာဒေယျာထ)**၊ ကိုယ်စီကိုယ်ငှ ပြည့်စုံအောင် အားထုတ်တော်မူကြကုန်ရာသတည်း။

သာဓု...သာဓု...သာဓုပါ ဘုရား

## နောက်ဆုံးစကား သတိထား

**အယံ တထာဂတဿ ပစ္ဆိမဝါစာ**

**အယံ၊** ဤသည်ကား။ **တထာဂတဿ၊** တထာဂတခေါ်တွင် ဘုရားရှင်ကိုယ်တော်မြတ်ရဲ့။ **ပစ္ဆိမဝါစာ၊** နောက်ဆုံးစကားပဲ။

ပရိသတ်ရေ...ဘုရားရှင်ရဲ့ နောက်ဆုံးစကားက တစ်လုံးတည်းပဲ။

**''အပ္ပမာဒေန သမ္ပာဒေထ''** တဲ့။

''ဘုရားရှင်ရဲ့ နောက်ဆုံးစကားက ဘယ်လိုတဲ့လဲ။?''

''အပ္ပမာဒေန သမ္ပာဒေထပါ ဘုရား''

အေး...ဟုတ်တယ်။

ဒါကြောင့် **အပ္ပမာဒေန၊** အပ္ပမာဒ လို့ခေါ်တဲ့ သတိတရားဖြင့်။ **သဗ္ဗကိစ္စာနိ၊** သာသနာမှာ လုပ်ရမယ့်ကိစ္စမှန်သမျှတွေကို။ **သမ္ပာဒေထ (သမ္ပာဒေယျာထ)၊** ကိုယ်စီ ကိုယ်စီ ပြည့်စုံအောင် အားထုတ်တော်မူကြကုန်ရာသတည်း။

သာဓု...သာဓု...သာဓုပါ ဘုရား

## ဈာန်စဉ်ကိုးဆက် ဝင်စားလျှက်

**အထခေါ၊** ထိုသို့ပြောပြီးတဲ့အခါမှာ။ **ဘဂဝါ၊** ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်သည်။ **ပဌမဇ္ဈာနံ သမာပဇ္ဇိ၊** ပဌမဈာန်ကို ဝင်စားတော်မူတယ်။ **ပဌမဇ္ဈာနာ ဝုဋ္ဌဟိတွာ၊** ပဌမဈာန်မှ ထ, တော်မူပြီး၍။

ဒုတိယဈာန် သမာပတ္တိ၊ ဒုတိယဈာန်ကို ဝင်စားတော်မူပြန်တယ်။ ဒုတိယဈာနာ ဝုဋ္ဌဟိတွာ၊ ဒုတိယဈာန်မှ ထပြီး၍။ တတိယ ဈာန် သမာပဇ္ဇိ၊ တတိယဈာန်ကို ဝင်စားတော် မူပြန်တယ်။

တတိယဈာနာ ဝုဋ္ဌဟိတွာ၊ တတိယဈာန်မှ ထ တော်မူ၍။ စတုတ္ထဈာန် သမာပဇ္ဇိ၊ စတုတ္ထဈာန်ကို ဝင်စားတော် မူပြန်တယ်။ စတုတ္ထဈာနာ ဝုဋ္ဌဟိတွာ၊ စတုတ္ထဈာန်မှ ထ တော်မူပြီး၍။ အာကာသာနဉ္စာယတန် ဈာန်၊ ဝိညာဏဉ္စာယတနံဈာန်၊ အာကိဉ္စညာယတနံဈာန်၊ နေဝသညာနာသညာယတနံဈာန်၊ အာကာသာနဉ္စာယတန ဝိညာဏဉ္စာယတန အာကိဉ္စညာယတန နေဝသညာ နာသညာယတန ဈာန်တိုင် အောင်။ သမာပဇ္ဇိ၊ ဝင်စားတော်မူတယ်။

နေဝသညာ နာသညာ ယတနသမာပတ္တိယာ၊ နေဝသညာနာ သညာယတန သမာပတ်မှ။ ဝုဋ္ဌဟိတွာ၊ ထတော်မူ၍။ သညာဝေဒယိတ နိရောဓံ၊ သညာ ဝေဒနာတို့၏ ချုပ်ခြင်းဆိုတဲ့ နိရောဓ သမာပတ်ကို။ သမာပဇ္ဇိ၊ ဝင်စားတော်မူတယ်။

ပရိသတ်ကြီးရေ...

''သမာပတ် ဘယ်နှစ်ဆင့် ရောက်သွားပြီလဲ။?''

''....................................''

''အေး...နောက်က လိုက်ပါမလာဘူးဆိုတာ သေချာသွားပြီ နော်''

(၁) ပထမဈာန်ကို ဝင်စားတယ်။

(၂) ဒုတိယဈာန်ကို ဝင်စားတယ်။

(၃) တတိယဈာန်ကို ဝင်စားတယ်။

(၄) စတုတ္ထစျာန်ကို ဝင်စားတယ်။

(၅) အာကာသာနဉ္စာယတနစျာန်ကို ဝင်စားတယ်။

(၆) ဝိညာဏဉ္စာယတနစျာန်ကို ဝင်စားတယ်။

(၇) အာကိဉ္စညာယတနစျာန်ကို ဝင်စားတယ်။

(၈) နေဝသညာနာသညာယတနစျာန်ကို ဝင်စားတယ်။

(၉) နိရောဓသမာပတ်စျာန်ကို ဝင်စားတော်မူတယ်။

''ဘယ်နှစ်ဆင့် ဝင်စားလိုက်သလဲ။?''

''ကိုးဆင့်ပါ ဘုရား''

''အေး...နှစ်ခါပြောရင်တော့လည်း မှတ်မိသေးတယ်နော်။ တော်တော် ပါသေးရဲ့။''

သညာဝေဒယိတနိရောဓ၊ ''သညာဝေဒနာတို့ရဲ့ ချုပ်ရာ'' ဆိုတဲ့ နိရောဓသမာပတ်ကို **သမာပဇ္ဇိ** ဝင်စားတော်မူတယ်။

ရူပါဝစရစျာန်(၄)ပါးနဲ့ အရူပါဝစရစျာန်ကို(၄)ပါး၊ အဲဒီသမာပတ် (၈)ပါးကို ဝင်စားတော် မူပြီးတဲ့အခါမှာ ထိပ်ဆုံး နေဝသညာ နာသညာ ယတန သမာပတ်မှ ထပြီးတဲ့အခါ မှာ ပရိသတ်ရေ...

''နိရောဓ သမာပတ်'' တဲ့။

## နိရောဓသမာပတ်ဆိုတာ ဒီလိုပါ

**နိရောဓ** ဆိုတာ စိတ်လည်း ချုပ်သွားတယ်။ စိတ်နဲ့ တွဲဖော်တွဲဖက်ဖြစ်တဲ့ စေတသိက်တွေလည်း ချုပ်သွားတယ်။ အဲဒီ စိတ်စေတသိက်တွေကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်တွေလည်းပဲ ချုပ်သွားတယ်။

အဲဒါဆိုလို့ရှိရင် နိရောဓသမာပတ် ဝင်စားနေတဲ့ ဒီပုဂ္ဂိုလ်ကို ''သေပြီ'' လို့တောင် ထင်စရာ အကြောင်းရှိတယ် ပရိသတ်ရေ နော်။ နိရောဓသမာပတ်ဝင်စားနေတဲ့ ပုဂ္ဂိုလ်မှာ စိတ်လည်း မရှိတော့ဘူး။ စေတသိက်လည်း မရှိတော့ဘူး။ စိတ် စေတသိက်မရှိရင် သူ့ကြောင့် ဖြစ်တဲ့ စိတ္တဇရုပ်တွေရော ရှိပါဦးမလား။?

''မရှိတော့ပါ ဘုရား''

ထွက်လေဝင်လေဟာ စိတ္တဇရုပ်ပဲ ပရိသတ်ရေ နော်။ အဲဒီတော့ စိတ် စေတသိက် စိတ္တဇရုပ်တွေ ချုပ်သွားတဲ့ ပုဂ္ဂိုလ်ဟာ ဝမ်းဗိုက်က လှုပ်တာတွေရော, နှာခေါင်းက လေဝင်တာ ထွက်တာတွေရော, ရှိပါ ဦးမလား။?

''မရှိတော့ပါ ဘုရား''

အေး...အဲဒီလို မြတ်စွာဘုရား နိရောဓသမာပတ် ဝင်စားပြီးတော့ ချမ်းသာစွာ နေနေတာ။ ဘုရားအနားမှာရှိနေတဲ့ အရှင်အနုရုဒ္ဓါကလည်း ဘုရားနဲ့ ပြိုင်ပြီးတော့ မီအောင်လိုက်ပြီး သမာပတ်ဝင်စားနေတယ်။ သူက ရဟန္တာကိုး။ အရှင်အာနန္ဒာက သောတာပန်ပဲ ရှိသေးတာဆိုတော့ ဘုရား သမာပတ် ဝင်စားသလောက် မီအောင်လိုက်ပြီးတော့ မဝင်စား နိုင်ဘူး။

သူက သောကတွေ သိပ်ရောက်နေတော့ ဈာန်ဝင်စားလို့ကို မရဘူး၊ ဒီလို ဖြစ်နေတယ်။ အရှင်အနုရုဒ္ဓါကတော့ ဘုရားပထမဈာန် သမာပတ်ကို ဝင်စားရင် သူလည်း ပထမဈာန်သမာပတ်ကို လိုက်ဝင်စား တယ်။ ဘုရားက ဒုတိယဈာန်တက်သွားရင် သူကလည်းပဲ ဒုတိယဈာန်။

အဲဒီလို တက် တက် လိုက်သွားလိုက်တာ ရူပဈာန်(၄)ပါးနဲ့ အရူပဈာန်(၄)ပါး အဲဒီ (၈)ပါးပြီးဆုံးတော့ ဘုရားက (ဘယ်ထဲဝင်သွားလဲ) နိရောဓ သမာပတ်ထဲ ဝင်သွားတယ်။

နိရောဓသမာပတ်မှာ ဘာတွေချုပ်ငြိမ်းသွားလဲ။?

စိတ်ရယ်,

စေတသိက်ရယ်,

စိတ္တဇရုပ်ရယ်,

ထွက်လေ ဝင်လေပါ ရပ်သွားပြီ၊ မရှိတော့ဘူး။

အဲဒါ အရှင်အနုရုဒ္ဓါက နိရောဓသမာပတ်ထဲတော့ ဝင်လိုက် မသွားဘဲနဲ့ နိရောဓသမာပတ်ရဲ့ အပေါက်ဝနားလေးမှာ ရပ်ပြီးတော့ ကျန်နေရစ်ခဲ့တယ်။ ဘာဖြစ်လို့လဲဆိုတော့... ဘုရားရဲ့ စိတ်အစဉ်တွေ "ဘယ်ရောက်နေပြီ, ဘယ်ရောက်နေပြီ, ဘယ်ရောက်နေပြီ" ဆိုတာကို မသိဘဲနေမှာစိုးလို့ သူပါ စိတ် စေတသိက် စိတ္တဇရုပ် ချုပ်သွားရင် ဘုရားစိတ်ထဲ ဘယ်လိုဖြစ်နေတယ်ဆိုတာကို မသိနိုင်တော့ဘူး၊ ဟုတ်လား။

ဒါ့ကြောင့် အရှင်အနုရုဒ္ဓါက ဘုရားနိရောဓသမာပတ်ဝင်စားတဲ့ အခါမှာ သူက လိုက်မဝင်စားတော့ဘဲ ဘုရား နိရောဓသမာပတ်က ဘယ်အချိန် ပြန်ထမလဲ ဆိုတာကို စောင့်ကြည့်နေတယ်။ အဲဒီတော့ အရှင်အာနန္ဒာ မထေရ်မြတ်က ဘုရားကို လှည့်လည်း ကြည့်လိုက်ရော၊ ထွက်လေ ဝင်လေ တွေ့လား။? နိရောဓသမာပတ် ဆိုတော့ ထွက်လေ ဝင်လေ မရှိဘူး နော်။

ဘုရားကလည်း ငြိမ်နေတာ ဆိုတော့ အရှင်အာနန္ဒာလည်း ရုတ်တရက် လန့်ပြီးတော့...

**ပရိနိဗ္ဗုတော ဘန္တေ အနုရုဒ္ဓ ဘဂဝါ**

**ဘန္တေ အနုရုဒ္ဓ**၊ အရှင်ဘုရား အနုရုဒ္ဓါ။ **ဘဂဝါ**၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးကတော့။ **ပရိနိဗ္ဗုတော**၊ ပရိနိဗ္ဗာန် ဝင်စံတော်မူခဲ့ပြီဘုရား လို့ အရှင်အာနန္ဒာက စိုးရိမ်တကြီးနဲ့ လန့်ပြီး အော်လိုက်မိတယ် တဲ့ ပရိသတ်ရေ။

ခုလို ဆရာတော်ကြီးကလည်း အဲဒီလို အစီအစဉ်မျိုးနဲ့ သူ့အလုပ် သူလုပ်နေတဲ့ အချိန်မှာ ဘေးကလူတွေအနေနဲ့ မသိနိုင်ကြလို့မို့ အဲဒီလိုမျိုး လန့်ပြီး စိုးရိမ်မိတဲ့သူများ ရှိလိုက်သေးသလား။? ဆိုတာ ဘုန်းကြီးလည်း မသိလိုက်ဘူး။ ဘုန်းကြီးလည်း အဲဒီအချိန်မှာ ဟောင်ကောင် ရောက်နေတယ်။

အရှင်အာနန္ဒာ လန့်ပြီး စိုးရိမ်တကြီး ဒီလိုအော်လိုက်တော့ အရှင်အနုရုဒ္ဓါက...

''ငါ့ညီအာနန္ဒာ မစိုးရိမ်နဲ့။ မြတ်စွာဘုရား ပရိနိဗ္ဗာန်မပြုသေးဘူး ငါ့ညီရေ။ ဘုရား နိရောဓသမာပတ် ဝင်စားနေတာ'' ဆိုတော့မှ...

''ဪ...တပည့်တော်ဖြင့် ဘုရားပရိနိဗ္ဗာန် ပြုပြီ ထင်ပြီးတော့ ငိုမိတာဘုရား'' ဆိုပြီးတော့ ဘုရားကို မျက်တောင်မခတ်ဘဲနဲ့ ညီအစ်ကိုနှစ်ယောက် ကြည့်နေတုန်းလေးမှာ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က နိရောဓသမာပတ်ကို ရပ်ဆိုင်းတော်မူပြီးတော့ စိတ်, စေတသိက်, တွေ ပြန်ဝင်လာကော့မှ မျက်တောင်လေးခပ်ပြီးတော့...

ထွက်လေ, ဝင်လေ လှုပ်ရှားလာတယ် ပရိသတ်ရေ။ ဘုရားရှင်ရဲ့ နောက်ဆုံး အချိန်လေးမှာ နိရောဓသမာပတ်ကနေ ထတော်မူပြီး အောက်ဖြစ်တဲ့ နေဝသညာနာသညာယတနသမာပတ်, အာကိဉ္စညာယတန, ဝိဉာဏဉ္စာယတန, အာကာသာနဉ္စာယတန, အရူပသမာပတ်(၄)ပါးကို နောက်ဆုတ် နောက်ဆုတ်ပြီးတော့ ပြန်ဆင်းလို့ ဝင်စားသွားတယ်။

ပြီးတော့မှ ပဌမစျာန်ကနေ တစ်ခါ အစဉ်အတိုင်း ပြန်တက်ပြီးတော့ နိရောဓကို ပြန်ရောက်။

## မိတ်ဆွေချစ်ရယ် ခွဲတော့မယ်

အဲဒီလို ကြိမ်ဖန်များစွာ ဝင်စားတော်မူတယ် တဲ့ ပရိသတ်ရေ။

**သာရဏ္ထေ**၊ အနှစ်သာရရှိတဲ့ လုပ်ငန်းတွေကို။ **ဃဋ္ဋထ**၊ အားထုတ်ကာနေရစ်ကြကုန်လော့။ **ပမာနံ**၊ ပမာနကျတဲ့ လုပ်ငန်းတွေကို။ **အနုယုဉ္စ**၊ အားထုတ်ကာ နေရစ်ကြကုန်လော့။

ပရိသတ်ရေ…ဒီ မိန့်မှာချက်အတိုင်း ဘုရားကိုယ်တိုင် လုပ်ပြနေတယ် နော်။ ပြီးတော့ အဲဒီလို သမာပတ်တွေကို အကြိမ်များစွာ မရေတွက်နိုင်အောင် ဝင်စားနေတာဟာ ဘာ အဓိပ္ပါယ်လဲ။? ဆိုတော့…

''အလွန်ချစ်စွာသော မိတ်ဆွေတွေနဲ့ ခွဲပြီးတော့ အလွန်ဝေးတဲ့ အရပ်တစ်ခုကို ပြောင်းရွှေ့သွားတော့မယ့် မိတ်ဆွေတစ်ယောက်ဟာ ခွဲခွါရခါနီးမှာ ချစ်လှန်းတဲ့ မိတ်ဆွေတွေကို အတင်းပွေ့ဖက် နမ်းရှုံ့ပြီးတော့ နှုတ်ဆက်သလိုပါပဲ'' တဲ့။ ဘုရားရှင်လည်းပဲ သူ့ရဲ့(၄၅)နှစ်လုံးလုံး ဝင်စားလာခဲ့တဲ့ သမာပတ်တွေဟာ ဘုရားရှင်အတွက် (ဘာတွေတဲ့လဲ။?)

အချစ်ဆုံးသော မိတ်ဆွေတွေမို့လို့ပါပဲ တဲ့။

အဲဒါ ခွဲခွါခါနီးလေးမှာ ဘုရားက (ဘာလုပ်တာလဲ။?) အားပါးတရ ကြိမ်ဖန်များစွာ ဝင်စားတာဟာ ပွဲဖက်နမ်းရှုံ့ပြီးတော့ နှုတ်ဆက်တဲ့ သဘောပါပဲ တဲ့၊ ပရိသတ်ရေ နော်။ နောက်ဆုံးအချိန်လေးမှာ အလုပ်လုပ် တာဟာ ဘယ်လောက် အားရစရာ ကောင်းလဲ။? လုပ်တတ်တဲ့သူများ အတွက်ပေါ့ နော်။

## နိဗ္ဗာန်ပြုံစံပြီ ရှုမအီ

အဲဒီလို အကြိမ်များစွာ ဝင်စားပြီးတော့မှ ပထမစျာန်ကနေ ဒုတိယစျာန် တက်, ဒုတိယစျာန်ကနေ တတိယစျာန်ကို တက်, တတိယ စျာန်ကနေ စတုတ္ထစျာန် တက်, စတုတ္ထစျာန်ကနေ ဟိုဘက် အထက်ကို ဆက် မတက်တော့ဘဲနဲ့ အဲဒီ အလယ်ခေါင် စတုတ္ထစျာန်က ထလို့ စတုတ္ထစျာန် ပြီးဆုံးတဲ့အချိန်လေးမှာ ဘုရားရှင်ရဲ့ စုတိစိတ် ကျပြီးတော့ ချုပ်ငြိမ်းသွားတာ။

ပရိသတ်ရေ...

စျာန်ရဲ့နောက်မှာ ပရိနိဗ္ဗာန် ပြုသွားတာနော်။ ဘဝရဲ့နိဂုံးမှာ စိတ်ထဲမှာ (ဘာဖြစ် နေလဲ?) စျာန်တွေက ကိန်းဝပ်နေတဲ့ အတွက်ကြောင့် ကိလေသာဆိုတဲ့ နီဝရဏတွေ ရှိသေးလား?၊

"မရှိပါဘုရား"

"အေး... အဲဒါကြောင့် မျက်နှာကြည်ပြီးတော့ နေတယ်ဆိုတာ ဒီ အဓိပ္ပါယ်ပါပဲ၊ ဟုတ်လား။"

ပထမဈ္ဈာနာ ဝုဋ္ဌဟိတွာ၊ ပထမဈာန်မှ ထတော်မူ၍။ ဒုတိယ ဈာနံ သမာပဇ္ဇိ၊ ဒုတိယဈာန်ကို ဝင်စားတော်မူတယ်။

ဒုတိယဈ္ဈာနာ ဝုဋ္ဌဟိတွာ၊ ဒုတိယဈာန်မှ ထတော်မူ၍။ တတိယဈ္ဈာနံ သမာပဇ္ဇိ၊ တတိယဈာန်ကို ဝင်စားတော် မူပြန်တယ်။

တတိယဈ္ဈာနာ ဝုဋ္ဌဟိတွာ၊ တတိယဈာန်မှ ထတော်မူ၍။ စတုတ္ထ ဈာနံ သမာပဇ္ဇိ၊ စတုတ္ထဈာန်ကို ဝင်စားတော်မူပြန်တယ်။

''စတုတ္ထဈာန်'' လို့ ဆိုလိုက်လို့ရှိရင် လိုရင်းလေး မှတ်ထား လိုက်ကြ။ ''စိတ်အစဉ်မှာ ဥပေက္ခာနဲ့ ဧကဂ္ဂတာ ဒီနှစ်ခုက ဒီ စိတ်ကို လွှမ်းမိုးထားတယ်။''

''ပရိသတ်ရေ ဘာနဲ့ ဘာက လဲ။?''

''ဥပေက္ခာနဲ့ ဧကဂ္ဂတာ ကပါဘုရား''

ဟုတ်တယ်၊ စိတ်တစ်ခုလုံး အပေါ်မှာ လွှမ်းမိုးထားတာ ဒီ တရားနှစ်ပါးပဲ။ ဥပေက္ခာဆိုတာ တတြမဇ္ဈတ္တတာ။

''ဘာပါလဲ။?''

''တတြ မဇ္ဈတ္တတာပါ ဘုရား''

အခမ်းအနားနေ့က ညောင်ရွှေဆရာတော်ဘုရားကြီး မိန့်သွားတဲ့ အထဲမှာ ဒီစာလုံး တစ်လုံးပါတယ်။ တတြမဇ္ဈတ္တတာ နော်။

မဇ္ဈတ္တ ဆိုတာ အလယ်ပဲ။

ဘာရဲ့ အလယ်လဲ။? သုခ, သောမနဿက တစ်ဖက်, ဒုက္ခ, ဒေါမနဿက တစ်ဖက် အဲဒီ တစ်ဖက်နဲ့ တစ်ဖက်အကြား အလယ်က နေတာကို (ဘာခေါ်လဲ။?) တတြမဇ္ဈတ္တ ဥပေက္ခာ။

အဲဒီ ဥပေက္ခာနဲ့ (ဘာနဲ့တွဲထားလဲ။?) ဧကဂ္ဂတာ ဆိုတဲ့ သမာဓိနဲ့ တွဲထားပြီးတော့ အဲဒီစိတ်ကို (ဘာလုပ်တာလဲ။?) ထိန်းထားတယ်။

ဒီတော့ ဘာဖြစ်လဲ ဆိုတော့... သုခ သောမနဿလည်း ချုပ်, ဒုက္ခဒေါမနဿလည်းချုပ်, တတြမဇ္ဈတ္တတာ ဖြစ်နေတဲ့ စိတ်က ကြည်ပြီးတော့ ငြိမ်းပြီးတော့ နေတာ။ အဲဒါ "စတုတ္ထဈာန်"ပဲ၊ ပရိသတ်ရေနော်။

**စတုတ္ထဈာနာ ဝုဋ္ဌဟိတွာ၊ စတုတ္ထဈာန်မှ ထ တော်မူပြီးတဲ့အခါမှာ။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင်, ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ ပရိနိဗ္ဗာယိ၊ သံသရာစက်ရဟတ်, အဆက်ပြတ်သဖြင့်, ဇာတ်စုံ၍ ရုပ်သိမ်းတော်မူခဲ့လေပြီတကား။**

သာဓု...သာဓု...သာဓုပါ ဘုရား

**မှတ်ချက်**

မြတ်စွာဘုရားသည် စတုတ္ထဈာန်မှ ထတော်မူပြီးနောက် ထို စတုတ္ထဈာန်၌ ပါရှိသော ဥပေက္ခာဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါနှစ်ပါးတို့ကို တစ်ပါးစီ ၊ နှစ်ပါးပေါင်း၍ ၊ ဆင်ခြင်တော်မူပြီးမှ ထို ပစ္စဝေက္ခဏာ မဟာကြိယာဇောတို့၏ အဆုံး၀ယ် အဗျာကတဒုက္ခသစ္စာဖြစ်သော (သောမနဿသဟဂုတ်, ဉာဏသမ္ပယုတ်, အသင်္ခါရိက, ပထမမဟာဝိပါတ်) ဘဝင်စိတ်ဖြင့် ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဒုက္ခဇာတ် သိမ်းတော်မူသည်) (၁) ဈာနသမနန္တရ ပရိနိဗ္ဗာန်=ဈာန်၏ အခြားမဲ့၌ ပရိနိဗ္ဗာန် စံခြင်း (၂) ပစ္စဝေက္ခဏာ သမနန္တရ ပရိနိဗ္ဗာန်=ပစ္စဝေက္ခဏာ ဇော၏ အခြားမဲ့၌ ပရိနိဗ္ဗာန်စံခြင်းဟု နှစ်မျိုးရှိရာတွင် မြတ်စွာဘုရားရှင်သည် (၂) အမှတ်ပြ ပစ္စဝေက္ခဏာ သမနန္တရ ပရိနိဗ္ဗာန်စံခြင်းဖြင့် ပရိနိဗ္ဗာန် စံတော်မူလေသည်။

**(မဟာဗုဒ္ဓဝင်၊ ပဥ္စမတွဲ၊ နှာ ၊ ၄၈၅/၆)**

# နတ်ဗြဟ္မာတွေ ကြပ်သိပ်နေ

စတုတ္ထစျာန်ကနေ ထပြီးတော့မှ ဥပေက္ခာ ဧကဂ္ဂတာတို့နဲ့ ဒီစိတ်ကို လွှမ်းမိုးပြီးတော့ ငြိမ်းအေးနေတဲ့ စိတ်ဓါတ်တွေနဲ့ (ပရိသတ်ရေ) ဘဝရဲ့ နောက်ဆုံး စုတိစိတ်ကလေးကျသွားပြီးတော့ နောက်ထပ်တစ်ဖန် စိတ်အသစ် (ဖြစ်သေးလား။?) မဖြစ်တော့ဘူးနော်။

နောက်ထပ်တစ်ဖန် စိတ်အသစ်တစ်ခုဖြစ်ရင် ပထမဆုံးဖြစ်တဲ့ အဲဒီ စိတ်အသစ်ကို (ဘာခေါ်လဲ။?) ပဋိသန္ဓေ လို့ ခေါ်တယ်။ နောက်ဆုံး စိတ်ကလေးဖြစ်ပြီးရင် နောက်ထပ် ဘာစိတ်မှ မဖြစ်တော့ရင် ဒါကို ပရိနိဗ္ဗာန တဲ့။ ''ဘယ်လိုခေါ်မလဲ။?''

''ပရိနိဗ္ဗာန လို့ ခေါ်ရမှာပါဘုရား''

အကြွင်းအကျန်မရှိ (ဘာဖြစ်တာလဲ။?) ငြိမ်းသွားတာ၊ အဲဒီလို ငြိမ်းသွားတဲ့အခါမှာ အရှင်အနုရုဒ္ဓါ သိတော်မူတယ်။

ပရိသတ်ရေ... ဘုရားနဲ့ အရှင်အနုရုဒ္ဓါက စျာန်တွေကို ပြိုင်တူ ပြိုင်တူ ဝင်စားနေကြတာဆိုတော့ ဒီလို ချုပ်ငြိမ်းသွားတာကို အရှင်အနုရုဒ္ဓါက အကုန် သိလိုက်တယ်။ ''ဘုရားရှင်ရဲ့ စိတ်တော်ဟာ နောက်ထပ် ဘာတစ်ခုမှ မဖြစ်တော့ဘူး။ အားလုံး ရပ်တန့်သွားပြီ'' ဆိုတာကို သိလိုက်တယ်။

အရှင်အာနန္ဒာ မထေရ်မြတ်ကတော့ အဲဒီအချိန်မှာ စျာန်သမာပတ်တွေ မဝင်စားနိုင်တော့ဘူး သောတာပန် အဆင့်မျှလောက်သာဆိုတော့ သောကလည်း အလွန်ရောက်နေရှာတဲ့ ညီတော်အာနန္ဒာဟာ ဘုရားရှင်ရဲ့ မျက်နှာတော်ကို ကြည့်လိုက်ပြီး...

''နှာခေါင်းကလည်း လေမလာတော့ဘူး၊

ဝမ်းဗိုက်ကလည်း မလှုပ်တော့ဘူး၊

မျက်လုံးလေးကလည်း မှိတ်သွားပြီ'' ဆိုတော့ အဒီမှာ အရှင်အာနန္ဒာ အပြင်းအထန် ငိုကြွေးတာ။

စကြဝဠာအပေါင်း တိုက်တစ်သောင်းက နတ်ပြဟ္မာတွေလည်း အဲဒီမှာ ကြပ်ကြပ်တိုးနေတာ၊ သားမြီးဖျားတစ်ထောက်စာမျှလောက် ရှိတဲ့ နေရာကလေးမှာတောင် နတ်တွေ ပြဟ္မာတွေ ၂၀/၃၀/ ၄၀/ ၅၀ အဲဒီလို စုတိုးပြီးတော့ နေရတယ် တဲ့။

ဘုရားရဲ့ နောက်ဆုံးနေ့ကို လာကြည့်ကြတာ၊ သားမြီးဖျားတစ်ထောက်စာနေရာလေးမှာတောင် နတ်ပြဟ္မာပေါင်း ဘယ်လောက်တဲ့လဲ? ၃၀/၄၀/၅၀ ဒီလို နေရတယ် နော်။ ဘုရားမြတ်စွာရဲ့ နောက်ဆုံး ပရိနိဗ္ဗာန် စံဝင်ကဲ့ပွဲမှာ လာရောက်ပူဇော်သူတွေဟာ အဲဒီလောက်ကို များတယ် ပရိတ်သတ်ရေ။

ခု ဘုန်းကြီးတို့ ရွှေဟသ်ာဆရာတော် ဘုရားကြီးရဲ့ နောက်ဆုံးပွဲမှာလည်းပဲ ဒီအတိုင်းပဲ ဖြစ်နေပါတယ်။ ကြပ်ကြပ်ကိုတိုးလို့။ ဟို ကုသိနာရုံမှာတော့ စကြဝဠာတိုက်တစ်သောင်းက နတ်ပြဟ္မာတွေက များလွန်းလို့ အဲဒီလို ပုဂ္ဂိုလ်မျိုးတွေက ဒီအထဲ မဝင်နိုင်ဘူးပေါ့ဗျာ နော်။

# သိကြားမင်း၏ သံဝေဂဥဒါန်း

ဒီတော့မှ ဘုရားအနားမှာ ကပ်နေတဲ့ သိကြားမင်းကြီးက အရှင်အနုရုဒ္ဓါကို လျှောက်တယ်။

''တပည့်တော် ဘုရားရှင်ကိုယ်တော် မြတ်ကို ဦးဦးဖျားဖျား ဂါထာတွေရွတ်ပြီး ပူဇော်ချင်တယ်ဘုရား။''

''ကဲ... ကောင်းပြီ ဘာပူဇော်မလဲ ခွင့်ပြုတယ်။'' ဆိုတော့မှ သိကြားမင်းကြီးက ပူဇော်သွားတယ်။

**အနိစ္စာ ဝတ သင်္ခါရာ၊**

**ဥပ္ပါဒ ဝယ ဓမ္မိနော။**

**ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊**

**တေသံ ဝူပသမော သုခေါ။**

(သုတ်မဟာဝါ၊ မဟာပရိနိဗ္ဗာနသုတ္တန်၊ ပါ၊ နှာ၊ ၁၂၉)

**အာယသ္မန္တော၊** အရှင်ဘုရားတို့၊ **သင်္ခါရာ၊** သင်္ခါရတရားတွေမှာ။ **အနိစ္စာဝတ၊** နိစ္စသဘော မရှိစွာ့တကား။ **ဥပ္ပါဒ ဝယဓမ္မိနော၊** ဥပ္ပါဒ သဘောနှင့် ဝယသဘောသာလျှင် ရှိကြလေကုန်၏ တကား။

**ဥပ္ပဇ္ဇိတွာ၊** ဖြစ်ပေါ်ကြပြီးတဲ့အခါမှာ။ **နိရုဇ္ဈန္တိ၊** ကွယ်ပျောက် ချုပ်ငြိမ်း ရုပ်သိမ်းကြလေကုန်၏။ **တေသံ၊** ဖြစ်ပျက်တရားနှစ်ပါးဖြင့် အနှိပ်စက်ခံနေရတဲ့ အဲဒီ သင်္ခါရတရားတို့၏။ **ဝူပသမော၊** ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်သည်။ **သုခေါ၊** ချမ်းသာစင်စစ် ဖြစ်တယ်ရယ်လို့။ **သက္ကော ဒေဝါနမိန္ဒော၊** နတ်တို့သနင်း သိကြားမင်းသည်။ **ဂါထာယ၊** ဂါထာ ပုဒ်ဖြင့်။

ဘဂဝတော သရီရံ၊ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ရုပ်ကလာပ်တော်ကို။ ပူဇေသိ၊ ကောင်းစွာမသွေ, ပူဇော်ခဲ့ရှာလေသတည်း။

သာဓု...သာဓု...သာဓုပါ ဘုရား

## သဟမ္ပတိ ရွက်သည့်ပူဇာ မြတ်ဂါထာ

သိကြားမင်းကြီး ဂါထာရွတ်လို့ ပူဇော်ပြီးပြန်တော့ သဟမ္ပတိ ပြဟ္မာကလည်း ဝင်လာတယ်။ သူလည်းပဲ ဂါထာပုဒ်နဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကို ပူဇော်ဦးမယ် တဲ့။

ပရိသတ်ရေ... သဟမ္ပတိ ဆိုတာ ဟို ဗောဓိပင်ရဲ့ အရှေ့ဘက်နား ဆိတ်ကျောင်းသားတွေနေတဲ့ ညောင်ပင်အောက်မှာ မြတ်စွာဘုရားကို "တရားဟောတော်မူပါ" ဆိုပြီးတော့ တောင်းပန်သွားတဲ့ ဓမ္မအာဘိယာစက တရားတောင်း ပြဟ္မာကြီးပေါ့။

သူကလည်း မြတ်စွာဘုရားကို ဂါထာတစ်ပုဒ်နဲ့ ရွတ်ပြီးတော့ ပူဇော်ပါရစေဦး တဲ့။ သဟမ္ပတိပြဟ္မာကြီးက မြတ်စွာဘုရားရဲ့ ရုပ်ကလာပ်တော်ကို ဂါထာရွတ်ပြီး ပူဇော်တာကို (ပရိသတ်ရေ) သံဃာတော်သုံးသိန်းကျော်တို့လည်း ကြားနာရတယ်။

ပြီးတော့ ကုသိနာရုံက မလ္လမင်းတို့လည်းပဲ ကြားနာရတယ်။ နောက်တစ်ခါ စကြဝဠာတစ်သောင်းက ရောက်လာကြတဲ့ နတ်ပြဟ္မာအပေါင်းတွေလည်းပဲ ကြားနာကြရတယ်။

သဗ္ဗေ ဝ နိက္ခိပိဿန္တိ၊
ဘူတာ လောကေ သမုဿယံ။
ယတ္ထ တောဒိသော သတ္ထာ၊
လောကေ အပ္ပဋိပုဂ္ဂလော။
တထာဂတော ဗလပ္ပတ္တော၊
သမ္ဗုဒ္ဓေါ ပရိနိဗ္ဗုတော။

(သုတ်မဟာဝါ၊ မဟာပရိနိဗ္ဗာနသုတ်၊ ပါ၊ နှာ၊ ၁၂၉)

**ဘန္တေ၊** အရှင်ဘုရားတို့။ **ဘောန္တော၊** အို အချင်းတို့။ **သဗ္ဗေဝ ဘူတာ၊** သတ္တဝါအားလုံးတို့သည်သာလျှင်။ **သမုဿယံ၊** ကိုးပေါက်ဒွါရ, အမာဝမှ, ယိုကျဖြိုန်းဖြိုန်း, ရွံရှာဖွယ်တွေ ဖုံးပြီးတော့ တစ်ကိုယ်လုံး အနာကြီးသဖွယ် ဖြစ်နေတဲ့ ဟောဒီ ခန္ဓာကိုယ်ရုပ် အကောင်ပုပ်ကို။ **အန္တော ဝဿသတံ၊** နှစ်ပေါင်း (၁၀၀)အတွင်းမှာပင်လျှင်။

အသက်(၁၀၀) နှစ်(၁၀၀)ရှည်တဲ့ ခေတ်ဆိုတော့ ''နှစ်ပေါင်း (၁၀၀)အတွင်းမှာပဲ'' လို့ ဒီလိုပြောသွားတာ။ ဘုန်းကြီးတို့ ရွှေဟင်္သာ ဆရာတော်ဘုရားကြီးကတော့ အသက် (၁၀၀)ကျော်လို့ (၁၀၂)နှစ်ထိ ရောက်သွားတယ်။


အရှင်အာနန္ဒာမထေရ်မြတ်ကြီးက သက်တော် (၁၂၀)
အရှင်မဟာကဿပမထေရ်မြတ်ကြီးက သက်တော် (၁၂၀)
အရှင်အနုရုဒ္ဓါမထေရ်မြတ်ကြီးက သက်တော် (၁၅၀)
အရှင်ဗာကုလမထေရ်မြတ်ကြီးကျတော့ သက်တော် (၁၆၀)
သို့သော်လည်းပဲ ဘုရားရှင်ကိုယ်တော်မြတ်ကိုယ်တိုင်ကျတော့

(ပရိသတ်ရေ) သက်တော် (၈၀)ပဲ နေသွားရတယ်။ ဒါ့ကြောင့်... **အန္တော ဝဿသတံ**၊ နှစ်ပေါင်း(၁၀၀)အတွင်းမှာပင်လျှင်။ **ဣမံ သမုဿယံ**၊ ဤခန္ဓာကိုယ်ရုပ် အကောင်ပုပ်ကို။ **နိက္ခိပိဿန္တိ**၊ စွန့်ကြရ ပစ်ကြရကုန်ပေလိမ့်မည်။

**လောကေ**၊ သတ္တလောကကြီး တစ်ခုလုံးမှာ။ **အပ္ပဋိပုဂ္ဂလော**၊ ပြိုင်ဘက်ရည်တူ, ရှိတော်မမူသော။ **သတ္ထာ**၊ နတ်လူတို့၏ ဆရာတစ်ဆူ ဖြစ်တော်မူပါပေသော။ **တထာဂတော**၊ တထာဂတခေါ်တွင်, ဘုရားရှင် ကိုယ်တော်မြတ်ဟာလည်းပဲ။ **ယတ္ထ**၊ ယင်းသို့ဖြစ်ကြ ပျက်ကြတဲ့ ကမ္ဘာ လောကထဲမှာ။ **ပရိယာပန္နော**၊ အကျုံးဝင်၍ နေနေပါ၏။

**တသ္မာ**၊ ထို့ကြောင့်။ **သောပိ တထာဂတော**၊ တထာဂတခေါ် တွင်, ထိုဘုရားရှင်ကိုယ်တော်မြတ်ကြီးလည်းပဲ၊ **ဗလပ္ပတ္တော**၊ ကာယဗလ ဉာဏဗလ ဘယ်လိုပဲ ပြည့်စုံစေကာမူ။ **ပရိနိဗ္ဗုတော ဝတ**၊ သေမင်းကို တားဆီးနိုင်ခြင်း အလျဉ်းမရှိပါဘဲ ပရိနိဗ္ဗာန် ဝင်စံခဲ့ရလေပြီဘုရား ရယ်လို့။ **သဟာမ္ပတိဗြဟ္မာ**၊ သဟာမ္ပတိ အမည်ရှိတဲ့ ဗြဟ္မာကလည်းပဲ။ **ဂါထာယ**၊ ဂါထာပုဒ်ဖြင့်။ **ဘဂဝတောသရီရံ**၊ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ရုပ်ကလာပ်တော်ကို။ **ပူဇေသိ**၊ ကောင်းစွာမသွေ, ပူဇော်လိုက်ပါပေ သတည်း။။

သာဓု...သာဓု...သာဓုပါ ဘုရား



# ငါသွားတော့မည် စိတ်ကရည်လျှက်

ပရိသတ်ရေ...နတ်ပြည်ခြောက်ထပ်က နတ်တွေရဲ့ကိုယ်စား သိကြားမင်းက တစ်ဂါထာနဲ့ ပူဇော်တယ်။ ဗြဟ္မာ့ပြည်(၂၀)က ဗြဟ္မာတွေရဲ့ ကိုယ်စား သဟမ္ပတိဗြဟ္မာက တစ်ဂါထာခွဲနဲ့ ပူဇော်တယ်၊ ဒီလိုနော်။

ဒီတော့ နတ်များကလည်းပဲ မြတ်စွာဘုရားကို ပူဇော် ဗြဟ္မာများကလည်း မြတ်စွာဘုရားကို ပူဇော်တယ်ဆိုတော့ ဒီနေ့လည်း ဒီ ဆရာတော်ဘုရားကြီးရဲ့ အန္တိမပူဇာ အခမ်းအနားကို နတ်တွေ ဗြဟ္မာတွေ ကြွတော့ ကြွလာကြမှာပါပဲ။

ဘုန်းကြီးတို့မျက်လုံးက ညံ့တော့ သူတို့ကို မမြင်လိုက်ရဘူး။ သူတို့ကို မြင်နိုင်တဲ့ မျက်လုံးမျိုးလည်း ကိုယ့်မှာ ရှိမထားဘူး။ သူတို့ ကလည်း ''ဟေ့ ငါလာတယ်'' လို့ မပြောဘူးနဲ့ တူပါတယ်၊ အဲဒါကြောင့် မမြင်လိုက်ရဘူး။

ဒါပေမယ့် ''ဗြဟ္မာတွေရဲ့ အဝတ်အစားကတော့ ဒီလို နေမှာပါပဲ'' နတ်ဝတ် သိကြားဝတ်တွေကလည်း ဒီလိုနေမှာပါပဲ'' လို့ မှန်းဆပြီး တော့ ချုပ်ထားတဲ့ ဗြဟ္မာဝတ် နတ်ဝတ် သိကြားအဝတ်အစားတွေနဲ့ ဒကာကြီးတွေကတော့ အမယ်... ဆရာတော်ကြီးနားမှာ ရပ်ပြီးတော့ သူတို့လည်း ပူဇော်နေကြပါတယ် နော်။

ဒီတော့ နတ်တွေ, ဗြဟ္မာတွေ, သိကြားမင်းတွေလည်း ဒီကို လာကြတယ်လို့ပဲ ဘုန်းကြီးက ဒီလို မှတ်ပါတယ်။ သိကြားမင်းတို့ သဟမ္ပတိဗြဟ္မာမင်းတို့ ပူဇော်ကြပြီးတဲ့အခါမှာ အရှင်အနုရုဒ္ဓါ မထေရ် မြတ်ကလည်း နှစ်ဂါထာနဲ့ ပူဇော်တယ်။

**နာဟု အဿာသ ပဿာသော၊**
**ဋ္ဌိတစိတ္တဿ တာဒိနော။**
**အနေဇော သန္တိ မာရဗ္ဘ ၊**
**ယံ ကာလ မကာရီ မုနိ။**

(သုတ်မဟာဝါ၊ မဟာပရိနိဗ္ဗာနသုတ်၊ ပါ၊ နှာ ၁၂၉)

**အာယသ္မန္တော၊** ငါ့ရှင်ရဟန်းများတို့။ **အဿာသ ပဿာသော၊** ထွက်လေ ဝင်လေဆိုတဲ့ အဿာသ, ပဿာသ, ဒီနှစ်ဝသည်။ **တထာဂတဿ သရီရေ၊** မြတ်စွာဘုရားရှင်ရဲ့ ခန္ဓာကိုယ်မှာ။ **နာဟု၊** မဖြစ်တော့ဘူး ဘုရား။

ပရိသတ်ရေ (ဘာမဖြစ်တော့ဘူးလဲ။?) ထွက်လေ ဝင်လေဆိုတဲ့ အဿာသ, ပဿာသ ပြန်မဖြစ်တော့ဘူး။ စိတ်, စေတသိက်, စိတ္တဇရုပ်, ကမ္မဇရုပ်တွေ အကုန်လုံး ချုပ်ခဲ့ပြီဖြစ်ခြင်းကြောင့် အဿာသ, ပဿာသ ဆိုတာ မရှိတော့ဘူး တဲ့။

**တထာဂတဿ သရီရေ၊** တထာဂတခေါ်တွင်, ဘုရားရှင် ကိုယ်တော်မြတ်ရဲ့ ခန္ဓာကိုယ်မှာ။ **အဿာသ ပဿာသော၊** ထွက်လေ ဝင်လေ ဆိုတဲ့ အဿာသ, ပဿာသ ဤနှစ်ဝသည်။ **နာဟု၊** မဖြစ်တော့ ဘူး ဘုရား။

**ဋ္ဌိတစိတ္တဿ တာဒိနော၊** မြဲမြံခိုင်ခန့် တည်တံ့သော စိတ်ဓါတ်နှင့် ပြည့်စုံတော်မူသော။ **ဘဂဝတော၊** မြတ်စွာဘုရားမှာ။ **မုနိ၊** အဂါရိက, စသည့်အပြား, ငါးပါးသော မုနိတို့၏, ဦးဖျားပရမေ သုံးလူ့ဆွေဖြစ်ပေ သည့် သာကီနွယ်ဖွါး, ငါတို့ရဲ့ ဘုရားမြတ်စွာသည်။

**အနေဇော**၊ ဇောခေါ်မှတ်, တဏှာဓါတ်မှလည်း, အကြွင်းမဲ့ချုပ်ပြတ်ခဲ့သည့်အတွက်ကြောင့်၊ **သန္တိံ** သန္တိခေါ်မှတ်, နိဗ္ဗာန်ဓါတ်ကို၊ **အာရဗ္ဘ**၊ ငါသွားတော့မည်, စိတ်ကရည်၍။ **ကာလံ**၊ ပစ္စုပ္ပန်ကာလရဲ့ နောက်ဆုံးအချိန်ဆိုတဲ့ ကွယ်လွန်ခြင်းအမှုကို။ **အကရီ**၊ ပြုတော်မူခဲ့ပြီ ဘုရားရယ်လို့။

**အာယသ္မာ အနုရုဒ္ဓေါ**၊ အရှင်အနုရုဒ္ဓါ မထေရ်သူမြတ်က။ **ဂါထာယ**၊ ဂါထာပုဒ်ဖြင့်။ **အဇ္ဈဘာသိ**၊ သံဃာတော်အပေါင်းကို ကောင်းစွာမသေ့. လျှောက်ထားတော်မူလိုက်ပါပေသတည်း။

သာဓု...သာဓု...သာဓုပါ ဘုရား

## ဆီခန်းသည့်မီး ငြိမ်းသည့်နည်း

စောစောက မြတ်စွာဘုရား နိရောဓသမာပတ် ဝင်စားတော့ စိတ်, စေတသိက်, စိတ္တဇရုပ်တွေ, ထွက်လေ, ဝင်လေတွေ ရပ်သွားတဲ့ အခါ အရှင်အာနန္ဒာက ''ဘုရား ပရိနိဗ္ဗာန် ပြုပြီ'' လို့ ထင်ပြီးတော့ ငိုမိသေးတယ်နော်။

ဒါကိုပဲ အရှင်အနုရုဒ္ဓါက ဝင်ပြောခဲ့သေးတယ် မဟုတ်လား။ ''ငါ့ညီ... ဘုရားပရိနိဗ္ဗာန် မပြုသေးဘူး၊ တကယ်တော့ နိရောဓ သမာပတ်ကို ဝင်စားနေတာ'' လို့ ဝင်ပြောခဲ့သေးတယ်။

ခုတော့ ဘုရား တကယ်ပဲပရိနိဗ္ဗာန်ပြုသွားပြီဆိုတော့ စောစောက ပြောထားတဲ့အတိုင်း မှတ်ပြီးတော့ ''အော်...ဘုရားတော့ နိရောဓ သမာပတ် ဝင်စားတော်မူနေဆဲပဲ''လို့ ထင်ကြမှာ စိုးရတယ်။ ဒါ့ကြောင့် အရှင်အနုရုဒ္ဓါက (ဘာလုပ်ပေးရတာလဲ။?) ကြေငြာပေးလိုက်တာ၊ နော်။

ဘုန်းကြီးတို့ ရွှေဟင်္သာဆရာတော်ဘုရားကြီးကျတော့ ဆရာဝန် ကြီးတွေက တစ်ခါထည်း ပစ္စည်းမျိုးစုံ ကိရိယာမျိုးစုံနဲ့ တိုက်ရိုက် စမ်းသပ် ကြည့်ရှုနေတော့ (နှလုံးခုန်နှုန်းကို ဖော်ပြပေးတဲ့ စက်ကနေပြီး မိနစ် မလပ် စက္ကန့်မလပ် မပြတ် ဖော်ပြနေတာ။)

ထွက်လေ ဝင်လေရပ်သွားပြီး စိတ်, စေတသိက်, စိတ္တဇရုပ်တွေ အကုန်လုံး ရပ်သွားပြီး နှလုံးသားဟာ ဘာမှ အလုပ်မလုပ်တော့ဘူး ခန္ဓာကိုယ်က အလုပ်တွေအားလုံး ရပ်သွားပြီ ဆိုတာ သေချာတော့မှ ဒီမှာက ဆရာဝန်ကြီးတွေက ကြေညာပေးရတာကိုး နော်။

ဟို ကုသိနာရုံမှာတော့ (ဘယ်သူကြေငြာလဲ။?) အရှင်အနုရုဒ္ဓါက ကြေညာပေးလိုက်တယ်။ ဒီတော့ ဒီနည်းတွေဟာ ရှေ့တုန်းကထဲက ရှိလာခဲ့တာတွေကို ဒီကနေ့ ဘုန်းကြီးတို့တစ်တွေက လိုက်ပြီးတော့ လုပ်နေကြတာပါ။ တစ်ခါတစ်ခါတော့ ရှေးနည်းကိုပဲ ကိုယ့် ဘာသာ ကိုယ် လိုက်လုပ်နေမိမှန်းတောင် မသိကြဘဲ ရှိတတ်တယ် နော်။

**အသလ္လီနေန စိတ္တေန၊**
**ဝေဒနံ အဇ္ဈဝါသယိ။**
**ပဇ္ဇောတဿေဝ နိဗ္ဗာနံ၊**
**ဝိမောက္ခော စေတသော အဟု။**

(သုတ်မဟာဝါ၊ မဟာပရိနိဗ္ဗာနသုတ်၊ ပါ၊ နှာ၊ ၁၂၉)

**အာယသ္မန္တော**၊ အရှင်ဘုရားတို့၏ **ဘဂဝါ**၊ ဘုန်းတော်ခြောက်ပါး သခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ **အသလ္လီနေန**၊ တွန့်ဆုတ်ခြင်း အလျဉ်းမရှိသော။ **စေတသာ**၊ စိတ်တော်ဖြင့်။

ပရိသတ်ရေ... တွန့်ဆုတ်ခြင်း အလျဉ်းမရှိသောစိတ်ဖြင့် တဲ့။ ပါဠိလို မှတ်ချင်ရင်တော့ "အသလ္လီနစိတ်" တဲ့။ **အသလ္လီန**၊ မတွန့်ဆုတ်ဘူးဆိုတာ **သုဝိကာသိတ**၊ အလွန့်အလွန် ကြည်လင်ရွှင်လန်းနေတဲ့ စိတ်ကို ခေါ်တာပါ။

ကာယိကဒုက္ခခေါ်တဲ့ ကိုယ်မှာ ဒုက္ခတွေ ပြင်းထန်နေပေမယ်လို့လည်း စိတ်ကမညှိုးနွမ်းဘူး။ စိတ်တော်က ကြည်နေတာ ရွှင်လန်းနေတာ။ စိတ်ကို ညှိုးနွမ်းစေတတ်တဲ့ ရာဂနဲ့ဒေါသ ပြီးတော့ သူတို့ရဲ့ အကျိုးဆက်ဖြစ်တဲ့ သောမနဿနဲ့ ဒေါမနဿ အဲဒါတွေကို (ဘာနဲ့ ပယ်ထားပြီးပြီလဲ) ပြောခဲ့ပြီးပြီ နော်။

အာနာပါန ကမ္မဋ္ဌာန်းကို ဝင်စားပြီးတော့ စတုတ္ထဈာန် သမာဓိနဲ့ ဒိဝေဒနာတွေကို ပယ်ထားခဲ့ပြီးပြီ။ ဒါ့ကြောင့်...

**အသလ္လီနေန (သုဝိကာသိတေန)** အလွန့်အလွန် ကြည်လင်ရွှင်လန်း၍ နေပေထသော။ **စေတသာ**၊ စိတ်တော်ဖြင့်။ **ဝေဒနံ**၊ ကာယိကဒုက္ခဆိုတဲ့ ဝေဒနာမျိုးကို။ **အဓိဝါသယိ**၊ သည်းခံတော်မူခဲ့ပြီဘုရား။

**ပဇ္ဇောတဿ**၊ အလျှံတပြောင်ပြောင် တောက်လောင်၍နေသော မီးပုံကြီး၏။ **နိဗ္ဗာနံ ဣဝ**၊ ငြိမ်းသွားရသလိုပါပဲ။

တောက်လောင်နေတဲ့ မီးပုံကြီးတစ်ခုမှာ မီးတွေငြိမ်းသွားတယ်ဆိုတာဟာ (ပရိသတ်ရေ) လောင်စာကုန်လို့ ငြိမ်းသွားတာနော်။

ပို ပြည့်စုံအောင် ပြောချင်ရင် အဲဒီ လောင်စာကို အားပေးတဲ့ အဆီဓါတ်ပေါ့။ ဆီမီးခွက်ကို ပြောမယ်ဆိုရင်တော့ (ပရိသတ်ရေ) ဆီခန်းသွားတာ။ ဆီခန်းတော့ မီးစာလည်း ကျွမ်းသွားတယ် နော်။ အေး...အဝိဇ္ဇာနဲ့ တဏှာဆိုတဲ့ ဆီတွေခန်းသွားတော့ ခန္ဓာငါးပါးဆိုတဲ့ မီးစာကြီး (ဘာဖြစ်လဲ။?) အားလုံးငြိမ်းသွားတယ်။ ဒါကို ပြောတာ။

**ပဇ္ဇောတဿ၊** အလျှံတပြောင်ပြောင် တောက်လောင်၍နေသော မီးပုံကြီး၏။ **နိဗ္ဗာနံ ဣဝ၊** ငြိမ်းသွားရသလိုပါပဲ။ **ဝေမေဝ (ဝံတထာ)၊** ပမာထားမှု ထိုနည်းတူစွာ။ **ဘဂဝတော၊** ဘုရားရှင်ကိုယ်တော်မြတ်ရဲ့။ **နိဗ္ဗာနံ၊** သံသရာစက်ရဟတ်, အဆက်ပြတ်သဖြင့်, ဇာတ်ခုံချုပ်ငြိမ်း၍, ရုပ်သိမ်းခြင်းသည်။ **အဟု၊** ဖြစ်ခဲ့ပြီဘုရား ရယ်လို့။

**အာယသ္မာ အနုရုဒ္ဓေါ၊** အရှင်အနုရုဒ္ဓါမထေ်မြတ်က။ **ဂါထာယ၊** ဂါထာပုဒ်ဖြင့်။ **အဇ္ဈဘာသိ၊** သံဃာတော်အပေါင်းကို ရွှေနားတော် ကြားအောင် လျှောက်ထားတော် မူလိုက်ပါပေသတည်း။

သာဓု...သာဓု...သာဓုပါ ဘုရား



## အစွန်းနှစ်ဖက် လွတ်မြောက်လျှက်

ပရိသတ်ရေ... သုခဝေဒနာ, သောမနဿဝေဒနာထဲမှာ ကိန်းဝပ်နေတဲ့ ရာဂတွေကိုလည်း ပယ်ခဲ့ပြီးပြီ၊ ဒုက္ခဝေဒနာ, ဒေါမနဿ

ဝေဒနာမှာ ကိန်းဝပ်နေတဲ့ ဒေါသကိုလည်း ပယ်ခဲ့ပြီးပြီ။ အဲဒီလို သုခဝေဒနာနဲ့ သောမနဿဝေဒနာထဲမှာ ကိန်းဝပ်နေတဲ့ ရာဂတွေကို ပယ်ထားခဲ့ပြီးပြီဖြစ်တဲ့ အတွက်ကြောင့် ဒုက္ခနဲ့ ဒေါမနဿ ဝေဒနာထဲမှာ ကိန်းဝပ်နေတဲ့ ဒေါသကိုလည်း ပယ်ထားခဲ့ပြီးပြီဖြစ်တဲ့ အတွက်ကြောင့် စိတ်ကလေးဟာ အလယ်မှာ နေတဲ့သဘော။

အဲဒါကို တတြ မဇ္ဈတ္တ ပေက္ခာ...။

''ဘာလို့ခေါ်လဲ။?''

''တတြမဇ္ဈတ္တ ပေက္ခာလို့ ခေါ်ပါတယ်ဘုရား။

စိတ်ကလေးက အလယ်မှာနေတာဆိုတော့ ရာဂဒေါသ အစွန်းမှလည်း လွတ်နေတယ်။ ရာဂနဲ့ သုခ သောမနဿအစွန်း ဒေါသနဲ့ ဒုက္ခ ဒေါမနဿ အစွန်း အဲဒီလို လွတ်နေတဲ့ စိတ်ကို (ဘာခေါ်လဲ။?) ဝိမောက္ခတဲ့။ ''ပရိသတ်ရေ... ပြောကြည့် ဘာတဲ့လဲ။?''

''ဝိမောက္ခပါ ဘုရား''

**ဝိမောက္ခော စေတသော အဟု။**

**ဘဂဝတော၊** ဘုရားရှင်ကိုယ်တော်မြတ်ရဲ့။ **စေတသော၊** စိတ်တော်၏။ **ဝိမောက္ခော၊** အစွန်းနှစ်ဘက်မှ လွတ်မြောက်တော် မူခြင်းသည်။ **အဟု၊** ဖြစ်ပြီဘုရားရယ်လို့။ **အာယသ္မာ အနုရုဒ္ဓေါ၊** အရှင်အနုရုဒ္ဓါမထေရ်မြတ်သည်။ **ဂါထာယ၊** ဂါထာပုဒ်ဖြင့်။ **အဇ္ဈဘာသိ၊** ရွှေနားတော်ကြားအောင်, လျှောက်ထားတော်မူလိုက်ပါပေသတည်း။

သာဓု...သာဓု...သာဓုပါ ဘုရား

# ဝမ်းနည်းစိတ်ပို မြေကြီးငို

ပရိသတ်ရေ…

အရှင်အနုရုဒ္ဓါရဲ့ လျှောက်ထားချက်ထဲမှာ အလွန်လေးနက်တဲ့ အဓိပ္ပါယ်တွေ ပြည့်ပြည့်စုံစုံ ပါခဲ့တယ်နော်။ အရှင်အနုရုဒ္ဓါက (၂)ဂါထာနဲ့ လျှောက်ထားပြီးတော့ ဘုရား ပရိနိဗ္ဗာန်စံကြောင်း အသိပေးတယ်။ ဘုရားရှင်ကိုယ်တော်မြတ်က ပင်ပန်းသလား မပင်ပန်းဘူးလား ဆိုတာကို သေသေချာချာ ဖြေသွားပေးတယ် နော်။

"ကာယိကဒုက္ခဆိုတဲ့ ဝေဒနာကို ကြည်လင်လန်းဆန်းတဲ့ စိတ်နဲ့ သည်းခံတော်မူနိုင်ခဲ့တယ်" တဲ့၊ ဒီလို မဟုတ်လား။ ဒီတော့ သံဃာတော် အရှင်မြတ်တွေရဲ့စိတ်ထဲ နှလုံးသားထဲမှာ ဘုရားရှင်နဲ့ ခွဲခွါရလို့ ပူပန်းတာ မှန်သော်လည်းပဲ ဘုရားရှင်ကိုယ်တော်မြတ်အတွက် "အော်… ဘုရား သင်းရဲတော်မူရှာတယ်" လို့များ တွေးပြီးတော့ ပူပန်စရာ မရှိတော့ပါ ဘူးတဲ့၊ ဟုတ်လား။ ပြီးတော့မှ အရှင်အာနန္ဒာက ထ လာပြီးတော့ ငိုသံပါကြီးနဲ့ "တပည့်တော်လည်း လျှောက်ပါရစေဦး" တဲ့။

အရှင်အာနန္ဒာက သောတာပန်မျှပဲ ရှိသေးတာဆိုတော့ ငိုသေး တာပေါ့ဗျာ နော်။ အရှင်အာနန္ဒာ လျှောက်ပုံက…

> တဒါသိ ယံ ဘိံသနကံ၊
> တဒါသိ လောမဟံသနံ။
> သဗ္ဗာကာရ ဝရူပေတေ၊
> သမ္ဗုဒ္ဓေ ပရိနိဗ္ဗုတေ။

(သုတ်မဟာဝါ၊ မဟာပရိနိဗ္ဗာသုတ်၊ ပါ၊ နှာ၊ ၁၂၉)

**တထာဂတော၊** တထာဂတခေါ်တွင်, ဘုရားရှင်ကိုယ်တော်မြတ်သည်။ **ပရိနိဗ္ဗုတော၊** ပရိနိဗ္ဗာန် ဝင်စံခဲ့သည့်ရှိသော် (ဝါ) ပရိနိဗ္ဗာန် ဝင်စံတော်မူတဲ့အခါမှာ။ **တဒါ၊** အဲဒီ အခိုက်အတန့်လေးမှာပဲ၊ **ဘိံသနကံ၊** ကြောက်မက်ဖွယ်ရာ ကောင်းလောက်စွာသော။ **လောမဟံသနံ၊** ကြက်သီးမွေးညင်း တဖျင်းဖျင်း ထ လောက်စွာသော။ **မဟာပထဝိကမ္ပနံ၊** ကမ္ဘာမြေကြီး တုန်ဟည်းခြင်းသည်။ **အသိ၊** ဖြစ်ခဲ့ပြီဘုရားလို့။

**အာယသ္မာ အာနန္ဒော၊** အရှင်အာနန္ဒာမထေရ်မြတ်က။ **ဂါထာယ၊** ဂါထာပုဒ်ဖြင့်။ **အဇ္ဈဘာသိ၊** ရွှေနားတော်ကြားအောင်, လျှောက်ထားတော်မူလိုက်ပါပေသတည်း။

သာဓု...သာဓု...သာဓုပါ ဘုရား

## အရှက်မဲ့ကင်း ရှင်သေမင်း

ပရိသတ်ရေ... ဘုရားပရိနိဗ္ဗာန် ဝင်စံတာနဲ့ တစ်ပြိုင်နက်တည်းမှာပဲ ဟောဒီ မဟာပထဝီကမ္ဘာမြေကြီးဟာ ကြောက်စရာကောင်းလောက်အောင်ကို ကြက်သီးမွေးညင်း တဖျင်းဖျင်းထလောက်အောင် တုန်လှုပ်သွားခဲ့တယ်။ ဘုန်းကြီးတို့ ရွှေဟင်္သာဆရာတော်ဘုရားကြီး လွန်သွားပြီဆိုတော့ မဟာပထဝီမြေကြီးလှုပ်တာ မလှုပ်တာ အသာထား။ ဆရာတော်ဘုရားကြီး ပျံလွန်တော်မူတဲ့ သတင်းကို ကြားကြားရသမျှ ဘုန်းကြီးတို့

အပါအဝင် နိုင်ငံတော်အစိုးရနဲ့တကွ သံဃာတော်အရှင်မြတ်တွေ တပည့် ဒကာဒကာမတွေ အားလုံးရဲ့ နှလုံးသားထဲမှာ (ဘာဖြစ်သွားလဲ။?) လှုပ်သွားတယ်၊ ဟုတ်လား။

ပရိသတ်ရေ...မြေကြီးတုန်လှုပ်တာထက် နှလုံးသား တုန်လှုပ်တာက ပိုပြီးတော့ အခံရ ခက်ပါတယ် နော်။

**ဧဝံ မဟာနုဘာဝဿ၊**

**ယံ နာမေတံ မဟေသိနော။**

**န ဘယေန ဒိလ္လဖ္ဖာယ၊**

**မရဏံ ဝသ မာဂတံ။**

ဘောန္တော၊ အချင်းတို့။ **အာယသ္မန္တော၊** အရှင်ဘုရားတို့။ **ဧဝံ မဟာနုဘာဝဿ၊** သို့ကလောက်ပင် တန်ခိုးအာနုဘော် ရှိတော်မူထ သော။ **ဧဝံ မဟိဒ္ဓိကဿ၊** ဤသို့လျှင် ကြီးမားသည့် အစွမ်းသတ္တိ ရှိတော်မူထသော။ **မဟေသိနော၊** သီလက္ခန္ဓ, စသည်ကျေးဇူး, ဂုဏ်အထူး ကို ဆည်းပူးရှာမှီးတော်မူတတ်သော မြတ်စွာဘုရားကိုပင်လျှင်။ **ယံ နာမ မရဏံ၊** အကြင်သေခြင်းတရားက။ **အဘိဘဝိဿတိနာမ၊** နှိပ်စက်တုံတိ သေး၏ဘုရား။

န ဘယေန၊ ကြောက်လန့်ခြင်းမရှိသဖြင့်။ **ဒိလ္လဖ္ဖာယ၊** ရှက်ရွံ့ ခြင်း မရှိဘဲနဲ့၊ **ယံ နာမ မရဏံ၊** အကြင်သေခြင်းတရားက။ **ဘဂဝတော၊** ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို။ **အဘိဘဝိဿတိနာမ၊** နှိပ်စက်ပါသေး သည်ဘုရား။ **အာယသ္မန္တော၊** အရှင်ဘုရားတို့။ **ဘဂဝါ၊** ဘုရားမြတ်စွာ သည်။

**ဧဝံ မဟာနုဘာဝေါပိ၊** ဤသို့လျှင် တန်ခိုးကြီးမားတော်မူပါသော်လည်း။ **ဧဝံ မဟာပုညောပိ၊** ဤသို့ ဘုန်းကံကြီးမားတော်မူပါသော်လည်းပဲ။ **နိလ္လဇ္ဇံ၊** အရှက်မရှိသော။ **ဝီတသာရဇ္ဇံ၊** ကြောက်ရွံ့ခြင်းကင်းမဲ့၍ နေပေထသော။ **သဗ္ဗသတ္တာဘိမဒ္ဒနံ၊** သတ္တဝါအားလုံးတို့ကို ခြွင်းချက် မထားဘဲ နှိပ်စက်တတ်တဲ့ သဘောရှိပါတဲ့။ **မရဏာဝသံ၊** သေမင်းရဲ့ အလိုသို့။ **အာဂတံ၊** ဆိုက်ရောက်တော်မူခဲ့ရပြီဘုရားရယ်လို့။

**အာယသ္မာ အာနန္ဒော၊** အရှင်အာနန္ဒာ မထေရ်သူမြတ်က။ **ဂါထာယ၊** ဂါထာပုဒ်ဖြင့်။ **အဇ္ဈဘာသိ၊** ကောင်းစွာမသွေ, လျှောက်ထားတော်မူလိုက်ပါပေသတည်း။

သာဓု...သာဓု...သာဓုပါ ဘုရား



## သေရမယ့်အေး ကြိုတင်တွေး

ဒီလောက်တောင် တန်ခိုးအာနုဘော် ကြီးမားတော်မူလှတဲ့, ဒီလောက်တောင် ပါရမီတော်တွေနဲ့ ပြည့်စုံတော်မူလှတဲ့, ဒီလောက်တောင် ဘုန်းတော် ကံတော် ဉာဏ်တော် တန်ခိုးတော်တွေနဲ့ ပြည့်စုံတော်မူလှတဲ့, ဒီလောက်တောင် တစ်လောကလုံးရဲ့ အထွတ်အထိပ်ကို ရောက်တော်မူနေတဲ့, မြတ်စွာဘုရားကိုသော်မှ သေခြင်းတရားက နှိပ်စက်သေးတယ် ဘုရားလို့ အရှင်အာနန္ဒာမထေရ်သူမြတ်က သံဃာတော်အရှင်သူမြတ်

တွေကို မရဏာသတိ ကမ္မဋ္ဌာန်း စီးဖြန်းစေဖို့ (ပရိသတ်ရေ) ဟော့ဟော့ နေတာတွေပါ နော်။

**နီလွှတ္ထံ၊** အရုက်ကင်းမဲ့စွာသော။

**ဝီတသာရဇ္ဇံ၊** ကြောက်ရွံ့ခြင်း ကင်းမဲ့၍ နေပေထသော။

ဒီစကားရပ်တွေကို အရှင်အာနန္ဒာက အဓိပ္ပါယ်ရှိရှိ လျှောက်ထား နေတာပါ။ ဘုရားရှင်ဟာ လောကရဲ့ အထွတ်အထိပ်ပဲ။ ပါရမီအနေနဲ့ ဆိုရင်လည်းပဲ အထွတ်အထိပ်။ ကုသိုလ်ကောင်းမှုနဲ့ ပတ်သက်လာရင် လည်းပဲ အထွတ်အထိပ်။

ကျင့်စဉ်နဲ့ ပတ်သက်လာရင်လည်း အထွတ်အထိပ်။ ဉာဏ်အနေနဲ့ ကြည့်ပြန်ရင်လည်း အမြင့်ဆုံးပဲ။ ခန္ဓာကိုယ်ရဲ့ ကျက်သရေနဲ့ ယှဉ်ပြန် တော့လည်း မဟာပုရိသ(၃၂)ပါးနဲ့ လက္ခဏာတော်ငယ်(၈၀)တွေနဲ့ ယှဉ်တဲ့ အတွက် (ဘာဖြစ်လဲ။?) အမြင့်ဆုံးပဲ။ အမြတ်ဆုံးပဲ။ အထွတ်အထိပ် အရောက်ဆုံးပဲ။

အဲဒီလောက် ကမ္ဘာရဲ့ အထွတ်အထိပ်, သတ္တလောကရဲ့ အထွတ် အထိပ်, လူနတ်ပြဟ္မာ သတ္တဝါအားလုံးတို့ရဲ့ အထွတ်အထိပ် ဖြစ်တော်မူတဲ့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကို (ပရိသတ်ရေ) စကား အသုံးအနှုန်း နည်းနည်း ယုတ်ရင် သည်းခံပြီး နားထောင်။

"သတ်မလို့" ဆိုပြီးတော့ သေမင်းက ကြံစည်တယ် ဆိုပါစို့။ (ပရိသတ်ရေ) အဲဒီ သေမင်းဟာ ရက်စရာ ကြောက်စရာ မကောင်း ဘူးလား။?

"ကောင်းပါတယ် ဘုရား"

ဒီလောက်တောင် လောကရဲ့ အထွတ်အထိပ်အကျဆုံး ပုဂ္ဂိုလ်ကြီး တစ်ပါးကို သတ်ရမှာ ကြောက်ဖို့လည်း ကောင်းပြီးတော့ ဒီအမှုကြီး ကျူးလွန်ပြီးသွားရင် ရှက်စရာလည်း ကောင်းတယ်။ ဒါကြောင့်မို့ တင်စား ပြီးတော့...

**နိလ္လဇ္ဇ**၊ ဒီသေမင်းဟာ ဘုရားကိုတောင်မှ ချန်မထားဘူး။ အရှက်ကို မရှိဘူး တဲ့။

**ဝီတသာရဇ္ဇ**၊ ဒီသေမင်းဟာ ဘုရားကိုတောင် ချန်မထားဘူး။ (ဘာတဲ့လဲ။?) အကြောက်တရားလည်း မရှိဘူး။

**တယိဒံ မာဒိသံ သတ္တံ၊**

**ကထံ နာဘိ ဘဝိဿတိ။**

**အာယသ္မန္တော**၊ အရှင်ဘုရားတို့၊ **တယိဒံ (တံ+ဣဒံ) တာဒိသံ**၊ ထိုကဲ့သို့သော သဘောရှိသော။ **နိလ္လဇ္ဇံ**၊ အရှက်ကင်းမဲ့စွာသော။ **ဝီတ သာရဇ္ဇံ**၊ ကြောက်ရွံ့ခြင်း ကင်းမဲ့၍ နေပေထသော။ **သဗ္ဗသတ္တာဘိ မဒ္ဒနံ**၊ အားလုံးသော သတ္တဝါတွေကို အကြွင်းအကျန်မရှိ ခြွင်းချက်မရှိ နှိမ်နင်းတတ်တဲ့။ **မရဏံ**၊ သေမင်းသည်။

**မာဒိသံ သတ္တံ (မာဒိသေ သတ္တေ)**၊ ငါတို့လို ဘုန်းကံပါးရှားတဲ့ ပုဂ္ဂိုလ်တွေကို။ **ကထံ(ကသ္မာ ကာရဏာ)**၊ အဘယ်အကြောင်းကြောင့်။ **နာဘိဘဝိဿတိ**၊ မနှိပ်စက်ဘဲ မသတ်ဖြတ်ဘဲ ရှိပါတော့အံ့နည်း။

**အဘိ ဘဝိဿတိ ဝ**၊ နှိပ်စက် သတ်ဖြတ်တော့မည်သာလျှင် တည်း။ **ဣတိ**၊ ဤသို့။ **ဒိနေ ဒိနေ**၊ နေ့တိုင်း နေ့တိုင်း။ **ပစ္စဝေက္ခိတဗ္ဗံ**၊ ဆင်ခြင်သုံးသပ်သင့်ကြတယ်ရယ် လို့။

အာယသ္မာ အာနန္ဒော၊ အရှင်အာနန္ဒာ မထေရ်မြတ်က။ ဂါထာယ၊ ဂါထာပုဒ်ဖြင့်။ အဇ္ဈဘာသိ၊ ကောင်းစွာမသေ့, လျှောက်ထားတော် မူလိုက်ပါပေသတည်း။

သာဓု...သာဓု...သာဓုပါ ဘုရား

## ကိုယ်စားလှယ်အလား ပူဇော်သွား

ပရိသတ်ရေ...ဘုရားရှင်ရဲ့ သာဓုကီဠနပူဇာမှာ ပရိသတ် ဘယ်နှစ်မျိုးက ဘုရားရှင်ကို လာ ပူဇော်သွားကြလဲ။?

ဗြဟ္မာပရိသတ်ရဲ့ကိုယ်စား သဟမ္ပတိက လာ ပူဇော်တယ်။

နတ်ပြည်ခြောက်ထပ်က နတ်တွေရဲ့ကိုယ်စားကျတော့ သိကြားမင်း လာပူဇော်တယ် နော်။

ရဟန္တာ အရိယာ သံဃာတော်တွေရဲ့ကိုယ်စားကျတော့ အရှင်အနုရုဒ္ဓါ လို့ ဆိုကြပါစို့။

ပုထုဇဉ်နဲ့ အောက် သေက္ခပုဂ္ဂိုလ်တွေရဲ့ ကိုယ်စားက အရှင်အာနန္ဒာ။

အဲဒီလို အသီးသီး ကိုယ်စားလှယ်တွေက ပူဇော်သွားလိုက်ကြတော့ ဘုန်းကြီးကလည်း ဆရာတော်ဘုရားကြီးရဲ့ ပူဇော်ပွဲမှာ ဒီအတိုင်း၊ သတိရတယ်။

''အော်...တပည့်တွေဆီကနေ ကိုယ်စားလှယ်တွေ အသီးသီး သူ့အလှည့် သူ့အလှည့်နဲ့ ဆရာတော်ဘုရားကြီးကို လာ လာပြီးတော့ ပူဇော်သွားကြတာဟာ ဘုရားရှင်ရဲ့ ရုပ်ကလာပ်တော် ရှေ့အနီးအနား လေးမှာ ဗြဟ္မာတွေ, နတ်တွေ, သိကြားတွေ, သံဃာတော်တွေ ပူဇော် ကြတာနဲ့ တစ်ထပ်ထည်း ဖြစ်နေပါပေါ့လား'' လို့ တွေးမိပါသေးတယ်။

ဒီလို တွေးပြီးတော့ပဲ ဆရာတော်ဘုရားကြီး လွန်တော်မူတဲ့ အတွက်ကြောင့် ဖြစ်ရတဲ့ သောကကို ဖြေဆည်ဖို့ ကြိုးစားကြည့်ရပါတယ်။ ပရိသတ်လည်း ဒီအတိုင်းပဲ ကြိုးစားကြရမှာပါ နော်။

အဲဒီလို ဘုရားရှင်ရဲ့ ရုပ်ကလာပ်တော်ကို အရှင်အနုရုဒ္ဓါ၊ အရှင် အာနန္ဒာနဲ့ နတ်တွေ, ဗြဟ္မာတွေက သန်းခေါင်ယံကာလမှာ ဂါထာတွေ ဂါထာတွေနဲ့ အလှည့်ကျ ပူဇော်ကြပြီးတော့ မနက် မိုးလင်းပြီလည်းဆိုရော မလ္လမင်းတွေရဲ့ ညီမူရာအစည်းအဝေးခန်းမကို အရှင်အာနန္ဒာကိုယ်တိုင် ကြွသွားပြီးတော့ ဘုရားပရိနိဗ္ဗာန်စံတော်မူပြီဖြစ်ကြောင်း အသိပေးတယ်။

မလ္လမင်းတွေလည်း မနက်မိုးလင်းမှာ ရောက်လာကြပြီးတော့ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ရုပ်ကလာပ်တော်ပူဇော်ပွဲ အစီအစဉ်တွေကို ဆောင်ရွက်ကြတာ (၇)ရက်တောင် ကြာပါတယ်။

(၇)ရက်တိုင်တိုင် အခမ်းအနားပြင်ဆင်ပြီးတော့မှ ဘုရားရှင်ရဲ့ ရုပ်ကလာပ်တော်ကို အနောက်ဖက်ကနေ ပတ်ပြီးတော့ လှည့်သွားတယ်။ အနောက်ဖက်, အနောက်မြောက်ထောင့် စသဖြင့်လှည့်ပြီးတော့ မြောက် တံခါးကနေ ဝင်တော့ မြို့လယ်ခေါင်ရောက်၊ မြို့လယ်ခေါင်ကနေပြီးတော့မှ အရှေ့တံခါးကနေ ပြန်ထွက်သွားကြတယ်။

## မလ္လိကာရဲ့ ပူဇော်ခြင်း

ဘုရားရှင်ရဲ့ ရုပ်ကလာပ်တော် မြို့လယ်ခေါင်ရောက်တဲ့အခါမှာ ဗန္ဓုလစစ်သူကြီးကတော် မလ္လိကာက ပြေးထွက်လာပြီးတော့ သူ့ရဲ့ ခင်ပွန်းယောကျ်ား ဗန္ဓုလစစ်သူကြီး ကွယ်လွန်ပြီးကတည်းကိုက သူ့ကိုယ်မှာ မဝတ်ဆင်ဘဲ သိမ်းထားခဲ့တဲ့ ''မဟာလတာ'' တန်ဆာတဲ့။

ရွှေးတုန်းက တန်ဘိုး(၉)ကုဋေရှိတယ်။ ဒီကနေ့ ခေတ်တော့ ကုဋေပေါင်း(၉၀၀)လောက်တန်ကောင်းတန်လိမ့်မယ်။ (ပရိသတ်ရေ) ရွှေချည်းသက်သက်ပဲ (၃၅)ပိဿာလောက် ပါတယ်။ ကျောက်စိမ်းတွေ ကျောက်နီတွေ ပတ္တမြားတွေပေါ့လေ။ အဲဒီ ကျောက်တွေအားလုံးကိုက (၁)တင်းခွဲလောက် ရှိတယ်။

အဲဒီ ပစ္စည်းတွေနဲ့ လုပ်ထားတဲ့၊ ''မဟာလတာတန်ဆာ'' ဒီကနေ့ ခေတ် အမျိုးသမီးတွေမှာ ဆင်လိုက်ရရင်တော့ ဘုန်းကနဲ ပုံလဲကျသွားမယ် ထင်တယ်နော်။ လေးလွန်းလို့ မသယ်နိုင်ကြဘူး။

ဗန္ဓုလစစ်သူကြီးကတော် မလ္လိကာ က ခင်ပွန်းသည် ကွယ်လွန်ပြီးကတည်းက မဝတ်ဆင်ဘဲ သိမ်းထားခဲ့တဲ့ ဒီ မဟာလတာတန်ဆာကြီးကို ''ကိုင်း...ဘုရားရှင်ကို နောက်ဆုံးအနေနဲ့ ပူဇော်ကန်တော့မယ်'' ဆိုပြီးတော့ မဟာလတာ တန်ဆာကြီး ကိုင်ပြီးတော့ ပြေးထွက်လာတယ်။

ရုပ်ကလာပ်တော်ကို လှည့်လည်အလာ မြို့လယ်ခေါင်အရောက်မှာ ဒီ မဟာလတာ တန်ဆာကြီးနဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကို သူ ပူဇော်လိုက်တယ် တဲ့။ မြတ်စွာဘုရားကို နောက်ဆုံးအနေနဲ့ အမြတ်ဆုံး ရတနာနဲ့ပူဇော်လိုက်ရတယ်ဆိုပြီးတော့ သူ့စိတ်ထဲ သိပ်ကျေနပ်သွားတယ်။

# လျှံတက်ကော်ရော် မီးပူဇော်သည်

မဟာလတာတန်ဆာ လွှမ်းခြုံထားတဲ့ ရုပ်ကလာပ်တော်ကို အရှေ့တံခါးပေါက်ကနေ ပြန်ထွက်လာပြီးတော့ မလ္လမင်းတို့ မကုဋ္ဌဗန္ဓနစေတီ တဲ့။ အဲဒီ မကုဋ္ဌဗန္ဓနစေတီနေရာမှာ ဘုရားရှင်ရဲ့ ရုပ်ကလာပ်တော်ကို နံ့သာထင်းပုံပေါ်မှာ ချထားပြီးတော့ အဲဒီမှာ ပူဇော်ကြတာက (၇)ရက်။ မင်္ဂလာယူတဲ့ စေတီရှိတယ်။

ဘာ့ကြောင့် ပူဇော်ကြသလဲ ဆိုတော့ အရှင်မဟာကဿပကိုယ်တော်ကြီး ရောက်မလာသေးလို့ ဆိုပြီးတော့ စောင့်နေကြရတာ။ တကယ်တော့ စောစောက မလ္လမင်းတွေက ကြိုးစားပြီးတော့ မီးတိုက်ကြည့်ကြသေးတယ်။ မီးက မလောင်ဘူး၊ မလောင်တော့မှ အရှင်အနုရုဒ္ဓါက ပြောတယ်။

''ဟေ့...မင်းတို့ မီးရှို့တာ စိတ်မစောကြနဲ့၊ မင်းတို့ မီးဘယ်လိုရှို့ရှို့ ရုပ်ကလာပ်ဟာ မီးလောင်မှာ မဟုတ်ဘူး။ အရှင်မဟာကဿပကြွမလာသေးဘူး၊ စောင့်ကြ'' လို့ ပြောရတယ်။

နတ်တွေက မီးရှို့လို့ မရအောင်ဆိုပြီးတော့ တားထားတာ။ ဒါနဲ့ အရှင်မဟာကဿနဲ့ ရဟန်းတော်အပါး(၅၀၀) ကြွရောက်လာကြတယ်။ သူတို့က ဟိုး တော်တော်ဝေးဝေးကနေ ကြွလာခဲ့ကြရတာမို့ နောက်ကျတယ်။ အရှင်မဟာကဿပကိုယ်တော်ကြီးက ဘုရားရှင်ရဲ့ ရုပ်ကလာပ်တော်ကို(၃)ခါပတ်ပြီးတော့ လက်ျာရစ်လှည့်ပြီးတော့ ဘုရားမြတ်စွာကို ပူဇော်တယ်။ ''ဘုရားရှင်ရဲ့ ခြေတော်ဟာ ဒီနေရာလောက်မှာ ဖြစ်လိမ့်မယ်'' လို့ မှန်းဆပြီးတော့ ဦးတိုက်လိုက်တဲ့အချိန်မှာ...

ဘုရားရှင်ရဲ့ ခြေဖဝါးတော်နှစ်ခုဟာ ရွှေခေါင်းထဲက အလိုလို ထွက်လာပြီးတော့ အရှင် မဟာကဿပရဲ့ အဖူးအမြော်ကို ခံတော်မူတယ် တဲ့။ အရှင်မဟာကဿပက ခြေတော်နှစ်ဖက်ကို လက်နဲ့အားပါးတရ ဆုပ်ကိုင်ပြီးတော့ ဦးတိုက်ပြီးတဲ့အခါကျတော့မှ ရုပ်ကလာပ်တော်ကို ဘယ်သူမှ မီးမရှို့ရဘဲနဲ့ အလိုအလျောက် မီးလောင်သွားတယ်။

## မွေတော်ရှစ်စိတ် ကြွင်းတယ်ကို

အလိုအလျောက် မီးလောင်ပြီးတဲ့အခါမှာ ကြည့်လိုက်တော့ ရွှေရောင်တဝင်းဝင်းနဲ့ ဓါတ်တော်တွေ(၁)တင်းသား ကျန်နေရစ်ခဲ့တယ်။ ကျန်ရစ်တဲ့ အဲဒီ ဓါတ်တော်တွေကို အဲဒီ ကုသိနာရုံမှာ ပရိနိဗ္ဗာန်စံတာ ဆိုတော့ ကုသိနာရုံမှာ ရှိတဲ့ မလ္လမင်းတွေက...

"ဟော့...ကို့တိုင်းပြည်မှာလာပြီး ပရိနိဗ္ဗာန် ပြုတော်မူတဲ့ ဘုရား ရှင်ရဲ့ ဓါတ်တော်တွေကို တို့ပဲ ပိုင်တယ်။ ဘယ်သူ့မှ မပေးဘူး" ဆိုပြီးတော့ ရွှေတလားကြီးကို ရှေ့ကနေ ဆင်တွေနဲ့ တစ်ထပ် ပတ်ထားတယ်။ ဆင်တပ်။

အဲဒီနောက်ကနေပြီးတော့မှ ဓါးတပ်၊

အဲဒီနောက်ကနေပြီးတော့မှ လှံတပ်၊

အဲဒီနောက်ကနေပြီးတော့မှ လေးတပ်၊

တပ်ကြီး(၄)တပ် ပတ်ရံပြီးတော့ "မြတ်စွာဘုရားရဲ့ ရုပ်ကလာပ် တော်က ကြွင်းကျန်တဲ့ ဓါတ်တွေတွေကို ဘယ်သူ့မှ မပေးဘူး ဆိုပြီးတော့ အစောင့်အရှောက်တွေနဲ့ ထားတယ်။

ဘုရား ပရိနိဗ္ဗာန်စံတဲ့သတင်းက တစ်မုဟုတ်ချင်း ဇမ္ဗူဒီပါကို ပျံ့သွားတယ်။ ဇမ္ဗူဒီပါဆိုတာ ALL INDIA...

ALL INDIA ဆိုတဲ့ ဇမ္ဗူတစ်ခွင်ကို ''ဘုရားရှင်ပရိနိဗ္ဗာန်စံပြီ'' ဆိုတဲ့ သတင်းက အကုန်လုံး ချက်ချင်းပဲ ပျံ့နှံ့သွားတာဆိုတော့ကြားရာ ကြားရာအရပ်ကနေ လာကြတဲ့ ပရိသတ်တွေဟာ ရုပ်ကလာပ်တော်ကနေ ကြွင်းကျန်တဲ့ ဓါတ်တော်တွေကို သိုလှောင်ထားတဲ့ ရွှေတလားရဲ့ အနီး အနားမှာ (ပရိသတ်ရေ) ရှစ်ပြည်ထောင်က မင်းပရိသတ်တွေ (၈)အုပ်စု တဲ့။ ဝိုင်းမိသွားကြတယ်။ ''ပရိသတ်ရေ...ဘယ်နှစ်ပြည်ထောင်လဲ။?''

''(၈)ပြည်ထောင်ပါ ဘုရား''

## တပ်ကြော်ကြီးအို့ လုကြမည်

(၁) ရာဇဂြိုဟ်က အဇာတသတ်

(၂) ဝေသာလီက လိစ္ဆဝီမင်းများ

(၃) သက္ကတိုင်း ကပိလဝတ်က သာကီဝင်မင်းများ

(၄) အလ္လကပ္ပတိုင်းက ကာဗုလီ မင်းများ တဲ့။

''အလ္လကပ္ပ''ဆိုတာ...

(မုံရွာမရောက်ခင်) မြင်းမူနားက အလ္လကပ္ပ မဟုတ်ပါဘူး နော်။

(၅) ရာမမင်းမျိုးတွေ ကောလိယနိုင်ငံတော်က ရာမမင်းမျိုးတွေ တစ်နည်း ပြောရရင် ကောလိယမင်းမျိုးတွေလည်း လာကြတယ်။

(၆) နောက် ဝေဋ္ဌဒီပ ဆိုတဲ့ မြို့ကနေပြီးတော့လည်း ဗြာမင်း (ဗြဟ္မဏ)တွေလည်း လာကြတယ်။

(၇) နောက် ပါဝါက မလ္လမင်းတွေ၊

(၈) နောက် ကုသိနာရုံက မလ္လမင်းတွေ၊

ပရိသတ်ရေ...(၈)အုပ်စုနော်၊ အဲဒီ (၈)အုပ်စုထဲမှာ ဗြာဟ္မဏအုပ်စု တစ်စုတည်းပါတယ်။ ကျန်တာအားလုံးက မင်းမျိုးတွေချည်းပဲ လာကြတယ်။ အဲဒီတော့ မင်းမျိုး(၇)မျိုးနဲ့ ဗြာဟ္မဏမျိုး(၁)မျိုး၊ ပေါင်း(၈)ပြည် ထောင် (၈)အုပ်စု စုပြီးတော့ ဘာလုပ်ကြသလဲဆိုတော့...

''ဘုရားရှင်ရဲ့ ရုပ်ကလာပ်တော်က ကျန်ခဲ့တဲ့ ဓါတ်တော်တွေကို လုမယ်'' ဆိုပြီး အဲဒီမှာ စစ်ခင်းဖို့ လက်နက်တွေ ပြင်ဆင်ကြတယ်။ လက်နက်တွေတင်ပြီး စစ်ခင်းကြမယ် ကြံတော့မှ (၈)ပြည်ထောင် မင်းတို့ရဲ့ ရှေးတုန်းက ဆရာဖြစ်ခဲ့ဖူးတဲ့ ''ဒေါဏပုဏ္ဏာကြီး'' က ပြေးလာပြီးတော့မှ... ''ဟေ့...ဘုရားရှင်ကိုယ်တော်မြတ်ကို အကြောင်း ပြုပြီးတော့ မင်းတို့တစ်တွေ စစ်တော့မခင်းကြနဲ့၊ မင်းတို့တစ်တွေ ကျေနပ်တဲ့အထိ မျှမျှတတဖြစ်အောင် ငါဝေပေးမယ်'' ဆိုပြီး တရား ဟောတော့မှ (၈)ပြည်ထောင်က မင်းတွေ စစ်တိုက်ဖို့ ပြင်ဆင်ထားတဲ့ လက်နက်တွေ အကုန်လုံး ပြန်ချပြီးတော့မှ ကြည့်လိုက်ကြတော့...

''ဟာ...ဒါ ငါတို့ဆရာကြီးပဲ'' ဆိုပြီး ငြိမ်သွားကြတာ။

**သုဏန္တု ဘောန္တော မမ ဧကဝါစံ၊**

**အမှာက ဗုဒ္ဓေါ အဟု ခန္တိဝါဒေါ။**

**န ဟိ သာဓု ယံ ဥတ္တမပုဂ္ဂလဿ၊**

**သရီရဘာဂေ သိယာ သမ္ပဟာရော။**

**(သုတ်မဟာဝါ၊ မဟာပရိနိဗ္ဗာနသုတ္တန်၊ ပါ၊ နှာ၊ ၁၃၇)**

**ဘောန္တော**၊ အို အချင်းတို့၊ **မမ**၊ ငါရဲ့၊ **ကောဝိစံ**၊ စကားလေး တစ်ခွန်းလောက်ကိုတော့။ **သုဏန္တု**၊ နားထောင်လိုက်ကြပါဦးတော့။ (ပရိသတ်ရေ ဒေါဏ ပုဏ္ဏားကြီးက သုံးမနေတာ နော်)

**အမှာကံ ဗုဒ္ဓေါ**၊ ငါတို့ရဲ့ ဆရာဖြစ်တဲ့ ဘုရားရှင်ကိုယ်တော်မြတ် သည်။ **ခန္တိဝါဒေါ**၊ ခန္တိဝါဒရှိတော်မူသည်။ **အဟု**၊ ဖြစ်၏။ (ပရိသတ်ရေ တို့ဘုရားသည် ဘာ ဝါဒရှိလဲ။? ခန္တိဝါဒ ရှိတော်မူတယ်။)

**ဥတ္တမပုဂ္ဂလဿ**၊ မြတ်သော ယောကျ်ားတစ်ဆူ ဖြစ်တော်မူတဲ့ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့။ **သရီရဘာဂေ**၊ ဓါတ်တော်တွေကို ဝေဖန်တဲ့ ဒီနေရာမှာ။ **သမ္ပဟာရော**၊ ခိုက်ရန်ဖြစ်ပွါးခြင်း ဆိုတာဟာ။ **သိယာ**၊ တကယ်လို့ဖြစ်ခဲ့မယ်ဆိုရင်။ **န ဟိ သာဓု**၊ အဲဒါဟာ ဘယ်လိုနည်းနဲ့မှ မသင့်လျော်ဘူး။

**တသ္မာ**၊ ထို့ကြောင့်၊ **တုမှေ**၊ သင်တို့တစ်တွေဟာ။ **မမ ကောဝိစံ**၊ ငါ့ရဲ့ စကားလေးတစ်ခွန်းလောက်ကို။ **သုဏန္တု**၊ နားကြားနိုင်ကြပါစေ ကုန်သတည်း။

သာဓု...သာဓု...သာဓုပါ ဘုရား

## ဒေါကာသရာ ပြောတာနှစ်ခန်း

သဗ္ဗေဝ ဘောန္တော သဟိတာ သမဂ္ဂါ၊
သမ္မောဒမာနာ ကရောမဒ္ဒ ဘာဂေ။
ဝိဝ္ထာရိကာ ဟောန္တု ဒိသာသု ထူပါ၊
ဗဟူ ဇနာ စက္ခုမတော ပသန္နာ။

(သုတ်မဟာဝါ၊ မဟာပရိနိဗ္ဗာနသုတ္တန်၊ ပါ၊ နှာ၊ ၁၃၇)

ဘောန္တော၊ အို အချင်းတို့။ သဗ္ဗေဝ၊ အလုံးစုံသာလျှင် ဖြစ်ကုန်သော။ တုမှေ၊ သင်တို့တစ်တွေသည်။ သဟိတာ၊ အကျိုးစီးပွါး တူမျှ ကြကုန်သည်။ ဟောထ၊ ဖြစ်ကြကုန်လော့။

ပရိသတ်ရေ...ဒေါဏပုဏ္ဏားရဲ့ အဆုံးအမနော်။ နံပါတ်(၁)ကို မှတ်ရအောင်၊ ''သင်တို့တစ်တွေဟာ ကိုယ့်အကျိုးကိုယ့်စီးပွါးကိုချည်း ဖိမလုပ်ကြဘဲနဲ့ အများရဲ့ အကျိုးစီးပွါးကိုလည်း တူမျှအောင် ဆောင်ရွက် ကြပါ။''

''ဘယ်လို ဆောင်ရွက်ရမယ်''

''အကျိုးစီးပွါး တန်းတူညီမျှ ဆောင်ရွက်ကြပါ'' တဲ့။

ဘောန္တော၊ အို အချင်းတို့။ မမ၊ ငါရဲ့။ **ကေဝါစံ**၊ စကားလေး နောက်တစ်ခွန်းကို။ သုဏာန္တု၊ နားထောင် လိုက်ကြစမ်းပါဦး။

တုမှေ၊ သင်တို့တစ်တွေသည်။ သမဂ္ဂါ၊ ကိုယ်စိတ်နှစ်ရပ် ညီညွတ် ကြကုန်သည်။ ဟောထ၊ ဖြစ်ကြကုန်လော့။

ပရိသတ်ရေ ဘာဖြစ်ကြရမတဲ့လဲ။?

''ကိုယ်စိတ်နှစ်ပါးလုံး ညီညွတ်ကြ'' တဲ့။

အခု (၈)ပြည့်ထောင်က မင်းတွေ ဘာ လုပ်မလို့လဲ။? ဓါတ်တော် လုမလို့။ ဘုန်းကြီးတို့ရဲ့ ဆရာတော်ဘုရားကြီး ဓါတ်တော်တွေကိုတော့ တစ်ခုမှ မကျန်အောင် (ဘာလုပ်ထားလိုက်လဲ။?) ပြာဖြစ်သွားတဲ့အထိ မီးနဲ့ ပူဇော်ထားလိုက်တယ်။ ဆရာတော်ဘုရားကြီးကလည်း ''အဲဒါ လုများ လုနေကြမလား'' လို့ တွေးများတွေးမိသလား မသိပါဘူး။

''ပြာတွေကို မြစ်ထဲသာ မျှောချလိုက်ကြကွာ၊ လုလုယက်ယက် တွေတော့ မလုပ်ကြနဲ့'' လို့ ကြိုတင် မှာခဲ့ဟန် တူပါတယ် နော်။

**သမ္မောဒမာနာ**၊ တစ်ယောက်နဲ့တစ်ယောက် ဝမ်းမြောက်ခြင်း ရှိကြကုန်သည်။ **ဟောထ**၊ ဖြစ်ကြကုန်လော့။

ပရိသတ်ရေ ဘယ်လိုနေကြရမတဲ့လဲ။?

(၁) တစ်ယောက်နဲ့ တစ်ယောက် အကျိုးစီးပွါး တန်းတူညီမျှ အောင် ဆောင်ရွက်ကြ။ အကျိုးစီးပွါးဖြစ်မယ်ဆိုရင် အားလုံး တန်းတူ ညီတူ ရှိကြပါစေ ဟုတ်လား။

(၂) ကိုယ်စိတ်နှစ်ဖြာ ညီညွတ်ကြ။

(၃) တစ်ယောက်နဲ့ တစ်ယောက် ဝမ်းမြောက်ဝမ်းသာရှိအောင် နေကြပါ။ တစ်ယောက်ကို တစ်ယောက်က မကျေနပ်ဘူးဆိုတာ မရှိ စေနဲ့ တဲ့။ ဝမ်းမြောက်ဝမ်းသာ ရှိကြစမ်းပါ။ ဒါက နံပါတ်(၃) နော်။

**ဘဂဝတော**၊ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့။ **သရီရဓာတုယော**၊ ဓါတ်တော်မွေတော်တွေကို။ **အဋ္ဌဘာဂေ**၊ (၈)ခု (၈)ပုံဖြစ်အောင်။ **ကရောမ**၊ ပြုကြပါကုန်စို့။

(ဘုရားရှင်ရဲ့ ဓါတ်တော်တွေကို (၈)ပုံ ပုံလိုက် ကြစို့ဟေ့)

ဒိသာသု၊ အရပ်(၁၀)မျက်နှာတို့၌။ **ထူပါ**၊ စေတီပုထိုးတို့သည်။ ဝိတ္ထာရိကာ၊ ပျံ့နှံ့ကုန်သည်။ **ဟောန္တု**၊ ဖြစ်ကြစေကုန်သော့လို့။ ဒေါဏော၊ ဒေါဏခေါ်တဲ့ ပုဏ္ဏားက။ **ဣမံ သြဝါဒံ**၊ ဤသြဝါဒကို။ အဒါသိ၊ ကရုဏာရှေ့ထား, မေတ္တာအားဖြင့်, ပေးသနားတော် မူခဲ့ပါပေ သတည်း။

သာဓု...သာဓု...သာဓုပါ ဘုရား



## ဓါတ်တော်ဝေပွဲ ငြိမ့်ငြိမ့်သဲ

အရပ်လေးမျက်နှာ အရပ်ရှစ်မျက်နှာ စေတီပုထိုးတွေ ပျံ့ပွါးပါစေ အဲဒါကြောင့် ဓါတ်တော်တွေကို (၈)ပုံ ပုံပြီးတော့ ဝေကြပါမယ်။ မညီမမျှ မဖြစ်စေရပါဘူး၊ ညီညီမျှမျှ ဖြစ်အောင်ဝေပေးပါ့မယ်။

အားလုံး တစ်ယောက်နဲ့တစ်ယောက် ဝမ်းမြောက်အောင် နေကြပါ။ ကိုယ်စိတ်နှစ်ပါးလည်း ညီညွတ်အောင် နေကြပါ။ ပြီးတော့ အကျိုးစီးပွါး ဖြစ်လာမယ်ဆိုရင် တန်းတူညီမျှ ခံစားကြပါ။

ဒေါဏပုဏ္ဏားရဲ့ သြဝါဒက တယ် ကောင်းကိုဗျ နော်။

**ဗဟူဇနာ**၊ များစွာသော လူအပေါင်းတို့သည်။ **စက္ခုမတော**၊ စက္ခုငါးပါးနှင့် ပြည့်စုံတော်မူသော ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ အပေါ်မှာ။ ပသန္နာ၊ ကြည်ညိုလေးစား၍ နေကြလေကုန်၏။

များစွာသော လူတွေက ဘုရားရှင်ကိုယ်တော်မြတ်အပေါ်မှာ ကြည်ညိုကြတယ်။

**တသ္မာ**၊ ဒါ့ကြောင့်။ **တုမှေ**၊ သင်တို့တစ်တွေဟာ။ **အညမညံ**၊ အချင်းချင်း။ **ပသန္နစိတ္တာ**၊ ဘုရားရှင်အပေါ်မှာ ကြည်ညိုသော စိတ်ထားရှိကုန်သည်ဖြစ်၍။ **ဝိဟရထ**၊ နေကြကုန်လော့ လို့။ **ဒေါဏော ဗြာဟ္မဏော**၊ ဒေါဏခေါ်တဲ့ ပုဏ္ဏားက။ **ဣမံ ဩဝါဒံ**၊ ဤဩဝါဒကို။ **အဒါသိ**၊ ကရုဏာရှေ့ထား, မေတ္တာအားဖြင့် ပေးသနားတော်မူလိုက်ပါပေသတည်း။

သာဓု...သာဓု...သာဓုပါ ဘုရား



## ပွဲတော်နောက်မှ ဇာတ်လမ်းများ

ဒေါဏပုဏ္ဏားရဲ့ စကားကို ကြားလိုက်ရတော့မှ "ဓါတ်တော်တွေကို စစ်တိုက်ပြီး လု ယူကြမယ်ကွ" လို့ စောစောက မောင်းတင်ထားကြတဲ့ (၈)ပြည်ထောင်က မင်းတွေ အကုန်လုံး ဖြည်းဖြည်းချင်း ဖြည်းဖြည်းချင်း ဓါး, လှံ, လေး, မြားတွေ အားလုံး (ဘာလုပ်လိုက်ကြလဲ။?) ချလိုက်ကြတယ်။

ပြီးတော့ ဘုရားရုပ်ကလာပ်တော်ဘက်ကို အားလုံး လက်အုပ်ချီလိုက်ကြတယ်။ အဲဒီအခါမှာ ဒေါဏပုဏ္ဏားက တစ်ပြည်ထောင် တစ်ပြည်

ထောင်စီအတွက် ဓါတ်တော်(၂)ပြည့်စီ (၂)ပြည့်စီ အညီအမျှ ခွဲဝေပေးလိုက်တယ်တဲ့။ (၈)နိုင်ငံဆိုတော့ ဓါတ်တော်(၁)တင်း ကွင်းတာဟာ ဝေစု အညီအမျှ ဖြစ်သွားတာပေါ့ဗျာ၊ နော်။

အေး...ပြီးတော့ သူက လုပ်သေးတယ်။ သူပဲ ဆရာကြီးလုပ်ပြီး ဝေလည်း ဝေပေးသေးတယ်။ သူကပဲ ဘာ လုပ်ပြန်သေးလဲဆိုတော့ ဓါတ်တော်ထည့်တဲ့ ရွှေတလားကြီးကို ကြည့်ပြီးတော့ ဘာ သရေကျတယ် မသိဘူး။

စွယ်တော်တစ်ခု ယူပြီးတော့ ခေါင်းပေါင်းကြားထဲ ထိုးထား တယ်။

နောက်စွယ်တော်တစ်ခုကိုတော့ ခါးပိုက်ထဲ ထည့်ထားတယ်။

နောက်စွယ်တော်တစ်ခုကိုယူပြီး အောက်က ပြာထဲ ဖုံးထားတယ်။

နောက်စွယ်တော်တစ်ခုကို ယူပြီးတော့ မြေကြီးလေးနဲ့ ဖုံးထား လိုက်ပြန်တယ်။

ဓါတ်တော်တွေ ဝေပေးနေတဲ့ ဆရာကြီးကိုယ်တိုင်က အမြတ်ဆုံး ဖြစ်တဲ့ စွယ်တော်(၄)ဆူကို အဲဒါ အပိုင်စီးထားလိုက်တယ် ဗျာ။

အဲဒါ ဟို (၈)ပြည်ထောင်က လူတွေကတော့ တစ်ယောက်(၂) ပြည့်စီရကြတော့ ပျော်လို့, မြူးလို့, ကလို့, ခုန်လို့, တီးလို့, မှုတ်လို့ ဆရာကြီးဒေါဏကတော့ စွယ်တော်(၄)ဆူ သူက ခိုးထား၊ ဝှက်ထား လိုက်တယ်။

ဆရာကြီး ခိုးဝှက်ထားတဲ့ စွယ်တော်(၄)ဆူကို သူ့လက်ထဲ ကနေ ပြန်ခိုးဖို့ လုဖို့ ချောင်းနေတဲ့ ပုဂ္ဂိုလ်တွေလည်းပဲ အများကြီးပဲ။ အဲဒီတော့ ကောင်းကင်က သိကြားမင်းကလည်း ကြည့်နေတယ်။

"ဟော့...ဒေါဏပုဏ္ဏားက သူများကိုတော့ ညီညွတ်အောင် နေကြပါ။ နှလုံးစိတ်ဝမ်း အေးချမ်းကြပါ။ ဘာညာနဲ့ ငြိမ်းချမ်းရေး တရားတွေ ဟောနေပြီးတော့ ဓါတ်တော်လည်း ဝေရော၊ အကောင်းဆုံး အမြတ်ဆုံး စွယ်တော်(၄)ဆူကျတော့ သူချည်းပဲ ချတော့တာပဲ" ဆိုပြီး သိကြားကလည်း...

"ကိုင်း...ငါကလည်း တွယ်တော့မှပဲ" ဆိုပြီးတော့ အဲဒီ ခေါင်းပေါင်းထဲက စွယ်တော်ကို သိကြားက နှိုက်ယူသွားတာ။ (ပရိသတ်ရေ) ပုဏ္ဏား မသိလိုက်ဘူး၊ ပါသွားပြီ။

## စွယ်တော်သမိုင်း ကျမ်းညွှန်နှင်း

သိကြားမင်းက စွယ်တော်ပင့်ပြီးတော့ တစ်ခါတည်း နတ်ပြည် ယူသွားပြီးတော့ စူဠာမဏိ စေတီတော် တည်ပြီးတော့ အဲဒီ စေတီ တော်မှာ စွယ်တော်(၁)ဆူကို ဌာပနာတယ်။

ပုဏ္ဏားရဲ့ ခါးပိုက်ထဲက စွယ်တော်တစ်ဆူကို အဘိညာဉ်ရတဲ့ ရဟန္တာအရှင်မြတ်တစ်ပါးက နှိုက်ယူ ပူဇော်တယ်။

ပြာနဲ့ဖုံးထားတဲ့ စွယ်တော်တစ်ဆူကိုလည်း အဲဒီလိုပဲ အဘိညာဉ် ရထားတဲ့ ရဟန္တာတစ်ပါးက ယူထားလိုက်ပြန်တယ်။

ဟိုး မြေကြီးလေးနဲ့ အသာဖုံးပြီးတော့မှ ခြေမနဲ့တောင် နင်းထား သေးတယ်လို့ ပြောတယ်။ အဲဒီ စွယ်တော်ကျတော့ နဂါးက ယူသွား ရော တဲ့။

ပရိသတ်ရေ...

စွယ်တော်(၄)ဆူ အကုန်လုံး ပါသွားကြပြီ၊ ခါးပိုက်ထဲက စွယ်တော်(၁)ဆူကို ရဟန္တာတစ်ပါးက ပင့်ယူပြီး ဘယ်သွားအပ်သလဲ ဆိုတော့ ဂန္ဓာရတိုင်းက ရှင်ဘုရင်ဆီ အပ်တယ်တဲ့။

ပြာထဲမှာ ဖုံးထားတဲ့ စွယ်တော်ကို ယူသွားတဲ့ ရဟန္တာတစ်ပါး ကတော့ ကာလိင်္ဂတိုင်းကို သွားပြီးတော့ ပေးတယ် တဲ့။

တစ်ဆူက (ဘယ်ရောက်လဲ။?) ဂန္ဓာရတိုင်း။

တစ်ဆူက ကာလိင်္ဂတိုင်း။

**''ဂန္ဓာရတိုင်း''** ဆိုတာ ဒီနေ့ ပါကစ္စတန်ပြည်မြောက်ပိုင်း **''ကာလိင်္ဂတိုင်း''** ဆိုတာက အိန္ဒိယပြည်ရဲ့ ကမ်းရိုးတန်းဒေသ။ ဒီကနေ့ ဩရိဿပြည်နယ်။

အဲဒီတော့ စွယ်တော်သမိုင်းကို လေ့လာတဲ့အခါကျတော့ ကာလိင်္ဂတိုင်း (ကနေ့ ဩရိဿပြည်နယ်) ရောက်တဲ့စွယ်တော်ဟာ အခု သီရိလင်္ကာနိုင်ငံကို ရောက်လာတယ်လို့ ပြောတယ်။

သီရိလင်္ကာက စွယ်တော်က နောက်ဆုံး တောင်ငူဘုရင် ဘုရင့်နောင်ဆီ ရောက်ပြီးတော့ ဘုရင့်နောင်ကနေ စစ်ကိုင်း ကောင်းမှုတော်ဘုရားကြီးမှာ ဌာပနာတယ် လို့ ပြောတယ်။

(ဒီစကားဟာ အမှန်ဆိုရင် ပရိသတ်ရေ) စွယ်တော်တစ်ဆူကို ဘုန်းကြီးတို့ ကံထူးလို့ ကိုးကွယ်ခွင့်ရခဲ့ပါပြီ။ ဒီကနေ့ အဲဒီစွယ်တော်ဟာ စစ်ကိုင်း ကောင်းမှုတော် စေတီကြီးမှာ။ ဟို ဂန္ဓာရတိုင်းက စွယ်တော်ကျတော့ ဘယ်ရောက်သွားလဲ ဆိုတော့...

ဂန္ဓာရတိုင်းဆိုတာဟာ ပါကစ္စတန်ပြည် ဖြစ်ကြောင်း ပြောပြခဲ့ပြီးပြီ။ ဘုရားရှင်ကိုယ်တော်မြတ်က ခရစ်မပေါ်မီ (၆၂၃)နှစ် စောပြီး ပွင့်တယ်။ မိုဟာမက်ထက် နှစ်ပေါင်း(၁၁၇၀)စောပြီး ပွင့်တယ်။

နှစ်ပေါင်း (၁၁၇၀)ကြာတော့ ဆော်ဒီအာရေးဗီးယားမှာ မိုဟာမက် မွေးလာတော့ အစ္စလာမ်ဘာသာ ပေါ်လာတယ်။ အဲဒီ အစ္စလာမ်ဘာသာ ပေါ်လာတဲ့ အချိန်မှာ အစ္စလာမ်ဘာသာဝင်တွေက အရှေ့ဘက်ကို တဖြည်းဖြည်း တက်လာပြီး ချီတက်တဲ့အခါကျတော့ ဘုရားသာသနာ ထွန်းကားတဲ့ ဂန္ဓာရတိုင်းနယ်ကြီး ပျက်စီးသွားရတယ်။

အဲဒီအခါမှာ အဲဒီအရပ်က မြတ်စွယ်တော်ကို တရုတ်ပြည်က တရုတ်ဘုန်းကြီးတွေက လာသယ်သွားတယ် လို့ သမိုင်းအချို့မှာ တွေ့ရတော့ တရုတ်ပြည်က စွယ်တော်က ဂန္ဓာရတိုင်းက စွယ်တော် နော်။

နဂါးယူသွားတဲ့ စွယ်တော်ကလည်းပဲ နဂါးပြည်မှာပဲ စေတီတစ်ဆူ တည်တယ်တဲ့၊ စွယ်တော်စေတီတစ်ဆူ နဂါးပြည်မှာ ရှိတယ်၊ နဂါးပြည်ကို လိုက်တောင်းဖို့ ကောင်းတယ်။ နဂါးပြည် ဘယ်နားနေမှန်း မသိဘူး နော်။

ပြီးတော့ သိကြားသမိုင်းတစ်ခုက ဆိုတာကတော့ ဘုရားရှင်ရဲ့ ညှပ်ရိုးတော်(၂)ဆူဟာလည်းပဲ။ အဲဒါ သိကြားကို ရောက်တယ်လို့ ဆိုတယ်။

"ဒေဝါနံ ပိယတိဿ မင်းကြီး" က ညှပ်ရိုး(၂)ဆူကို ရပြီးတော့ "အနုရာဓ နေပြည်တော်" မှာ "ထူပါရာမစေတီတော်" တည်ပြီးတော့ ဌာပနာတယ်။

အနုရာဓမြို့မှာရှိတဲ့ ထူပါရာမ စေတီတော်ဟာ ဘုရားရှင်ရဲ့ ညှပ်ရိုးတော်(၂)ဆူ ဌာပနာထားတယ် လို့ သီရိလင်္ကာသမိုင်းများမှာ ပြောတယ်။ အဲဒါ ဒေဝါနံ ပိယတိဿ မင်းရဲ့ ကောင်းမှု။

စွယ်တော် (၄)ဆူရယ်။

ညှပ်ရိုးတော်(၂)ဆူရယ်။

ပြီးတော့မှ နဖူးသစ်ကျစ်ရိုးရယ် ဆိုပြီးတော့မှ အားလုံး(၇)ခု။

အဲဒီ (၇)ခုဟာ မီးရှို့တဲ့အခါ မီးမလောင်ဘဲနဲ့ ပုံမပျက် ပန်းမပျက်ဘဲ ပကတိအတိုင်း ကျန်နေတဲ့ **အသမ္ဘိန္နဓါတ်တော်** (၇)မျိုးလို့ (ပရိသတ်ရေ) ဒီလို ပြောတယ်။

နဖူးသင်းကျစ်ရိုးကိုတော့ ဘယ်သူ ရတယ်။ ဘယ်သူက စေတီ တည်တယ်လို့ ဘုန်းကြီးတို့ ဖတ်ထား၊ လေ့လာထားတဲ့ အဋ္ဌကထာ ဋီကာတွေထဲမှာ မဖတ်မိသေးဘူး၊ မပါရှိဘူး ဆိုပါတော့။

## ရွှေရောင်လွှမ်းတဲ့မြေ

ပရိသတ်ရေ...ဓါတ်တော်တွေ စွယ်တော်တွေ ဒီလို အရပ်(၈) မျက်နှာမှာ ပျံ့နှံ့သွားလိုက်ကြတာဟာ ဒေါဏပုဏ္ဏားရဲ့ ကျေးဇူးပါပဲ။ သူ ဒီလို အပြောကောင်းတာနဲ့ (၈)ပြည်ထောင်က မင်းတွေ ကျေနပ် သွားပြီးတော့...

(၁) အဇာတသတ်မင်းကြီးက ရာဇဂြိုဟ်မှာ ဓါတ်တော်စေတီ(၁)ဆူ

(၂) လိစ္ဆဝီမင်းတွေက ဝေသာလီပြည်မှာ ဓါတ်တော်စေတီ(၁)ဆူ

(၃) သာကီဝင်မင်းတွေက ကပိလဝတ်မှာ ဓါတ်တော်စေတီ(၁)ဆူ

(၄) ကာဗုလီမင်းတွေက အလ္လကပ္ပမှာ ဓါတ်တော်စေတီ(၁)ဆူ

(၅) ကောလိယမင်းတွေက ရာမရွာမှာ ဓါတ်တော်စေတီ(၁)ဆူ

(၆) ဗရားမင်း(ပြဟ္မဏ)တွေက ဝေဋ္ဌဒီပရွာမှာ ဓါတ်တော်စေတီ (၁)ဆူ

(၇) မလ္လမင်းတွေက ပါဝါမြို့မှာ ဓါတ်တော်စေတီ(၁)ဆူ

(၈) နောက် မလ္လမင်းတွေက ကုသိနာရုံမှာ ဓါတ်တော်စေတီ(၁)ဆူ

လို့ ဒီ ပါဠိတော်များအရ ဓာတုစေတီပေါင်း (၈)ဆူပေါ့ နော်။

(ဒေါဏပုဏ္ဏားကြီးက ဘာမှ သူမရလိုက်တော့ ဓါတ်တော်ဝေတဲ့ ပြည်တောင်းကိုပဲ ဌာပနာပြီး စေတီ(၁)ဆူတည်တယ်။ ဓါတ်တော်ဝေပြီး နောက်ကျမှ ရောက်လာတဲ့ ပိပ္ပလိဝနတိုင်းသာ မောရိယမင်းတွေကလည်း မီးသဂြိုဟ်ရာအရပ်က မီးသွေးတွေကို ဌာပနာပြီး စေတီ(၁)ဆူ တည်တယ်)

စွယ်တော်စေတီက (၄)ဆူ

ဓါတုစေတီက (၈)ဆူ

ဒေါဏပုဏ္ဏားနဲ့ မောရိယမင်းတွေ တည်ထားတာက(၂)ဆူ

ပြီးတော့ ညှပ်ရိုးတော်စေတီက (၁)ဆူ တဲ့။

"ညှပ်ရိုးစေတီက ဘယ်မှာလဲ။?"

အနုရာဓမြို့မှာ။

ဘယ်သူ ကောင်းမှု ပြုသလဲ။?

ဒေဝါနံ ပိယတိဿ မင်းကြီး

အဲဒီ စေတီတော်ကို ဘယ်လို ခေါ်သလဲ။?

ထူပါရာမ စေတီ။

**အဋ္ဌဒေါဏံ စက္ခုမတော သရီရံ၊**
**သတ္တဒေါဏံ ဇမ္ဗုဒီပေ မဟေန္တိ။**
**ဧကဉ္စ ဒေါဏံ ပုရိသ ဝရုတ္တမဿ၊**
**ရာမဂါမေ နာဂရာဇာ မဟေတိ။**

(သုတ်မဟာဝါ၊ မဟာပရိနိဗ္ဗာနသုတ်၊ ပါ၊ နှာ၊ ၁၃၈)

**စက္ခုမတော၊** စက္ခု(၅)ပါးနဲ့ ပြည့်စုံတော်မူတဲ့ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့။ **သရီရံ၊** ဓါတ်တော် မွေတော်တွေဟာ။ **အဋ္ဌဒေါဏံ၊** ရှစ်စိတ်ကြွင်းတယ် တဲ့။

ပရိသတ်ရေ...အဋ္ဌဒေါဏ (၈)စိတ်တဲ့ နော်။ ''စိတ်'' ဆိုတဲ့ ဥစ္စာက ဒီနေရာမှာ (၂)ပြည်တစ်စိတ်လို့ ခေါ်တာပါ။ (ကနေ့ မြန်မာပြည်မှာလို ၄-ပြည် တစ်စိတ်လို့ မမှတ်နဲ့) ၂-ပြည်တစ်စိတ် ဆိုတဲ့ အခေါ်မျိုးနဲ့ မှတ်သားတွက်ချက်ရမယ် နော်၊ ကာလဒေသ လိုက်ပြီးတော့ အချိန်, အတွယ်, အချင့်, အတွက်, အတိုင်း, အတာ, တွေဟာ အပြောင်းအလဲ ရှိပါတယ်။

**စက္ခုမတော၊** စက္ခု(၅)ပါးနဲ့ ပြည့်စုံတော်မူတဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့။ **သရီရံ၊** ဓါတ်တော် မွေတော်တွေဟာ။ **အဋ္ဌဒေါဏံ၊** (ဘယ်လောက် ကျန်သတဲ့လဲ။?) ရှစ်စိတ် ကျန်တယ်။ အဲဒီထဲကမှ...

**သတ္တဒေါဏံ၊** (၇)စိတ်သော ဓါတ်တော်မွေတော်တွေကို။ **ဇမ္ဗုဒီပေ၊** ဇမ္ဗုဒီပလို့ခေါ်တဲ့ အိန္ဒိယနိုင်ငံကြီးမှာ။ **မဟေန္တိ၊** ပူဇော်ကြလေကုန်၏။ **ပုရိသဝရုတ္တမဿ၊** ယောကျာ်းမြတ် ဖြစ်တော်မူတဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့။ **ဧကဉ္စဒေါဏံ၊** ဓါတ်တော်တစ်စိတ်ကိုတော့။

**ရာမဂါမေ**၊ ရွာမရွာမှာ။ **နာဂရာဇာ**၊ နဂါးမင်းက။ **မဟောတိ**၊ ကောင်းစွာ မသွေ, ပူဇော်တော် မူခဲ့ပါလေသတည်း။

သာဓု...သာဓု...သာဓုပါ ဘုရား

## မြတ်စွယ်တော်ဒေတီ

**ဧကာ ဟိ ဒါဌာ တိဒိဝေဟိ ပူဇိတာ၊**

**ဧကာ ပန ဂန္ဓာရ ပူရေ မဟီယတိ။**

**ကာလိင်္ဂရညော ဝိဇိတေ ပုနေကာ၊**

**ဧကံ ပန နာဂရာဇာ မဟောတိ။**

(သုတ်မဟာဝါ၊ မဟာပရိနိဗ္ဗာနသုတ်၊ ပါ၊ နှာ၊ ၁၃၈)

**သာဓဝေါ**၊ နှလုံးပျော့ပြောင်း သူတော်ကောင်းအပေါင်းတို့။ **ဧကာဒါဌာ**၊ စွယ်တော်တစ်ဆူကိုတော့။ **တိဒိဝေဟိ**၊ နတ်တွေက။ **ပူဇိတာ**၊ စူဠာမဏိစေတီမှာ ပူဇော်ခဲ့ပြီ။

**ဧကာ ပန**၊ စွယ်တော်တစ်ဆူကိုတော့။ **ဂန္ဓာရပုရေ**၊ ဂန္ဓာရတိုင်း ဆိုတဲ့ ပါကစ္စတန်နိုင်ငံမှာ။ (ကနေ့တော့ ပြောင်းရွှေ့ပြီး တရုတ်ပြည်မှာ) **မဟီယတိ**၊ ပူဇော်ကြတယ်။ **ပုန**၊ နောက်တစ်ခါ။ **ဧကံ**၊ တ ခြားစွယ်တော် တစ်ဆူကိုတော့။ **ကာလိင်္ဂရညော ဝိဇိတေ**၊ ကာလိင်္ဂမင်းရဲ့နိုင်ငံမှာ (ကနေ့တော့ ပြောင်းရွှေ့ပြီး သီရိလင်္ကာနိုင်ငံမှာ) **မဟီယတိ**၊ ပူဇော်ခဲ့တယ်၊

ကော် ပန ဒါဌ်၊ စွယ်တော်တစ်ဆူကိုတော့။ နာဂရာဇာ၊ နဂါးမင်းက။ မဟောတိ၊ ကောင်းစွာမသွေ, ပူဇော်တော်မူခဲ့ပါပေသတည်း။

သာဓု...သာဓု...သာဓုပါ ဘုရား

## လောကတစ်ခွင် အလှဆင်

တဿေဝ တေဇေန အယံ ဝသုန္ဓရာ၊
အာယာဂ သေဋ္ဌေဟိ မဟီ အလင်္ကတာ။
ဧဝံ ဣမံ စက္ခုမတော သရီရံ၊
သုသက္ကတံ သက္ကတ သက္ကတေဟိ။

(သုတ်မဟာဝါ၊ မဟာပရိနိဗ္ဗာနသုတ်၊ ပါ၊ နှာ၊ ၁၃၈)

သာဓဝေါ၊ နှလုံးပျော့ပြောင်း သူတော်ကောင်းတို့။ အယံ ဝသုန္ဓရာ၊ (၂)သိန်း (၄)သောင်း အထုရှိတဲ့ ဤမဟာပထဝီမြေကြီးသည်။ တဿေဝ တေဇေန၊ ထိုဘုရားမြတ်စွာ ပစ္စေကဗုဒ္ဓါ ရဟန္တာများ အရိယာများ သူတော်ကောင်းများရဲ့ ဓါတ်တော် မွေတော်တွေကို ဌာပနာထားတဲ့ စေတီပုထိုးတွေရဲ့ တန်ခိုးတေဇော် အာနုဘော်ကြောင့်သာလျှင်။ အလင်္ကတာ (သောဘနာ ဝတ)၊ ကျက်သရေရှိ၍ တင့်တယ်ပါပေစွတကား။

**အယံ မဟီ**၊ (၂)သိန်း (၄)သောင်း အထုရှိတဲ့ ဤ မဟာပထဝီမြေကြီးသည်။ **အာယာဂသေဋ္ဌေဟိ**၊ ထို ဓါတ်တော် မွေတော်တွေကို ဌာပနာထားတဲ့ အထွတ်အမြတ် ပူဇော်ခြင်းတွေနဲ့၊ **အလင်္ကတာ** (**သောဘနာ ဝတ**)၊ ကျက်သရေရှိ၍ တင့်တယ်ပါပေစွတကား။

**ဧဝံ**၊ ဤသို့လျှင်။ **စက္ခုမတော**၊ စက္ခုငါးပါးနှင့် ပြည့်စုံတော်မူသော ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့။ **သရီရံ**၊ ရုပ်ကလာပ်တော်ကို။ **သက္ကတ သက္ကတေဟိ**၊ အထွတ်အမြတ် ပူဇော်အပ်တဲ့ ထွတ်မြတ်တဲ့ ပူဇော်ခြင်းတွေနဲ့၊ **သုသက္ကတံ**၊ ကောင်းစွာမသွေ ပူဇော်အပ်ပါပေတော့သတည်း။

သာဓု…သာဓု…သာဓုပါ ဘုရား

## ဗုဒ္ဓလေးမျိုး မြဲရှိဦးကြ

**ဒေဝိန္ဒ နာဂိန္ဒ နရိန္ဒ ပူဇိတော၊**
**မနုဿိန္ဒသေဋ္ဌေဟိ တထေဝ ပူဇိတော။**
**တံ ဝန္ဒထ ပဉ္စလိကာ လဘိတွာ၊**
**ဗုဒ္ဓေါ ဟဝေ ကပ္ပသတေဟိ ဒုလ္လဘော။**

(သုတ်မဟာဝါ၊ မဟာပရိနိဗ္ဗာနသုတ်၊ ပါ၊ နှာ၊ ၃၈)

**သာဓဝေါ၊** နှလုံးပျော့ပြောင်း သူတော်ကောင်းတို့။ **ဗုဒ္ဓေါ၊** ဗုဒ္ဓ ရှင်တော်ဆိုတာဟာ။ **ကပ္ပသတေဟိ၊** ကမ္ဘာတွေရာပေါင်းများစွာ ထောင်ပေါင်းများစွာ လွန်ပါသော်လည်းပဲ။ **ဒုလ္လဘော၊** အလွန့်အလွန် ရခဲလှပါပေ၏။

ဗုဒ္ဓဆိုတဲ့ ပုဂ္ဂိုလ်မျိုးကို ကမ္ဘာပေါင်းအသင်္ချေအနန္တ လွန်ပင် လွန်ပါသော်လည်းပဲ တစ်ပါးတစ်လေ တစ်ဆူတစ်လေ ရဖို့ဆိုတာ ခက်ခဲတယ် တဲ့။ ဘယ်လို ပုဂ္ဂိုလ်မျိုးလဲဆိုတော့ ဗုဒ္ဓပုဂ္ဂိုလ်မျိုး နော်။

သဗ္ဗညု ဗုဒ္ဓလား၊

ပစ္စေက ဗုဒ္ဓလား၊

စတုသစ္စ ဗုဒ္ဓလား၊

သုတ ဗုဒ္ဓလား၊

ဗုဒ္ဓ(၄)မျိုးထဲက ဘယ် ဗုဒ္ဓမျိုးကိုမဆို (ပရိသတ်ရေ) ရခဲတာချည်း ပါပဲ နော်။ ဘုန်းကြီးတို့ ရွှေဟင်္သာဆရာတော်ဘုရားကြီးကို ပြောရမယ် ဆိုလို့ရှိရင်တော့ (ပရိသတ်ရေ) ဗုဒ္ဓ(၄)မျိုးထဲမှာ (ဘာတဲ့လဲ။?) "သုတ ဗုဒ္ဓ"တဲ့ ဟုတ်လား။ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံနဲ့တကွ ဗဟုသုတတွေ အပြည့် အစုံ အကြွယ်ဝဆုံး ဖြစ်တော်မူတဲ့အတွက်ကြောင့် (ဘာဗုဒ္ဓလဲ?) သုတဗုဒ္ဓ။

**ဗုဒ္ဓေါ၊** အဲဒီလို သုတဗုဒ္ဓဆိုတဲ့ ပုဂ္ဂိုလ်မျိုးကို။

**ဗုဒ္ဓေါ၊** သစ္စာလေးပါးကိုသိတဲ့ စတုသစ္စဗုဒ္ဓခေါ်တဲ့ ပုဂ္ဂိုလ်မျိုးကို။


**ဗုဒ္ဓေါ၊** ပစ္စေကဗုဒ္ဓလို့ခေါ်တဲ့ ပုဂ္ဂိုလ်မျိုးကို။

**ဗုဒ္ဓေါ၊** သဗ္ဗညုဗုဒ္ဓဆိုတဲ့ ပုဂ္ဂိုလ်မျိုးကို။

**ကပ္ပသတေဟိ**၊ ကမ္ဘာအသင်္ချေ အနန္တ လွန်ပင် လွန်ပါသော်လည်းပဲ။ **ဟာဝေ ဒုလ္လဘော**၊ တကယ့်ကို ရခဲတယ်။

**တသ္မာ**၊ ထို့ကြောင့်။ **တံ (တာဒိသံ ဗုဒ္ဓံ)**၊ ထိုကဲ့သို့သော ဗုဒ္ဓမျိုးတွေကို။ **ပဉ္စလိကာ**၊ လက်အုပ်ချီမိုးကြကုန်လျက်။ **ဝန္ဒထ**၊ ရှိသေမြတ်နိုး, မာန်နှိမ့်ချိုးကာ, ရှိခိုးတော်မူကြ ကုန်ရာသတည်း။

သာဓု...သာဓု...သာဓုပါ ဘုရား



## မင်းမင်းပူဇော် မြတ်ရှင်တော်

ဒေဝိန္ဒ နာဂိန္ဒ နရိန္ဒ ပူဇိတော၊

**မနုဿိန္ဒ သေဋ္ဌေဟိ တထေဝ ပူဇိတော။**

**ဒေဝိန္ဒ**၊ နတ်တို့သနင်း နတ်တို့မင်း။

**နာဂိန္ဒ**၊ နဂါးတို့သနင်း နဂါးမင်း။

**နရိန္ဒ**၊ လူတို့သနင်း လူတို့မင်းတွေက။ **ပူဇိတော**၊ ပူဇော်အပ်ခဲ့ပြီဘုရား။ **တသ္မာ**၊ ထို့ကြောင့်။ **မနုဿိန္ဒသေဋ္ဌေဟိ**၊ လူတို့သနင်း လူတို့ မင်းတွေကလည်းပဲ။ **တထေဝ**၊ ထိုနည်းတူစွာသာလျှင်။ **တထာဂတ သရီရံ**၊ တထာဂတခေါ်တွင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ ရုပ်ကလာပ် တော်ကို။ **ပူဇိတော**၊ ပူဇော်အပ်ခဲ့ပြီဘုရား။

တသ္မာ၊ ထို့ကြောင့်။ **သာဓဝေါ**၊ နှလုံးပျော့ပြောင်း သူတော်ကောင်းတို့။ **တုမှေ**၊ သင်တို့တစ်တွေဟာ။ **တံ**၊ ထို ဗုဒ္ဓရှင်တော်ကို။ **ပဥ္စလိကာ**၊ လက်အုပ်ချီမိုးကြကုန်လျက်။ **ဝန္ဒထ**၊ ရှိသေမြတ်နိုး, မာန်နှိမ်ချိုးကာ, ရှိခိုးတော်မူကြကုန်ရာသတည်း။

သာဓု...သာဓု...သာဓုပါ ဘုရား



## မေတ္တာနိဂုံးနဲ့ ပြီးဆုံးပါပြီ

ဗုဒ္ဓရှင်တော်ရဲ့ သရီရပူဇာနဲ့ တွဲဖက်ပြီးတော့ ဘုန်းကြီးတို့ရဲ့ ကျေးဇူးရှင် ရွှေဟင်္သာဆရာတော်ဘုရားကြီးအား ပူဇော်တဲ့ အန္တိမပူဇာ သာဓုကီဠန ဓမ္မကထာဒေသနာ တဲ့။

ပရိသတ်ရေ...ည(၇)နာရီ (၃၀)မိနစ်တိတိကနေပြီးတော့ စတင်ခဲ့တာ အခု ည(၁၀)နာရီတိတိမှာ အားလုံး ပြီးပါပြီ။ အားလုံးသောသူတော်ကောင်းများ ပူဇော်အပ်သည်တို့ကို ပူဇော်တတ်ကြစေဖို့ ဤဓမ္မကထာ ဒေသနာ စကားရပ်နဲ့ ဘုန်းကြီးတို့ နိဂုံးချုပ်ပါတယ်။

ကဲ မေတ္တာနိဂုံးပါဗျာ၊ မေတ္တာပို့လိုက်ကြ။

- ကိုယ်စိတ်နှစ်ဖြာ၊ ဘေးရန်ကွာ၊ ချမ်းသာကြပါစေ။
- မေတ္တာနှလုံး၊ ကိုယ်စီသုံး၊ ရွှင်ပြုံးကြပါစေ။
- တို့မေတ္တာစွမ်း၊ ကမ္ဘာလွှမ်း၊ ငြိမ်းချမ်းကြပါစေ။

မေတ္တာနိဿကရော လောကေ၊
သမ္မာ ဘာဝတု သုခ်ကရော။
မေတ္တာသီတလ ရံသီဟိ၊
သုခန္တု ဖုသိတာ ပဇာ။

**လောကေ၊** သတ္တဝါအလီလီ၊ နိုမှိုပေါလဲတ်၊ လောကဓာတ် ကမ္ဘာ အတွင်း၌။ **မေတ္တာနိဿကရော၊** မေတ္တာအေးလူ၊ ဖွေးဖြူပဝင်း၊ ငွေလမင်းကြီးသည်။ **သမ္မာ၊** သတ္တဝါတစ်တွေ၊ အေးမြစေဟု၊ အသရေ ရွှန်းကာ ကောင်းမွန်စွာ။ **သုခ်ကရော၊** သူလည်းဝမ်းသာ၊ ငါလည်းရွှင်ပြုံး၊ နှလုံးစိတ်ဝမ်း၊ လန်းလာယခု၊ ချမ်းသာကိုပြုလျက်။ **ဘာဝတု၊** ရန်လည်း ကင်းဝေး၊ ဘေးလည်းမခ၊ အအေးရဖို့၊ ရွှန်းမြအသရေ၊ ထွန်းပပါစေ သတည်း။

**မေတ္တာသီတလရံသီဟိ၊** မေတ္တာဖွေးလျှပ်၊ အအေးဓာတ်ဆောင် သည့် အရောင်အဝါတို့ဖြင့်။ **မေတ္တာသီတလရံသီဟိ၊** မေတ္တာဖွေးလျှပ်၊ အအေးဓာတ်ဆောင်သည့် အရောင်အဝါတို့သည်။ **ဖုသိတာ၊** အဖုံဖုံလွှမ်း၊ ထုံးမွှမ်းမလပ်၊ တွေ့ထိအပ်ကုန်သော။ **ပဇာ၊** ကမ္ဘာ့ခေတ်ဗွေ၊ အပြည်ပြည်၌၊ တည်နေများစွာ၊ သတ္တဝါတို့သည်။ **သုခန္တု၊** ကိုယ်စိတ် အေးကာ၊ ဘေးရန်ကွာ၍၊ ဝမ်းသာတကွ၊ ချမ်းသာကြပါစေကုန်သတည်း။

သာဓု...သာဓု...သာဓုပါ ဘုရား

---

၁၃၅၇-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော်(၈)ရက်နေ့ည (၇)နာရီ မိနစ်(၃၀)မှ စတင်ဟောကြားသော **ဝေဒနာကိုသည်းခံခြင်း (မဟာပရိနိဗ္ဗာန သုတ္တန်) တရားတော်** ပြီးပါပြီ။

## အန္တိမဗျာပန အခမ်းအနား ကျင်းပရာ နေ့လည်အခါ၌
## သီတဂူဆရာတော် ဟောကြားအပ်သော သောကဖြေစာတမ်း

အသလ္လီနေန စိတ္တေန၊
ဝေဒနံ အဇ္ဈဝါသယိ၊
ပဇ္ဇောတဿေဝ နိဗ္ဗာနံ၊
ဝိမောက္ခော စေတသော အဟု။

**အသလ္လီနေန**၊ တွန့်ဆုတ်ခြင်းအလျဉ်းမရှိသော။ **အသလ္လီနေန**၊ အလွန့်အလွန် ကြည်လင်ရွှင်လန်း၍ နေပေထသော။ **စေတသာ**၊ စိတ်တော်ဖြင့်။ **ဝေဒနံ**၊ ကာယိကဒုက္ခတည်းဟူသော ဝေဒနာကို။ **အဇ္ဈဝါသယိ**၊ သည်းခံတော်မူခဲ့ရှာပြီ။

**ပဇ္ဇောတဿ၊** အလျှံတပြောင်ပြောင် တောက်လောင်နေတဲ့ **မီးလျှံကြီး မီးပုံကြီး၏။ နိဗ္ဗာနံ ဣဝ၊** ငြိမ်းသွားသလို။

**အမှာကံ ထေရော၊** ငါတို့ရဲ့ အရှင်သခင် ဖြစ်တော်မူတဲ့ ရွှေဟင်္သာဆရာတော်ဘုရားကြီးသည်။ **နိဗ္ဗာတိ၊** သံသရာစက်ရဟတ်၊ အဆက်ပြတ်သဖြင့် ဇာတ်စုံချုပ်ငြိမ်း၍၊ ရုပ်သိမ်းတော်မူခဲ့ရှာပြီ။ **စေတသော၊ စိတ်တော်၏။ ဝိမောက္ခော၊** ရာဂ, ဒေါသ, မောဟတည်း ဟူသော ကိလေသာမီးကြီးမှ လွတ်မြောက်တော်မူခြင်းသည်။ **အဟု၊** ကောင်းစွာမသွေ ဖြစ်တော်မူခဲ့ပါပေသတည်း။

သာဓု...သာဓု...သာဓုပါ ဘုရား

**အသလ္လီနေန စိတ္တေန**ကို အဋ္ဌကထာ(နှာ၊ ၁၈၇)မှာ **အသလ္လီနေနာတိ အလီနေန အသင်္ကုဋ္ဋိတေန သုဝိကသိတေနေဝ စိတ္တေန** လို့ ဖွင့်ပါတယ်။ တွန့်ဆုတ်ခြင်း အလျဉ်းမရှိသောစိတ်၊ အလွန့်အလွန် ကြည်လင်သောစိတ်တော်ဖြင့် ကာယိကဒုက္ခဝေဒနာကို သည်းခံတော်မူခဲ့ရှာပြီ။

ဆရာတော်ဘုရားကြီး လွန်တော်မူခြင်းနဲ့ ပတ်သက်ပြီး စိတ်ထဲနှလုံးသားထဲမှာ သောကရောက်ရှာကြတဲ့ တပည့်ဒကာ ဒကာမများ အဲဒီ သောကကို ဖြေဖျောက်နိုင်ကြပါစေ ဆိုတဲ့ အနေနဲ့ ဘုန်းကြီးတို့ စာပေမှာ ကြိုးစားပြီး ရှာကြည့်လိုက်တော့ ဒီပါဠိတော်ကို တွေ့ပါတယ်။

ရွှေဟင်္သာ အမှတ်တရစာစဉ်–၄

''ဆရာတော်ဘုရားကြီး မကျန်းမမာ ဖြစ်တော်မူတယ်'' ဆိုတော့ နိုင်ငံတော်အစိုးရနဲ့တကွ စစ်ကိုင်း မန္တလေးမှာရှိကြတဲ့ ဒကာ ဒကာမတွေ ဆရာဝန် ဆရာမတွေ သီတဂူဆေးရုံက ဆရာဝန်တွေ အားလုံးက ဝိုင်းဝန်းပြီးတော့ အင်တိုက်အားတိုက် ပြုစုစောင့်ရှောက်ကြတဲ့ အစီအစဉ်ထဲမှာ ဘုန်းကြီးတို့လည်း တစ်တပ်တစ်အားအနေနဲ့ ပါဝင်ခွင့် ရခဲ့တော့ နေ့လည်နေ့ခင်းပိုင်းမှာ ဆရာတော်ဘုရားကြီး အနားမှာ ဝေယျာဝစ္စ ဆောင်ရွက်ပါတယ်။

ညပိုင်း ညပိုင်းမှာတော့ ဘုန်းကြီးက မန္တလေးမှာ တရားသွား ဟောပြီး ပြန်လာတိုင်း ပြန်လာတိုင်း တရားပွဲက အပြန်မှာ ဆရာတော် ဘုရားကြီးဆီ ဝင်ပြီးတော့ ဖူးမျှော်ကန်တော့ နှုတ်ဆက်တယ်။ ညကြီး သန်းခေါင်(၁၂)နာရီလောက်မှ ဘုန်းကြီးတို့ နေရာကို နေ့တိုင်း ပြန်ရတယ်။

သီတင်းကျွတ်လမပြည့်မီ တစ်ခုသော ညမှာပေါ့။ (၂)ရက်လောက် အလို ဖြစ်ပါမယ်။ တစ်ညမှာ ဘုန်းကြီးက တရားပွဲက အပြန်မှာ ဆရာတော်ဘုရားကြီးရဲ့ ခြေရင်းနားမှာ ချဉ်းကပ်ထိုင်ပြီးတော့ ဗောဇ္ဈင် သုတ်တော်ကိုရွတ်၊ စိတ်ထဲက မေတ္တာတွေ ပို့ပြီးတော့ ထိုင်နေတုန်းလေး မှာ စိတ်ထဲက မျှော်လင့်တယ်။

''ဆရာတော်ဘုရားကို နှုတ်နဲ့လည်း ငါ ဘာမှ မပြောဘူး၊ လက်နဲ့လည်း မထိတွေ့ဘူး၊ သို့သော်လည်း စိတ်ထဲကတော့ နှုတ်ဆက် လိုက်မယ်၊ အဲဒါကို ဆရာတော်ဘုရားကြီး သိပြီး မျက်လုံးများ ဖွင့် ကြည့်ရင် ကောင်းမှာပဲ'' လို့။

အားလုံးက ထင်ထားတယ်။

``ဆရာတော်ဘုရားကြီးဟာ ဝေဒနာကြောင့် အလွန် ပင်ပန်းပြီးတော့မှ အိပ်ယာပေါ်မှာ လျောင်းနေတာ၊ တိုက်ချင်တဲ့ ဆေးတိုက်၊ သွင်းချင်တဲ့ဆေး သွင်း၊ နှာခေါင်းထဲကို ပိုက်ပဲသွင်းသွင်း၊ ဘာပဲ ပြုလုပ်ပြုလုပ်၊ ငြင်းလည်း မငြင်းဘူး၊ ညည်းလည်း မညည်းဘူး။

ဘာ စကား တစ်ခွန်းမှလည်း မပြောဘူး။ သည်းခံတော်မူနေတဲ့ အနေအထား။ အဲဒီည (၁၁)နာရီခွဲလောက် အခါကျတော့ ဘုန်းကြီးက ပြန်တော့မလို့ စိတ်ထဲ ကနေ နှုတ်ဆက်လိုက်တဲ့ အခါ...

ဆရာတော်ကြီးက မျက်လုံးကို အသာလေး အလိုအလျောက် ဖွင့်ပြီးတော့ ကြည်ကြည်လင်လင်လေး တကယ့်ကို အားပါးတရ ပြုံးကြည့်တာ ဆရာတော်ဘုရားက။ ပြုံးကြည့်ပြီးတော့ ဆရာတော်ဘုရားကပဲ ဘုန်းကြီးကို နှုတ်ဆက် တယ်။

``သီတဂူဆရာတော်... တရားဟောရာက ပြန်လာပြီလား။?''

``မှန်ပါ့ ပြန်လာပါပြီ ဘုရား''

``ဆရာတော်ဘုရား... တပည့်တော် တစ်ခုလေး မေးပါရစေ၊ ဆရာတော်ဘုရားမှာ ပင်ပန်းဆင်းရဲတာ ဘာများရှိပါသလဲဘုရား။?''

ဒီတစ်ခွန်းပဲ မေးကြည့်လိုက်တယ်။ ဆရာတော်ဘုရားက မိန့်မိန့်ကြီး ပြန်ပြုံးပြီးတော့...

``ဘာမှ ပင်ပန်းတယ်လို့ မရှိဘူး၊ အားလုံးသက်သာတယ်၊ နေကောင်းတယ်'' ဆိုပြီး ပြုံးနေတယ်။

ပြီးတော့ တစ်ခွန်း ပြောသေး တယ်။

``ဒီအချိန်မှာ အလုပ်ပိုပြီးတော့ လုပ်ရမယ့် အချိန်မို့လို့ တို့များ

အသက် ဖြည်းဖြည်းကလေး ရှူနေတယ်'' လို့ ဒီလိုလေး မိန့်တယ်။ ချက်ခြင်းပဲ မဟာသတိပဋ္ဌာန်သုတ်ကို သွား သတိရတယ်။ မဟာသတိပဋ္ဌာန်သုတ်မှာ မိန့်ထားတာရှိပါတယ်။

**ဒီဃံ ဝါ အဿသန္တော ''ဒီဃံ အဿသာမိ''တိ ပဇာနာတိ၊**

**ဒီဃံ ဝါ ပဿသန္တော ''ဒီဃံ ပဿသာမိ''တိ ပဇာနာတိ။**

(သုတ်မဟာဝါ၊ မဟာသတိပဋ္ဌာနသုတ္တန်၊ ပါ၊ နှာ၊ ၂၃၁)

ဒီပါဠိတော်ကြီး ဘုန်းကြီးခေါင်းထဲ ချက်ချင်းရောက်လာတာနဲ့ ဆရာတော်ဘုရားကြီးကို လက်အုပ်ချီပြီးတော့ လျှောက်လိုက်တယ်။

''ဆရာတော်ဘုရား...အသက်ကို ဖြည်းဖြည်းလေး ရှူပြီးတော့ အလုပ်လုပ်နေတယ်ဆိုတာဟာ အခု တပည့်တော်ရွတ်ဆို လျှောက်ထားလိုက်တဲ့ မဟာသတိပဋ္ဌာန်သုတ်ပါဠိတော်ကြီးနဲ့ တစ်ညီတစ်ညွတ်ထည်း တစ်ထပ်ထည်းပေါ့ ဘုရား'' လို့ဆိုတော့...

''အေး...အေး'' လို့ ဖြည်းဖြည်းလေး နှစ်ခွန်းပြောပြီးတော့ နည်းနည်းလေး ပြုံးပြီးတော့ မျက်လုံး ပြန်မှိတ်သွားတယ်။ နောက်ထပ် ဘာမှ မပြောတော့ဘူး။ အဲဒါကြောင့် ဆရာတော်ဘုရားကြီးအတွက် ဘာမှ စိုးရိမ်ပူပန် စရာမရှိကြောင်း ဒီနေ့ အခမ်းအနားမှာ ပြောပြခွင့်ရလိုက်တဲ့အတွက် စိတ်ထဲမှာ သိပ်ပြီးတော့ ရှင်းသွားပါတယ်၊ နောက်မှဆို မပြောပြလိုက်ရဘဲ ကျန်ရစ်ခဲ့မှာ စိုးရတယ်။

**အသလ္လီနေန**၊ တွန့်ဆုတ်ခြင်းအလျဉ်းမရှိတဲ့ အလွန့်အလွန် ကြည်လင်ရွှင်ပြနေတဲ့။ **စိတ္တေန(စေတသာ)**၊ စိတ်တော်ဖြင့်။ **ဝေဒနံ**၊ ကာယိကဒုက္ခဝေဒနာကို။ **အဓိဝါသယိ**၊ သည်းခံတော်မူခဲ့ရှာတယ်။

**ပဇ္ဇောတဿ**၊ အလျှံတပြောင်ပြောင် တောက်လောင်နေတဲ့ မီးပုံကြီး၏။ **နိဗ္ဗာနံ ဣဝ**၊ ငြိမ်းချမ်းသွားသလိုပါပဲ။ **နိဗ္ဗာတိ**၊ သံသရာ စက်ရဟတ် အဆက်ပြတ်သဖြင့်။

"မိမိယုံကြည်သလို ပူဇော်ခွင့်ပေးတဲ့အတွက် အားလုံးကို ကျေးဇူး တင်ရှိကြောင်းပါ။ အားလုံးသော ဆရာတော်များကလည်း ဒီစကားများ လျှောက်ကြားတာကို ခွင့်ပြုတော်မူကြတယ်" လို့ ဘုရား တပည့်တော် ဒီလိုပဲ ယုံကြည်ပါတယ် ဘုရား။

**နိဗ္ဗာတိ**၊ သံသရာစက်ရဟတ် အဆက်ပြတ်သဖြင့် ဇာတ်စုံ ချုပ်ငြိမ်း၍ ရုပ်သိမ်းတော်မူခဲ့ပြီဘုရား။

သာဓု...သာဓု...သာဓုပါ ဘုရား

**စေတသော**၊ စိတ်တော်၏။ **ဝိမောက္ခော**၊ သုခဝေဒနာမှာ ရာဂနဲ့ ကပ်ငြိခြင်း, ဒုက္ခဝေဒနာမှာ ဒေါသနဲ့ ကပ်ငြိခြင်း ဆိုတဲ့ အစွန်းနှစ်ဖက် ကပ်ငြိခြင်း နှစ်မျိုးတို့မှ။ (လောက သဘာဝက သုခဝေဒနာဆိုရင် ရာဂနဲ့ ကပ်ငြိတတ်ပါတယ်၊ ဒုက္ခဝေဒနာဆိုရင် ဒေါသ သောကနဲ့ ကပ်ငြိ တတ်ပါတယ်၊ ကပ်ငြိတတ်တဲ့ အဲဒီ သဘာဝ အစွန်းနှစ်ဖက်မှ) **ဝိမောက္ခော**၊ ကောင်းစွာမသွေ့, လွတ်မြောက်တော်မူခဲ့ပြီဘုရား။

သာဓု...သာဓု...သာဓုပါ ဘုရား

အဲဒါကြောင့် ဘုန်းကြီး နိဂုံးချုပ်ပါတယ်။ မြတ်စွာဘုရားက နောက်ဆုံးနေ့မှာ အရှင်အာနန္ဒာကို မိန့်တယ်။

**အလံ အာနန္ဒ မာ သောစိ၊ မာ ပရိဒေဝိ**

''ချစ်သားအာနန္ဒာ...ငါဘုရားရှင်ရဲ့ စိတ်တော်ဟာ ဒီလို သဘောရှိတဲ့အတွက်ကြောင့် စိုးရိမ်ပူဆွေး ငိုကြွေးလို့များ မနေလိုက်ကြနဲ့။''

**နနု ဧတံ အာနန္ဒ မယာ ပဋိကစ္စေဝ အက္ခာတံ။**

''ချစ်သားအာနန္ဒာ...ငါ အစောကြီးကတည်းက ဟောထားခဲ့ပြီးပြီ မဟုတ်ပါလား။'' (ဆရာတော်ဘုရားကြီးလည်း ကျမ်းစာအုပ်ပေါင်း (၃၆)အုပ်နဲ့ ဟောထားခဲ့ပြီးပြီ မဟုတ်ပါလား။ အမျိုးအစားပေါင်းတော့ (၃၆)မျိုးပေ့ါ၊ အုပ်ရေအားဖြင့်တော့ (၄၀)ကျော် ရှိပါတယ်။)

**သဗ္ဗေဟေဝ ပိယေဟိ မနာပေဟိ နာနာဘာဝေါ ဝိနာဘာဝေါ၊ အညထာဘာဝေါ၊ တံ ကုတေတ္ထ အာနန္ဒ လဗ္ဘာ။**

''ချစ်သားအာနန္ဒာ...ချစ်အပ်, ခင်အပ်, နှစ်သက်အပ်တဲ့ အရာဝတ္ထုတွေ, သတ္တဝါ, သင်္ခါရတွေနဲ့ အသက်ရှင်ဆဲလည်း ခွဲခွာရမယ်၊ သေလို့လည်း ခွဲခွာရမယ်၊ ဘဝခြားလို့လည်း ခွဲခွာကြရမယ် ဆိုတာ ငါဘုရား အစောကြီးကထည်းက ဟောထားပြီးပြီ၊ မဟုတ်ပါလား။ မခွဲခွာရအောင် ဘယ်သူတတ်နိုင်မလဲ အာနန္ဒာ။ ဒါ ဖြစ်ရိုးတံထွာ ဓမ္မတာပဲ။''

**ယံ တံ ဇာတံ ဘူတံ သင်္ခတံ ပလောကဓမ္မံ၊**

**တံ ဝတ တထာဂတဿာပိ သရီရံ မာ ပလုဇ္ဇီတိ နေတံ ဌာနံ ဝိဇ္ဇတိ။**

အကြောင်းအရာတွေ ပေါင်းစုံလို့ ဖြစ်လာတဲ့ ဒီခန္ဓာ အကျိုးတရားတွေ ထင်ရှားဖြစ်ပေါ်နေတဲ့ ဒီခန္ဓာ မျက်မှောက်ဘဝမှာ ကံ, စိတ်, ဥတု, အာဟာရတွေနဲ့ ထိန်းထားတဲ့ ဒီခန္ဓာမှာ ပျက်စီးခြင်းသဘောရှိတယ်ဆိုတာကို အစောကြီးကတည်းက ငါဘုရား ဟောထားခဲ့ပြီးပြီ မဟုတ်ပါလား။

ဖြစ်, ပျက်, ဓမ္မ, သင်္ခါရတွေထဲမှာ တစ်ခုအပါအဝင်ဖြစ်တဲ့ ငါဘုရားရဲ့ ခန္ဓာကိုယ်ဟာလည်း တစ်နေ့တော့ ပျက်မှာပဲ အာနန္ဒာ။ ''တစ်ခြား ခန္ဓာတော့ ပျက်ပစေ၊ ငါဘုရား ခန္ဓာတော့ မပျက်ဘဲ ကျန်စေ'' ဒီလို စိတ်ကူး အကြံအစည်မျိုးဟာ ဘယ်လိုမှ မဖြစ်နိုင်ဘူး။

**ဒီဃရတ္တံ ခေါ တေ အာနန္ဒ တထာဂတော ပစ္စုပဋ္ဌိတော မေတ္တေန ကာယကမ္မေန (ဝစီကမ္မေန, မနောကမ္မေန) ဟိတေန သုခေန အဒွယေန အပ္ပမာဏေန။**

''ချစ်သားအာနန္ဒာ...သင်တို့ တစ်တွေဟာ မေတ္တာ ကာယကံ, မေတ္တာဝစီကံ, မေတ္တာမနောကံ အပြည့်အဝနဲ့ ငါဘုရားကို အကုန်လုံး ပြုစုခဲ့ကြပြီးပြီ။''

(ဘုန်းကြီးတို့ ဆရာတော်ဘုရားကြီးကိုလည်း ဒကာ ဒကာမတွေရော တပည့်သံဃာတော်တွေရော နိုင်ငံတော်အစိုးရပါ အားလုံး ပူးပေါင်းပြီးတော့ နှစ်လုံးနှစ်ခွသဘော မပါဝင်ဘဲ မေတ္တာကာယကံ, မေတ္တာဝစီကံ, မေတ္တာမနောကံတွေနဲ့ ကိုယ်စွမ်းရှိသလောက် ဉာဏ်စွမ်းရှိသလောက် အားကုန်ထုတ်ပြီး အစွမ်းကုန် တကယ့်ကိုပဲ ပြုစုခဲ့ကြပြီးပြီ မဟုတ်ပါလား။)

**ကတပုညောသိ တွံ အာနန္ဒ၊ ပဓာန မနုယုဥ္ဇ။**


"ချစ်သားအာနန္ဒာ...သင်တို့တစ်တွေဟာ ငါဘုရားအပေါ်မှာ ဒီ လောက် ပြုစုလိုက်ကြတဲ့အတွက် ကုသိုလ်အစုအပုံကြီး ရလိုက်ပါပြီ။ ငါကဲ့သို့သော ပုဂ္ဂိုလ်မျိုးကို ပြုစုစောင့်ရှောက်ကြရတာဟာ အကျိုးမပြီး အချည်းနှီး မဟုတ်ပါဘူး။

အလွန်တရာ ကြီးကျယ်များမြတ်တဲ့ အကျိုးကျေးဇူးတွေ ရလိုက် ကြပါပြီ၊ အဲဒါကြောင့် ကိုယ့် တကယ်လုပ်ရမယ့် ပဓါနအလုပ်ကိုသာ ကြိုးစားပေတော့ အာနန္ဒာ"။

**သာဓဝေါ၊** နှလုံးပျော့ပြောင်း သူတော်ကောင်းတို့။

**တုမ္ဟေ၊** သင်တို့တစ်တွေသည်၊ **ဣမသ္မိံ ဓမ္မဝိနယေ၊** တရားသဖြင့် ဆုံးမအပ်ရာ ဘုရားရှင်ရဲ့ သာသနာတော်မှာ။ **ပဓာနံ၊ (ပဓာနကမ္မံ)၊** မိမိတို့ တကယ်လုပ်ကြရမယ့် သီလ, သမာဓိ, ပညာဆိုတဲ့ လုပ်ငန်းကြီး (၃)ရပ်တို့ကို။ **အနုယုဥ္ဇ (အနုယုဥ္ဇထ)၊** အဖန်ဖန်တလဲလဲ, ကောင်းစွာ မသွေ, အားထုတ်တော် မူနိုင်ကြပါစေကုန်သတည်း။

သာဓု...သာဓု...သာဓုပါ ဘုရား



အန္တိမစျာပနအခမ်းအနား ကျင်းပရာ နေ့လည်ခင်း၌ သီတဂူ ဆရာတော် ဟောကြားအပ်သော သောကပြေစာတမ်း ပြီးပါပြီ။

မလ္လမင်းတို့၏ ကုသိနာရုံမြို့တော်အတွင်း

အင်ကြင်းပင်ပျိုတို့၏ အောက်

မြောက်အရပ်သို့ ဦးခေါင်းထားလျက်

ပရိနိဗ္ဗာန် ဝင်စံကြွသွားခါနီး

ဘုရားရှင်ကိုယ်တော်မြတ်က အရှင်အာနန္ဒာအား

ဟောကြားတော်မူခဲ့သည့်

# မမေ့အပ်သော လေးနေရာ

**(သံဝေဇနီယသုတ္တန် တရားတော်)**

နှင့်

၁၃၅၄–ခုနှစ်၊ နယုန်လဆုတ်(၁၃)ရက်၊

၁၉၉၂–ခုနှစ်၊ ဇွန်လ(၂၈)ရက်

အမေရိကန်နိုင်ငံ၊ ကာလီဖိုးနီးယားပြည်နယ်၊ လော့(စ်)အင်ဂျလိ(စ်)မြို့၊

အဖူဇာရပ်ကွက်၊ ဗြဟ္မဝိဟာရကျောင်းတိုက်၌

စစ်ကိုင်းရွှေဟင်္သာဆရာတော်ဘုရားကြီးအား ရာပြည့်အကြို

ပူဇော်ပွဲ ပြုလုပ်ရာ၌ သီတဂူဆရာတော် ဟောကြားအပ်သော

# သံဃာ့ဂုဏ်ရည်

**(စူဠသုဘဒ္ဒါသုတ္တန် တရားတော်)**

စာ နှစ်အုပ် မကြာမီ ထွက်ပါတော့မည်။

ရွှေဟင်္သာ အမှတ်တရစာစဉ်–၄

## အရှင်ဇာဂရာလင်္ကာရ (ခင်ကိုင်း ရွှေဟင်္သာ)

## ၏

## ရေးသားပြုစု ထုတ်ဝေပြီး စာအုပ်များ

၁။ **ပုလဲရတနာ ဓမ္မစာ**

(လက်ရွေးစင် ဘာသာရေးဆောင်းပါး အပုဒ်(၃၀) စုစည်းမှု)

၂။ **ဝိနည်းမဟာဝါ ခက်ဆစ် နိဿယကျမ်း**

(အစိုးရနိကာယ် စာမေးပွဲနှင့် သာမဏေကျော် စာမေးပွဲများအတွက် ရေးသားပြုစုထားသည့်စာအုပ်)

၃။ **ဘဝလမ်းညွှန် လက်ဆောင်မွန်**

(အရှင်ဇနကာဘိဝံသ၏ အဆိုအမိန့်များ အတွဲ-၁)

၄။ **ဘဝလမ်းညွှန် အဆိုအမိန့်များ**

(အရှင်ဇနကာဘိဝံသ၏ အဆိုအမိန့်များ အတွဲ-၂)

**စီစဉ်တည်းဖြတ်ထုတ်ဝေပြီး စာအုပ်များ**

၅။ **သီတဂူဆရာတော်၏ ကဿပဂုဏ်ရည်** (ရွှေဟင်္သာရာပြည့်)

၆။ **သီတဂူဆရာတော်၏ တရားအောင်သူတို့အကြောင်း** (ရွှေဟင်္သာ-၁၀၁)

၇။ **သီတဂူဆရာတော်၏ ပညာရှိတစ်ဆူကို ပူဇော်ခြင်း** (ရွှေဟင်္သာ-၁၀၄)

၈။ **သီတဂူဆရာတော်၏ ဝေဒနာကို သည်းခံခြင်း** (ရွှေဟင်္သာရွာပန)

သောကဆိုတဲ့ မြားတံတွေ ရင်ဝမှာ အစူးခံရတာများ ရှိခဲ့ကြရင် ဒီဓမ္မတွေနဲ့ အဲဒီသောကမြားတံတွေကို ပယ်နှုတ်ပြီးတော့ နှလုံးသားထဲမှာ ပီတိ ပါမောဇ္ဇတွေ ဖြစ်လာအောင် နှလုံးစိတ်ဝမ်း အေးချမ်းတဲ့ အခံဓာတ်တွေ ဖြစ်လာအောင် လုပ်ကြရမှာပါ။

သင်္ခါရတရားမှန်ရင် ပျက်စီးမှာပဲ၊ အဲဒီလိုပျက်စီးတတ်တဲ့ သင်္ခါရတွေထဲမှာ မြတ်စွာဘုရားရှင်ရဲ့ ခန္ဓာကိုယ်လည်း ပါဝင်တဲ့အတွက်ကြောင့် မြတ်စွာဘုရားလည်း ပရိနိဗ္ဗာန်ဝင်စံတော်မူရတယ်။ ဒါမှလည်း သင်္ခါရဓမ္မတွေဟာ သဘာဝကျကျ ညီညွတ်မျှတမှာပေါ့။

“အနှစ်သာရရှိတဲ့အလုပ်တွေပဲ ရွေးလုပ်ကြ၊ ပဓာနကျတဲ့ အလုပ်တွေပဲ ရွေးလုပ်ကြ“လို့ နောက်ဆုံးအနေနဲ့ မှာတော်မူခဲ့တယ်။

မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန် ဝင်စံတုန်းကလို မြေကြီး မတုန်လှုပ်ပေမယ့် တပည့်တွေအားလုံးရဲ့ နှလုံးသားထဲမှာတော့ လှုပ်သွားကြမှာပါပဲ၊ မြေကြီး တုန်လှုပ်တာထက် နှလုံးသား တုန်လှုပ်တာက ပိုပြီးတော့ အခံရခက်ပါတယ်။

ကျင့်စဉ်အနေနဲ့ , ဉာဏ်အနေနဲ့ , ခန္ဓာကိုယ်ရဲ့ကျက်သရေအနေနဲ့ ဒီလောက်တောင် အထွတ်အထိပ်သို့ရောက်တော်မူတဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကိုသော်မှ သေမင်းက ချန်မထားဘူးဆိုတော့ ဒါဟာ အင်မတန် ရက်စရာ၊ ကြောက်စရာကောင်းတဲ့ ကိစ္စပါပဲ။

A - Group Computer Brush Work
Than Myint Aung